www.burmeseclassic.com

# ဆရာကြီး မင်းသိင်္ခ ၏

လျှို့ဝှက်နက်နဲသော

# မျက်နှာကဲခပ်ဗေဒင်

ဒုတိယအကြိမ်




ရှာဖွေစုဆောင်းတင်ပြသူ

**ဝင်းဇော် (သစ်တော)**

2017 Design : Aye Chan Maung

www.burmeseclassic.com

www.burmeseclassic.com

# မျက်နှာကဲခပ်ဗေဒင်

## မာတိကာ


| | |
|---|---|
| မျက်လုံး | ၁ |
| မျက်ခုံးမွေး | ၁၈ |
| နဖူး | ၂၇ |
| နှာခေါင်း၊ နှာတံ | ၄၄ |
| နှုတ်ခမ်း | ၅၆ |
| သွား | ၆၇ |
| မေးစေ့ | ၇၂ |
| ပါးပြင် | ၉၈ |
| နား | ၁၀၄ |
| မှည့် | ၁၁၄ |
| မျက်နှာလေးမျိုး | ၁၁၇ |
| မျဉ်းကြောင်းပုံ (Trigrams) သင်္ကေတ | ၁၃၅ |


BURMESE CLASSIC .com



## 'အမှာစာ'

**'မျက်နှာကဲခပ်ဗေဒင်'** ပညာကို ကျွန်ုပ်တစ်ဦးတည်းကိုသာ ကျွန်ုပ်၏ အစ်ကိုကြီးမင်းသိခ်ကသင်ကြားပေးခဲ့ခြင်းဖြစ်ပါသည်။ ဗေဒင်သင်တန်းပေါင်းများစွာ ဖွင့်လှစ်ခဲ့ပြီး ဗေဒင်တပည့်ပေါင်းများစွာ မွေးထုတ်ခဲ့ပါသော်လည်း အကြောင်းမတိုက်ဆိုင်ခဲ့သောကြောင့် **'မျက်နှာကဲခပ်ဗေဒင်'** ပညာကို မည်သည့်တပည့် တစ်ဦးတစ်ယောက်ကိုမျှ သင်ကြားပို့ချပေးခဲ့ခြင်းမရှိခဲ့ပါ။

**'မျက်နှာကဲခပ်ဗေဒင်'** ပညာကို အစ်ကိုကြီးမင်းသိခ်က ကျွန်ုပ်အားသင်ကြားပို့ချစဉ်အခါက ကျမ်းကိုးစာအုပ်စာတမ်းများ မရှိခဲ့ပါ။ နှုတ်တိုက် သင်ကြားပို့ချသည်ကို ကျွန်ုပ်က မှတ်စုထုတ်ပြီး လိုက်လံမှတ်သားခဲ့ရပါသည်။

၂၀၀၅ခုနှစ်၊ ဧပြီလဆန်းပိုင်း၏ နေ့တစ်နေ့မှာ အစ်ကိုကြီးမင်းသိခ်က ကျွန်ုပ်အား . . .

"ဝင်းဇော် . . . ရှစ်လေးလုံးအရေးအခင်းပြီးတော့ ကိုစိုးအိမ်မှာ ငါပုန်းနေတုန်းက မင်းကို ငါ သင်ပေးခဲ့တဲ့ **'မျက်နှာကဲခပ်ဗေဒင်'** နဲ့ ပတ်သက်တဲ့ မင်းရေးထားတဲ့ မှတ်စုတွေရှိသေးလား။ အဲဒီ . . . မှတ်စုကိုပြန်ပြီးဖတ်ပါ။ လိုအပ်တဲ့ အပိုင်းတွေမှာ ဖြည့်စွက်ပြီးရေးပါ။ ကိုးကားဖို့ . . . မှီငြမ်းဖို့ စာအုပ်တွေကိုတော့ မင်းဘာသာ မင်းရှာပါ။ ငါ့ပညာအမွေကို မင်းတစ်ယောက်တည်း ရနေသလိုဖြစ်နေတယ်။ ဒါ့ကြောင့် . . . **'မျက်နှာကဲခပ်ဗေဒင်'** စာအုပ်တစ်အုပ်ဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ရေးပါ။ ငါ့ . . ဗေဒင်သင်တန်းတွေမှာလည်း
မင်းအားရင် . . မင်းတွေ့ထားတဲ့ 'တားရော့ဒ်'
ရဲ့ လျှို့ဝှက်ချက်တွေနဲ့ **'မျက်နှာကဲခပ်ဗေဒင်'** ကို
လာသင်ပေးပါ။"

ဟုပြောခဲ့၏။ ကျွန်ုပ်သည် စာရေးရမည်ကို ဝါသနာမပါသလို၊ စာသင်ရသည့်အလုပ်ကိုလည်း စိတ်ဝင်စားမှုမရှိသောကြောင့် **'မျက်နှာကဲခပ်ဗေဒင်'** စာအုပ်ကို မရေးဖြစ်ခဲ့ပါ။ အစ်ကိုကြီးမင်းသိခ်၏ ဗေဒင်သားတပည့်များကိုလည်း 'တားရော့ဒ်' ၏ လျှို့ဝှက်ချက်များနှင့် **'မျက်နှာကဲခပ်ဗေဒင်'** ကို သွားရောက် သင်ကြားပေးခဲ့ခြင်း မပြုခဲ့ပါ။

၂၀၁၂ခုနှစ်၌ ပုဂံကို ကျွန်ုပ်ဘုရားဖူးထွက်တုန်း . . . အိပ်မက် မက်ပါသည်။ သူ့တပည့်တွေအတွက် **'မျက်နှာကဲခပ်ဗေဒင်'** စာအုပ်ရေးဖို့ အစ်ကိုကြီးမင်းသိခ်က ကျွန်ုပ်အားလာရောက် သတိပေးသည်ဟု အိပ်မက် မက်ခဲ့ပါသည်။ နောက်တစ်နေ့နံနက် မိုးလင်းသည်နှင့် ညကမက်ခဲ့သော အိပ်မက်ကို အလွန်အမင်း ယုံကြည်သည်မဟုတ်သော်လည်း ကျွန်ုပ်၏ အစ်ကိုကြီးမင်းသိခ်၏ ဆန္ဒအတိုင်း သူ၏တပည့်များကို ပညာဖြန့်လိုသောဆန္ဒကို ဦးစီးဦးဆောင်တတ်ပြီး **'မျက်နှာကဲခပ်ဗေဒင်'** ပညာစာအုပ်ရေးတော့မည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါတော့သည်။

ဝင်းဇော် (သစ်တော)








"လူတစ်ယောက်ရဲ့မျက်လုံးတွေကိုကြည့်ပြီး
. . . အဲဒီလူ ကံကောင်းနေတယ်။
ကံဆိုးနေတယ်ဆိုတာကို
ခွဲခြားပြီးသိနိုင်တယ်။"



www.burmeseclassic.com

www.burmeseclassic.com






"လူတစ်ယောက်ရဲ့မျက်လုံးတွေကိုမြင်တာနဲ့
အနုပညာနဲ့ အောင်မြင်ကျော်ကြားမယ်။
မအောင်မြင် မကျော်ကြားဘူးလို့
ဟောကိန်းထုတ်နိုင်တယ်။"







"ဝန်းဝိုင်းတဲ့ . . ဒါမှမဟုတ် . . ပြေပြစ်တဲ့
လေးထောင့် 'မေးစေ့' မျိုးရှိတဲ့သူဟာ
အိုဇာတာအလွန်ကောင်းတယ်။"





www.burmeseclassic.com

www.burmeseclassic.com





"ရှေးလူကြီးတွေဟာ
. . လူစိမ်းတစ်ယောက်ကိုမြင်လျှင်မြင်ခြင်း
အဲ့ဒီလူစိမ်းရဲ့ အရည်အချင်းနဲ့ အရည်အသွေးကို
သိချင်တဲ့အခါမှာ 'နဖူး'ကိုကြည့်ပြီး
အကဲခပ်ဆုံးဖြတ်ချက်ချကြတယ်။"







"လူတစ်ယောက်ရဲ့မျက်နှာပေါ်က
နှာတံ(နှာခေါင်း)ဟာ အဲ့ဒီလူရဲ့
အလုပ်အကိုင်နဲ့ ငွေကြေးမနေ
အခြေအနေကို ဖော်ပြလေ့ရှိတယ်။"



www.burmeseclassic.com

www.burmeseclassic.com





“နွေလိပ်တဲ့ဆံပင်မျိုးရှိတဲ့သူတွေကတော့
. . . အလှအပကို မက်မောတွယ်တာလွန်းတယ်။
တေးဂီတကိုမြတ်နိုးတယ်။ ဝါသနာထုံတယ်။
တေးဂီတနယ်ပယ်မှာ ထင်ရှားကျော်ကြား
အောင်မြင်တတ်တယ်။”







“မိမိရဲ့ချစ်သူက မိမိထက်ပိုမိုပြီး
ပါးပြင်က ပြည့်တင်းမို့မောက်နေရင်
မိမိအပေါ် လွှမ်းမိုးမှုရှိလိမ့်မယ်။”



www.burmeseclassic.com

www.burmeseclassic.com




"အဲဒီလို . . . နှုတ်ခမ်းပိုင်ရှင်လည်းဖြစ်
အမျိုးသမီးလည်းဖြစ်မယ်ဆိုရင်တော့
. . . အချစ်ကြီးသလို၊ အမျက်လည်းကြီးလိမ့်မယ်။"




"ဝန်ထမ်းကောင်းတွေ၊
မန်နေဂျာကောင်းတွေရွေးတဲ့အခါမှာ
ဘွဲ့လက်မှတ်တွေ၊ အရည်အချင်းပြ
စာရွက်စာတမ်းတွေကိုကြည့်ပြီး
ရွေးမယ်ဆိုရင် "လူတော်" ဘဲရမယ်။
"လူကောင်း" ဖြစ်ချင်မှဖြစ်မှာပါ။
"လူတော်" ပြီး "လူမကောင်း" ရင်
အလကားဘဲ။ 'မျက်နှာကဲခပ်ဗေဒင်'နဲ့
အထောက်အကူပြုပြီးရွေးမှ
"လူကောင်း" ရမှာပါ။"



www.burmeseclassic.com

www.burmeseclassic.com





"ဂမ္ဘီရပညာ၊ လောကီပညာရပ်တွေကို
လေ့လာလိုက်စားအားထုတ်ခံရင်လည်း
အဲဒီလို 'နှုတ်ခမ်း' မျိုးရှိတဲ့ ပုဂ္ဂိုလ်တွေက
ပိုပြီး ပေါက်ရောက်ဖြစ်ထွန်းကြတယ်။
စစ်ဘက်မှာ အမှုထမ်းရင်လည်း
ရာထူးကြီးကြီးမားမားရလိမ့်မယ်။"





ကြာခဲ့ပါပြီ။ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ကျော်ကြာခဲ့ပါပြီ။ သို့သော် . . . ထိုနေ့ကို ကျွန်ုပ်ကောင်းစွာမှတ်မိနေ၏။ **၁၉၈၉ ခုနှစ်၊ ဇန်နဝါရီလ၊ ၇ ရက်၊ စနေနေ့။** ကျွန်ုပ်၏ အစ်ကိုကြီး မင်းသိမ်ခ် ရန်ကုန်မြို့တစ်နေရာမှာ ရှောင်တိမ်းပုန်းခိုနေရသော အချိန်ဖြစ်ပါသည်။ ၁၉၈၈ခုနှစ်မှာ ပေါ်ပေါက်ခဲ့သည့် 'ရှစ်လေးလုံး' အရေးအခင်းကို လှုံ့ဆော်သူတစ်ဦးအဖြစ်သတ်မှတ်ပြီး အာဏာသိမ်းယူခဲ့သောစစ်အစိုးရက မြန်မာပြည်အနှံ့မှာ ပိုက်စိပ်တိုက်ပြီး လိုက်လံရှာဖွေနေသော အချိန်လည်းဖြစ်၏။ ကျွန်ုပ်သည် အစ်ကိုကြီး မင်းသိမ်ခ် ပုန်းခိုသည့်နေရာသို့ သွားရောက်ပြီး ဆေးနှင့်အသုံးအဆောင် အသေးအဖွဲ့ပစ္စည်းများကို ပို့ရလေ၏။ ထိုကဲ့သို့ ကျွန်ုပ်သည် ကျွန်ုပ်၏အစ်ကိုကြီးမင်းသိမ်ခ်နှင့် သွားရောက်တွေ့ဆုံသောနေ့ရက်ပေါင်းများစွာရှိသော်လည်း ထိုနေ့တစ်နေ့ကိုမှ မှတ်မှတ်ရရဖြစ်နေခြင်းမှာ ထိုနေ့က ကျွန်ုပ်အား FACE READING ခေါ် **မျက်နှာကဲခပ်ဗေဒင်** ပညာကို သင်ပေးသောကြောင့် ဖြစ်၏။

အစ်ကိုကြီး။ ။ ဝင်းဇော် . . . ငါဒီလိုဘဲပုန်းအောင်းနေရင် ရေရှည်မှာ ကျန်းမာရေးညံ့ပြီး လုံးပါးပါးသွားလိမ့်မယ်။ ငါ . . . ဗေဒင်နဲ့ရက်ရွေးပြီး အဖမ်းခံလိုက်တော့မယ်။ ငါ့ဇာတာကို ငါတွက်ထားပြီးပြီ။ ငါ့ကို သူတို့ထောင်ချထားခဲ့ရင် အလွန်ဆုံးကြာ သုံးနှစ်နဲ့ လစွန်းစွန်းဘဲရှိမှာပါ။ ထိပ်ဆုံးတစ်ယောက်ရာထူးက ဖယ်ရှားခံရပြီးရင် ငါလွတ်မယ်။ အဲဒီ အချိန်[illegible] နှစ်မှာ . . . မင်းဘဲငါ့ဗေဒင် ဟော[illegible]မှာ ဗေဒင်ဆက်ဟောနေပါ။ ဆယ်ရ[illegible] . . ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်လောက်ဘဲ အချိန်ရမယ်ထင်ပါတယ်။ ငါ . . အဖမ်းမခံရခင်မှာ **'မုခသျှတ္တရ'** လို့ခေါ်တဲ့ **'မျက်နှာကဲခပ်ဗေဒင်'** ကိုသင်ပေးခဲ့မယ်။ အင်္ဂလိပ်လိုတော့ အဲဒီ **'မျက်နှာကဲခပ်ဗေဒင်'** ပညာကို **Physiognomy** လို့ခေါ်တယ်။ **(FACE READING)** လို့လည်းခေါ်တယ်။ တရုတ်လူမျိုးတွေရဲ့ ဗေဒင်ကျမ်းတွေထဲမှာလည်း **'မျက်နှာ ကဲခပ်ဗေဒင်'** ပညာပါတယ်။ **Xiang** လို့ခေါ်တယ်။ တရုတ် **'မျက်နှာ ကဲခပ်ဗေဒင်' Xiang** က ပိုခက်ခဲတယ်။ မင်းကိုတော့ . . . လူ တစ်ယောက်ရဲ့ မျက်နှာကိုကြည့်ပြီး ဗေဒင်ဟောနိုင်အောင် အလွယ်ဆုံး၊ အရှင်းဆုံးနည်းနဲ့ **'မျက်နှာကဲခပ်ဗေဒင်'** ပညာကို ပေးလိုက်မယ်။ စာအုပ်စာတမ်းတွေလည်း ပါမလာတော့ . . ငါ မှတ်မိသလောက်ဘဲ . . . မင်းကို သင်ပေးလိုက်မယ်။

ကျွန်ုပ်။ ။ ကျွန်တော်တို့ ညီအစ်ကို မောင်နှမခြောက်ယောက်ထဲမှာ . . . အစ်ကိုက မှတ်ဉာဏ်အကောင်းဆုံးပါ။ အစ်ကိုက ဆယ့်ငါးနှစ်သားလောက်က ဖတ်ခဲ့ဖူးတဲ့ ဝတ္ထုတွေကိုတောင် ဒီနေ့အထိ လုံးစေ့ပတ်စေ့ အသေးစိပ် ပြောပြနိုင်သေးတာဘဲ . . ။ ကျွန်တော်ကတော့ . . . မှတ်ဉာဏ်အနည်းဆုံးဘဲ။





အစ်ကိုကြီး။ ။ မှတ်ဉာဏ်မကောင်းတော့ . . မင်းပါလာတဲ့ မှတ်စုစာအုပ်ထဲမှာ လိုက်ပြီးရေးမှတ်ထားလိုက်ပေါ့ကွာ . . . ။

ကျွန်ုပ်။ ။ ဟုတ်တယ် . . . ကျွန်တော့်မှာ မှတ်စုစာအုပ်ပါလာတယ်။ မှတ်စုစာအုပ်ထဲမှာ လိုက်ပြီးရေးထားလိုက်မယ်။

အစ်ကိုကြီး။ ။ လူတစ်ယောက်ရဲ့ မျက်နှာကိုကြည့်ပြီး . . . အဲဒီလူရဲ့ စိတ်နေသဘောထား ဘယ်လိုရှိတယ်ဆိုတာကို သိချင်ရင်တော့ . . . အဲဒီလူရဲ့ မျက်လုံးတွေကိုကြည့်ပြီး ဆုံးဖြတ်ရလိမ့်မယ်။ လူတစ်ယောက်ရဲ့ မျက်လုံးတွေက အဲဒီလူရဲ့ စိတ်နေသဘောထားကို ဖွင့်ပြတယ်။ သနားကြင်နာခြင်း၊ ရက်စက်ခြင်း၊ မာနတံခွန်လွှင့်ထူခြင်း၊ စိတ်ပျော့ညံ့သိမ်ငယ်ခြင်း၊ ပျူငှာခြင်း၊ စိမ်းကားခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ဥပေက္ခာပြုခြင်း၊ ရန်လိုခြင်း၊ တောင်းပန်အသနားခံခြင်း၊ တပ်မက်ခြင်း၊ ပျော်ရွှင်ခြင်း၊ စိတ်ညစ်ညူးခြင်းစတဲ့ စိတ်ပိုင်းဆိုင်ရာ ပြဿနာမှုတွေကို လူတစ်ယောက်ရဲ့ မျက်နှာပြင်ပေါ်မှာရှိတဲ့ မျက်လုံးတွေကဘဲ ဖွင့်ဟလှစ်ပြသနိုင်တယ်။ ဟုတ်ပြီနော် . . . ။ ဒါကြောင့် . . . **မျက်လုံးတွေကို စိတ်ဝိညာဉ်ရဲ့ ပြတင်းပေါက်များ**လို့ ပြောကြတာပေါ့ကွာ။

ကျွန်ုပ်။ ။ ဟုတ်တယ်အစ်ကို . . ။ လူတစ်ယောက်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးတွေကိုကြည့်ပြီး အဲ့ဒီလူဟာ အောင်မြင်နေတဲ့လူလား၊ ကျရှုံးနေတဲ့လူလားဆိုတာကို ခွဲခြားပြီးသိနိုင်တယ်။

အစ်ကိုကြီး။ ။ မှန်တယ် . . . ။ လူတစ်ယောက်ရဲ့ အောင်မြင်မှုတွေဟာ . . . အဲ့ဒီလူရဲ့ မျက်လုံးတွေမှာ ထင်ဟပ်နေသလို၊ ကျဆုံးမှုတွေဟာလည်း အဲ့ဒီလူရဲ့ မျက်လုံးတွေမှာ ထင်ဟပ်နေတယ်။ ဗေဒင်ဆရာတစ်ယောက်အနေနဲ့ ခံယူထားရမှာက လူတစ်ယောက်အောင်မြင်နေတယ်ဆိုရင် . . . အဲ့ဒီလူဟာ ကံကောင်းနေတယ်။ ကျရှုံးနေတယ်ဆိုရင် အဲ့ဒီလူကံဆိုးနေတယ်။ ဟုတ်ပြီလား . . . ။ အဲ့ဒီတော့ . . ။ **လူတစ်ယောက်ရဲ့ မျက်လုံးကိုကြည့်ပြီး အဲ့ဒီလူကံကောင်းနေတယ်။ ကံဆိုးနေတယ်ဆိုတာကို ခွဲခြားပြီးသိနိုင်တယ်။** ဗေဒင်ဆရာဆိုတာ ကိုယ့်ဆီကို ဗေဒင်လာမေးတဲ့သူရဲ့ ကံကောင်း၊ မကောင်းကို ဗေဒင်ပညာနဲ့တွက်ချက်ပြီး စစ်ဆေးရတယ်မဟုတ်လား။ ဗေဒင်လာမေးတဲ့သူရဲ့ မျက်လုံးတွေကိုကြည့်ပြီး ကံကောင်း၊ မကောင်းသိနိုင်တယ် ဆိုရင်တော့ . . . မွေးနေ့သက္ကရာဇ်တွေကိုတည်ပြီး တွက်နေစရာတောင် မလိုတော့ဘူးလေကွာ။

ကျွန်ုပ်။ ။ မျက်နှာကဲခပ်တတ်ရင် . . လူတစ်ယောက်ရဲ့ စိတ်ခံစားမှုအခြေအနေတွေကိုဘဲ သိနိုင်





တယ်လို့ ကျွန်တော်က ထင်နေခဲ့တာ . . . ခုအစ်ကို ရှင်းပြမှဘဲ . . မျက်နှာကဲခပ်တတ်ရင် လူတစ်ယောက်ရဲ့ ကံကြမ္မာတွေကိုပါ သိနိုင်တယ်ဆိုတာကို နားလည်သဘောပေါက်တော့တယ်။

အစ်ကိုကြီး။ ။ ဒါ့ကြောင့် . . "**မျက်နှာကဲခပ်ဗေဒင်**"ပညာရယ်လို့ ရှိနေရတာပေါ့ကွာ။

ကျွန်ုပ်။ ။ လူတွေရဲ့ မျက်လုံးတွေအကြောင်းကို ဆက်ပြောပြပါဦး . . . ။

အစ်ကိုကြီး။ ။ မျက်လုံးရဲ့အရွယ်၊ ပုံသဏ္ဍာန်၊ တည်နေပုံနဲ့ မျက်လုံးအရောင်တွေဟာ လူတစ်ယောက်နဲ့ တစ်ယောက် မတူကြသလို ထူးခြားတဲ့ အဓိပ္ပါယ်တွေလည်း ဆောင်နေတယ်။

လူတစ်ယောက်ရဲ့ မျက်လုံးကိုကြည့်ပြီး အဲ့ဒီလူရဲ့ စိတ်နေသဘောထားကို အကဲဖြတ်မယ်ဆိုရင်တော့ . . . ပထမဦးဆုံး **မျက်လုံးနှစ်လုံးရဲ့ အကွာအဝေး** ကိုကြည့်ရမယ်။

နီးကပ်စွာရှိနေတဲ့ မျက်လုံးတွေ . . တစ်နည်းပြောရရင်တော့ကွာ . . မျက်လုံးနှစ်လုံးဟာ နှာခေါင်းနဲ့ သိပ်နီးကပ်နေရင် အဲ့ဒီလူဟာ အတ္တကြီးတယ်။ လူမှုဆက်ဆံရေးတွေမှာဈေးတွက်တွက်တယ်။ အမြင်ကျဉ်းလွန်းတယ်။ မိဘနဲ့ ဆွေမျိုးအသိုင်းအဝိုင်းအပေါ် မှာ မီှခိုအားထားမှု လွန်ကဲတယ်။ မိဘနဲ့ ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့ ဂုဏ်အရှိန်အဝါအားကိုးနဲ့ မာန ထောင်လွှားတတ်ကြတယ်။ ကိုယ့်အားကိုယ် ကိုး၊ ကိုယ့်ဒူးကိုယ်ချွန်လိုစိတ် အားနည်း တယ်။ မိမိကိုယ်ကို ယုံကြည်မှုအားနည်း တယ်။ အတိုက်အခံများတဲ့ လုပ်ငန်းတွေကို ရှောင်ရှားတတ်တယ်။ ဖိအားများတဲ့လုပ်ငန်း တွေကို ဆောင်ရွက်တဲ့အခါမှာ လွယ်လွယ်နဲ့ အရှုံးပေးတတ်ကြတယ်။ အရေးမပါတဲ့ ကိစ္စ လေးတစ်ခုကို ရေးကြီးခွင်ကျယ်လုပ်ပြီး အရာအားလုံးကို လက်လွှတ်ခံတဲ့ လူစားမျိုး တွေဖြစ်တယ်။ ခံနိုင်စွမ်းရည်နဲ့ သည်းခံနိုင်မှု အားနည်းတယ်။

ဝေးကွာစွာရှိနေတဲ့ မျက်လုံးတွေ . . တစ် နည်းပြောရရင်တော့ကွာ မျက်လုံးတွေဟာ နှာခေါင်းနဲ့ သိပ်ဝေးနေရင်တော့ . . ကွာ။ အဲ့ဒီလူဟာ . . အမြင်မကျဉ်းဘူး။ အမြော် အမြင်ရှိတယ်။ ဘယ်အလုပ်ကိုဘဲဖြစ်ဖြစ် အေးအေးဆေးဆေးနဲ့ နှေးနှေးကွေးကွေးလုပ် တတ်တယ်။ လူမှုဆက်ဆံရေးကောင်းတယ်။ သဘောထားကြီးပြီး ခွင့်လွှတ်တတ်တယ်။ သည်းခံနိုင်မှုအားကောင်းတယ်။ မိမိကိုယ်ကို ယုံကြည်မှုရှိတယ်။ စိတ်ဓါတ်ခိုင်မာတယ်။ အလုပ်လုပ်ကိုင်ရာမှာ လွပ်လပ်တဲ့စိတ်ကူး စိတ်သန်းမျိုးနဲ့ တီထွင်ဖန်တီးနိုင်စွမ်းရှိတယ်။





ကျွန်ုပ်။ ။ မျက်လုံးနှစ်လုံးရဲ့ သာမန်အကွာအဝေးကို ဘယ်လိုသတ်မှတ်သလဲ . . အစ်ကို။

အစ်ကိုကြီး။ ။ မျက်လုံးတစ်လုံးနဲ့ တစ်လုံးကြားနေရာဟာ မျက်လုံးတစ်လုံးစာသာ ရှိရမယ်။ ဒါဟာ . . လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှာရှိတဲ့ မျက် လုံးနှစ်လုံးရဲ့ သာမန်အကွာအဝေးဘဲ။ လူ အများစုရဲ့ မျက်လုံးတွေရဲ့ အကွာအဝေးဟာ ဒီအတိုင်းပါဘဲ။ ဟုတ်ပြီနော် . . . ။

ကျွန်ုပ်။ ။ လူတစ်ယောက်ရဲ့ မျက်နှာပြင်ပေါ်မှာရှိတဲ့ မျက်လုံးနှစ်လုံးရဲ့ အကွာအဝေးကိုကြည့်ပြီး အဲ့ဒီလူရဲ့ စိတ်ဓာတ်ကိုသိနိုင်တယ်ဆိုတာကို တော့ . . ကျွန်တော် . . ခုမှဘဲ ကြားဖူးတော့ တယ်။

အစ်ကိုကြီး။ ။ **မျက်တွင်းနက်**တဲ့ မျက်နှာတွေကို မြင်ဖူး သလား . . . . ။

ကျွန်ုပ်။ ။ မြင်ဖူးပါတယ်။

အစ်ကိုကြီး။ ။ **မျက်တွင်းနက်**တာကို ပြောနေတာနော် . . . ။ မျက်တွင်းဟောက်ပက်ဖြစ်နေတာကို ပြော တာမဟုတ်ဘူး။ မျက်တွင်းဟောက်ပက်ဖြစ် တာက အိပ်ရေးပျက်လို့၊ ဝမ်းလျှောလို့ဖြစ်တာ ဟုတ်ပြီလား။ အဲ့ဒီလို **မျက်တွင်းနက်**တဲ့ သူ တွေက သည်းခံစိတ်ရှိတယ်။ အတွင်းသဘော က စိတ်ကူးယဉ်ဆန်ပေမယ့် အပြင်မှာ လက် တွေ့ဆန်တယ်။ တွေးခေါ်မျှော်မြင်နိုင်စွမ်း နက်နဲ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အတွေးအခေါ်ပညာရှင်တွေနဲ့ သိပ္ပံပညာရှင် တော်တော်များများဟာ မျက်တွင်းနက်တယ်။ လူလတ်ပိုင်းလည်းဖြစ်မယ်။ ပြီးတော့ မေးစေ့ကဝန်းဝိုင်းပြီး **မျက်တွင်းနက်**တယ်ဆိုရင်တော့ မွေးနေ့သက္ကရာဇ်မေးပြီး ဗေဒင်တွက်မနေနဲ့တော့ . . . အောင်မြင်နေတဲ့ စီးပွားရေးသမားဖြစ်ရမယ်လို့ တန်းပြီးဟောလိုက်ပါ။

ကျွန်ုပ်။ ။ တော်တော်ဟန်ကျတာဘဲ။ လူတစ်ယောက်ရဲ့ မျက်လုံးကိုကြည့်ပြီး အဲ့ဒီလူရဲ့ စိတ်နေစိတ်ထားနဲ့ ကံအနိမ့်အမြင့်ဟောနိုင်တယ်ဆိုတာကတော့ . . . စိတ်ဝင်စားစရာပါဘဲ။

အစ်ကိုကြီး။ ။ **မျက်လုံးနှစ်လုံးရဲ့ ညီညာမှု**ကိုလည်း ကြည့်ရသေးတယ်။ အဲ့ဒါလည်း အရေးကြီးတယ်။ မျက်နှာပြင်ပေါ်က မျက်လုံးနှစ်လုံးဟာ ရေချိန်ညီ မျဉ်းဖြောင့်အတိုင်းရှိရမယ်။ အဲ့ဒီမျက်လုံးပိုင်ရှင်ဟာ ပတ်ဝန်းကျင်နဲ့ လူမှုဆက်ဆံရေးကိစ္စတွေမှာ ညီညွတ်မျှတစွာနေထိုင်နိုင်သူတွေဖြစ်တယ်။ တစ်ကိုယ်ကောင်းမဆန်ဘူး။ မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်တယ်။ **မျက်လုံးတွေဟာ အပေါ်ဘက်ကို စောင်းသွားပြီး၊ မျက်ခုံးမွေးတွေပါ လိုက်စောင်းသွားရင်တော့** . . . အဲ့ဒီလူဟာ အခွင့်အရေးသမားဘဲ။ လူမှုဆက်ဆံ





ရေးတွေမှာ အသာစီးရယူလိုကြတယ်။ သူတို့ လိုချင်တဲ့အရာကို ဘယ်လိုရအောင်လုပ်ရမလဲဆိုတာကို သိနေတတ်ကြတယ်။ **မျက်လုံးတွေဟာ အောက်ဖက်ကို စောင်းလျက်ရှိရင်တော့** . . . အဲ့ဒီလူဟာ သဘောထားပြည့်ဝတယ်။ ပရဟိတအကျိုးကို လိုလားတယ်။ ဆောင်ရွက်တတ်တယ်။ အတ္တနည်းတယ်။ အများအတွက် အနစ်နာခံတတ်တယ်။

ကျွန်ုပ်။ ။ မျက်စိပြူးတဲ့သူတွေက ဉာဏ်ရှိတယ်လို့ ကျွန်တော်ကြားဖူးတယ်အစ်ကို။

အစ်ကိုကြီး။ ။ မျက်လုံးပြူးတာ၊ မျက်စိပြူးတာကို ပြောတာမဟုတ်ပါဘူးကွာ . . ။ **မျက်လုံးအိမ်ကျယ်ရင်** ဉာဏ်ထက်မြက်တယ်။ သနားကြင်နာစိတ်ရှိတယ်။ **မျက်လုံးဝန်းဝိုင်း**ရင်တော့ အနုပညာကို စွဲမက်လွန်တယ်။ အထူးသဖြင့် ရုပ်ရှင်၊ သဘင်၊ ဂီတတွေကို ရူးရူးမူးမူးဖြစ်တတ်တယ်။ အဲ့ဒီ အနုပညာတွေဘက်မှာလည်း ထူးချွန်အောင်မြင်တတ်တယ်။

ကျွန်ုပ်။ ။ ရုပ်ရှင်၊ သဘင်၊ ဂီတဘက်မှာ အောင်မြင်ကျော်ကြားမယ့် အနုပညာရှင်တစ်ဦးဖြစ်မဖြစ်ကို ဗေဒင်နဲ့တွက်စရာမလို၊ လက္ခဏာကြည့်စရာမလိုဘဲ . . . မျက်လုံးတွေကိုကြည့်ပြီး ဟောနိုင်တာပေ့ါ . . . အစ်ကို။



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီး။ ။ အနုပညာရှင်တစ်ဦးရဲ့ မျက်လုံးတွေမှာ အနုပညာဗီဇ အနုပညာအရည်အသွေးတွေ စွန်းထင်နေတယ်ဆိုတာကို မင်းမကြားမိဘူးလား . . ။ အဲ့ဒါကို ဗေဒင်ဆရာတွေက မြင်အောင်ကြည့်တတ်ရမယ်။ ဟုတ်ပြီနော် . . . ဒါမှ **လူတစ်ယောက်ရဲ့ မျက်လုံးတွေကိုမြင်တာနဲ့ အနုပညာနဲ့ အောင်မြင်ကျော်ကြားမယ်။ မအောင်မြင်မကျော်ကြားဘူးလို့ ဟောကိန်းထုတ်နိုင်မှာပေါ့ကွ။**

ကျွန်ုပ်။ ။ မျက်လုံးအရောင်တွေကိုကြည့်ပြီး စိတ်နေသဘောထားနဲ့ ပင်ကိုယ်စရိုက်လက္ခဏာတွေကိုလည်း သိနိုင်တယ်လို့ ကျွန်တော်ကြားဘူးတယ်။

အစ်ကိုကြီး။ ။ မျက်လုံးအရောင်တွေဟာ မျိုးရိုးဗီဇပေါ်မူတည်ပြီးနေတယ်ဆိုတော့ လူတစ်ယောက်ရဲ့ မျက်လုံးအရောင်တွေကိုကြည့်ပြီး အဲ့ဒီလူရဲ့ စိတ်နေသဘောထားနဲ့ စရိုက်လက္ခဏာဘယ်လိုရှိမယ်ဆိုတာကို ဟောကိန်းထုတ်လို့မရနိုင်ပါဘူး။ ဒါပေမယ့် . . ဗဟုသုတအဖြစ်မှတ်ထားချင်တယ်ဆိုရင်တော့ . . ကျမ်းစာအုပ်တွေထဲမှာပါတဲ့အတိုင်း . . ငါမှတ်မိသလောက် ပြောပြမယ်။

**နက်မှောင်**တဲ့ မျက်လုံးပိုင်ရှင်တွေဟာ စိတ်ဓါတ်ခိုင်မာတယ်။ ဆုံးဖြတ်ချက်ချတဲ့အခါမှာ





ပြတ်သားတယ်။ **မီးနိုးရောင်**မျက်လုံးပိုင်ရှင်တွေကတော့ စိတ်အားငယ်တတ်တယ်။ စိတ်ဓါတ်ပျော့ညံ့တယ်။ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရမယ့်နေရာမှာ တွေဝေတတ်တယ်။ **အပြာရောင်**မျက်လုံးပိုင်ရှင်တွေကတော့ စိတ်အလိုခံစားမှုပြင်းပြတယ်။ နှလုံးသားအရေးကို ဦးစားပေးလွန်းတယ်။ **အညိုရောင်**မျက်လုံးပိုင်ရှင်တွေဟာ အချစ်ရေးမှာ သစ္စာရှိလွန်းတယ်။ လူမှုရေးမှာ ဝင်ဆန့်တယ်။ ပေါင်းသင်းဆက်ဆံရေး ဖေါ်ရွေတယ်။ သဒ္ဒါတရားအားကြီးတယ်။ ပေးကမ်းချင်၊ လှူဒါန်းချင်တဲ့စိတ်ရှိတယ်ပေါ့ကွာ။ တစ်ခါတစ်ရံမှာတော့ ဆင်ခြင်တုံတရား အားနည်းတတ်တယ်။ **မှိုင်းပျပ့်မွဲခြောက်**တဲ့ မျက်လုံးပိုင်ရှင်တွေကတော့ . . ကိုယ်ပိုင်စွမ်းရည်ရှိတယ်။ ဉာဏ်ကောင်းတယ်။ စိတ်ကို ထိန်းချုပ်နိုင်တယ်။ အချစ်ရေးမှာ အားနည်းတယ်။ အချစ်စိတ်ပေါ့တယ်ပေါ့ကွာ။ လွတ်လွတ်လပ်လပ်နေလိုတယ်။ အဲ့ဒီ မျက်လုံးအရောင်တွေနဲ့ ပတ်သက်တဲ့ အဟောတွေကိုတော့ ဗဟုသုတအဖြစ်နဲ့ဘဲ မှတ်ထားပါကွာ။ လူတွေရဲ့ မျက်လုံးတွေကို တိရိစ္ဆာန်မျက်လုံးတွေနဲ့ ပုံစံပြုခိုင်းနှိုင်းပြီး စိတ်နေစိတ်ထားနဲ့ စရိုက်လက္ခဏာကိုဟောတဲ့ အဟောတွေလည်းရှိတယ်။ တရုတ်ရှုး



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကျမ်းတွေထဲမှာတော့ပါတယ်။ ဗဟုသုတအနေနဲ့ဘဲ မှတ်ထားပါကွာ။ ဟုတ်ပြီလား . . ။ **သမင်မျက်လုံး**ပိုင်ရှင်တွေဟာ စိတ်ဓါတ်ကောင်းတယ်။ စိတ်နှလုံးအေးချမ်းသာယာမှုကို ရှာတတ်တယ်။ ပျော်ပျော်ရွှင်ရွှင်နေတတ်တယ်။ **ကြောင်မျက်လုံး**ပိုင်ရှင်တွေကတော့ စိတ်နေသဘောထားညံ့တယ်။ အတ္တကြီးတယ်။ **ဥဒေါင်းမျက်လုံး** ပိုင်ရှင်တွေကတော့ လူမှုဆက်ဆံရေးတွေမှာ အကင်းပါးတယ်။ **မြွေမျက်လုံး**ပိုင်ရှင်တွေကတော့ အခွင့်အရေးကို အမြဲတမ်းချောင်းမြောင်းနေတတ်တယ်။ **နွားမျက်လုံး**ပိုင်ရှင်တွေကတော့ ဉာဏ်ရည်ဉာဏ်သွေးကောင်းတယ်။ ပရဟိတစိတ်ရှိတယ်။ **ကျားမျက်လုံး**ပိုင်ရှင်တွေကတော့ ရက်စက်တတ်တယ်။ သနားကြင်နာမှုကင်းတယ်။ **ပုဇွန်မျက်လုံး**ပိုင်ရှင်တွေကတော့ ရမက်ကြီးတယ်။ ကောက်ကျစ်တတ်တယ်လို့ အဟောတွေရှိတယ်။

ကျွန်ုပ်။ ။ **'မျက်နှာကဲခပ်ဗေဒင်'**နဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်လောက်ရေးပါလား . . အစ်ကို။

အစ်ကိုကြီး။ ။ ငါလောက်စာရေးချင်တာ ငါဘဲရှိတယ်။ ထောက်လှမ်းရေးက ပိုက်စိပ်တိုက်ပြီး ငါ့ကို အသေရရ၊ အရှင်ရရလိုက်ရှာနေတဲ့ ဒီလိုအချိန်မျိုးမှာ စာရေးဖို့စိတ်ကူးထဲတောင်





ထည့်လို့ မရပါဘူးကွာ။ မင်းဘဲရေးပါ။ ငါအခု ပြောတာတွေကို လိုက်မှတ်ထားတဲ့ မှတ်စုကို အခြေခံပြီးရေးပါ။ မင်းဆက်ဖတ်ရမယ့် . . လေ့လာရမယ့် စာအုပ်တွေကို ငါညွှန်ပေးမယ်။ ဟုတ်ပြီလား။

ကျွန်ုပ်။ ။ ကျွန်တော်ကတော့ စာရေးရမှာ ပျင်းတယ်။ ဝါသနာလည်း မရှိဘူး။

အစ်ကိုကြီး။ ။ ရေးဖြစ်အောင်တော့ . . . ကြိုးစားပေါ့ကွာ။ နောက်လာမယ့် တစ်ချိန်ချိန်မှာ . . ငါ ဗေဒင်သင်တန်းတွေ ဖွင့်ဖြစ်လိမ့်မယ်။ အဲ့ဒီအခါမှာ **'မျက်နှာကဲခပ်ဗေဒင်'**ပညာကိုပါ ထည့်ပြီးသင်မယ်။ အဲ့ဒီအခါကျရင် မင်းက ငါ့သင်တန်းသားတွေကို သင်ပေးပေါ့ကွာ။

ကျွန်ုပ်။ ။ ကျွန်တော်ကြိုးစားကြည့်မယ်လေ . . . ။

အစ်ကိုကြီး။ ။ မျက်လုံးတွေအကြောင်းကတော့ . . ဒီလောက်ဆိုရင် လုံလောက်ပါပြီ။ မျက်လုံးနှစ်လုံးနဲ့ ဆက်စပ်တဲ့အပိုင်းကို ဆက်ပြောမယ်။


☆ ☆ ☆




www.burmeseclassic.com

www.burmeseclassic.com

## မျက်လုံးအုပ်စု (၁)




## မျက်လုံးအုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးအုပ်စု (3)



မျက်လုံးအုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ **မျက်ခုံးမွှေး**လား . . အစ်ကို။

အစ်ကိုကြီး။ ။ မဟုတ်သေးဘူး . . ။ **မျက်ခုံးမွှေး**လည်း ပါတာပေါ့ကွာ။ ခုပြောမှာက **မျက်မှောင်** ဆိုတာကို ပြောမှာပါ။ **မျက်မှောင်**ဆိုတာက နှာခေါင်းအရင်း၊ မျက်လုံးနှစ်လုံးကြားမှာရှိတဲ့ ခေါင်လိုက်တွန့်ကြောင်းကို ခေါ်တာပါ။ **မျက်မှောင်** တစ်ခုတည်းရှိရင် ကိုယ်နှုတ်အမူအယာတည်ငြိမ်အေးဆေးတယ်။ လုပ်ငန်းအပေါ်မှာ သစ္စာရှိတယ်။ ဘယ်လုပ်ငန်းမဆို သူ့ကိုလွှဲလို့ရတယ်။ ဒါပေမယ့် . . ဒီလူမျိုးဟာ ပေါင်းသင်းဆက်ဆံရေးမှာ အံဝင်ဂွင်ကျမှုမရှိဘူး။ ဂွတိဂွကျနိုင်တယ်။ ဇီဇာကြောင်တယ်။ မှန်တာကိုပြောရမယ်ဆိုရင် အားမနာတတ်ဘူး။ နိုင်ငံရေးပါတီတွေ၊ လူမှုရေးအဖွဲ့အစည်းတွေမှာ ဝင်ပါရင် အစောဆုံးအထုတ်ခံရမယ့် လူမျိုးတွေပေါ့ကွာ။

**မျက်မှောင်နှစ်ခု**ရှိရင်တော့ မှန်မှန်ကန်ကန်ပြောဆိုနေထိုင်တယ်။ တရားဥပဒေနဲ့လူမှုစည်းကမ်းတွေ လေးစားလိုက်နာတတ်တယ်။ တရားသူကြီးတွေ၊ ကျောင်းအုပ်ကြီးတွေမှာ ဒီလိုမျက်မှောင်နှစ်ခု ပါတာများတယ်။ စကားလည်းတည်တယ်။ စီမံခန့်ခွဲရေးနဲ့ စည်းကမ်းထိန်းသိမ်းရေး လုပ်ငန်းတွေမှာ ကျွမ်းကျင်တယ်။





**မျက်မှောင်သုံးခု**တော့မရှိဘူး။ **မျက်မှောင်** အသေးလေးတွေ စုပြုံပြီးရှိတတ်တယ်။ လေးခုကနေ ခြောက်ခုအထိရှိတတ်တယ်။ အဲ့ဒီလိုရှိရင်တော့ သစ္စာရှိတယ်။ အမိန့်ကိုနာခံတတ်တယ်။ သတိသိပ်ကောင်းတဲ့သူတွေဟာ အဲ့ဒီလို **မျက်မှောင်**အသေးလေးတွေ ရှိတတ်တယ်။

**မျက်မှောင်**နှစ်ခုကြား . . နှာတံအဆုံးလောက်မှာ ကန့်လန့်ဖြတ်တွန့်ကြောင်းကလေးရှိရင် ဇီးသီးသည် ဘုရင်ကတော်ဖြစ်တဲ့ကိန်းလို့ ပြောလို့ရတယ်။ အမျိုးသမီးတွေမှာနော် . . အမျိုးသားတွေနဲ့ မဆိုင်ဘူး။ မိမိရဲ့ မိသားစုအသိုင်းအဝိုင်းက ဆင်းရဲနေပါစေ။ ချမ်းသာကြွယ်ဝတဲ့သူဌေး . . ဒါမှမဟုတ် သူဌေးသားနဲ့ လက်ထပ်မင်္ဂလာပြုရလိမ့်မယ်။

ကျွန်ုပ်။ ။ လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှာရှိတဲ့ မျက်မှောင်အကြောင်းကို အစ်ကိုပြောပြမှဘဲ ကျွန်တော်သိတော့တယ်။ အစကတော့ သတိမထားမိပါဘူး။

အစ်ကိုကြီး။ ။ အရှိန်ရနေတုန်း **မျက်ခုံးမွှေး**အကြောင်းကို ဆက်ပြောမယ်။ ပြီးတော့မှ ခဏနားပြီး လ္ဘက်ရည်သောက်ကြတာပေါ့ကွာ။

ကျွန်ုပ်။ ။ ဒီအစီအစဉ်အကောင်းဆုံးပေါ့ . . အစ်ကို။

အစ်ကိုကြီး။ ။ ပထမဦးဆုံး **မျက်ခုံးမွှေး**နဲ့ မျက်လုံးကြွာ အဝေးကို အရင်ကြည့်ရမယ်။ ဟုတ်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ ဟုတ်တယ် . . အစ်ကို။ **မျက်ခုံးမွေး**နဲ့ မျက်လုံး အကွာအဝေးဟာ . . တစ်ယောက်မျက်နှာနဲ့ တစ်ယောက်မျက်နှာ မတူကြဘူး။

အစ်ကိုကြီး။ ။ **မျက်ခုံးမွေး**ဟာ မျက်လုံးနဲ့ နီးကပ်စွာရှိနေတဲ့ လူမျိုးဟာ ဉာဏ်ပညာအားကောင်းတယ်။ ဆင်ခြင်တုံတရားကို လက်ကိုင်ထားတယ်။ အရာရာကို လေးလေးနက်နက် သဘောထားတယ်။ ကြီးမားပြီးတာဝန်ယူရတဲ့ ရာထူးမျိုးရတတ်တယ်။ အဲဒီလိုရာထူးမျိုးနဲ့ ထိုက်ထိုက်တန်တန်လုပ်ကိုင်နိုင်တဲ့ စွမ်းရည်မျိုးလည်းရှိတယ်။

**မျက်ခုံးမွေး**နဲ့ မျက်လုံးဝေးနေတဲ့ လူတွေကတော့ အရာရာကို ပေါ့ပျက်ပျက်သဘောထားတတ်ကြတယ်။ မိမိအတွက် အကျိုးမရှိတဲ့ ကိစ္စအသေးအဖွဲလေးတွေကို အချိန်ကုန်ခံပြီး စိတ်ဝင်စားစွာလုပ်ကိုင်တတ်တယ်။ စည်းကမ်းလိုက်နာမှုမှာ အားနည်းတယ်။ အဝတ်အထည်အလှအပဝတ်ဆင်မှုကို ဦးစားပေးလွန်းတယ်။ အောင်မြင်ကျော်ကြားတဲ့ ဖက်ရှင်ဒီဇိုင်နာတွေရဲ့ မျက်ခုံးနဲ့ **မျက်ခုံးမွေး**ဟာ ဝေးဝေးရှိတတ်တယ်လို့ မှတ်ထားပါ။ **မျက်ခုံးမွေး**ဟာ ဆံပင်ထက်ပိုပြီး နက်မှောင်မယ်။ မျက်ခုံးမွေးလည်းသန်မယ်ဆိုရင် . . . ခက်ထန်မာကျောတဲ့ စိတ်ဓါတ်ရှိတတ်တယ်။





လက်စားချေလိုတဲ့ စိတ်ရှိတယ်။ ကာမဆန္ဒအားကောင်းတယ်။ မဟုတ်မခံတဲ့စိတ်မျိုးရှိတယ်။ သတ္တိကောင်းတယ်။ ထိရဲရင်ထိကြည့်စမ်း . . မီးပွင့်သွားမယ်ဆိုတဲ့ လူစားမျိုးတွေပေါ့ကွာ။ ရဲရင့်မှု၊ သတ္တိရှိမှုနဲ့ တိုက်ခိုက်မှုစွမ်းရည်တွေအတွက်ပေးတဲ့ ဆုတံဆိပ်တွေကိုရရှိတတ်တယ်။

လူတစ်ယောက်ရဲ့ **မျက်ခုံးမွေး**ဟာ သူ့ရဲ့ဆံပင်ထက် အရောင်ဖျော့ရင် မကောင်းဘူး။ စိတ်အပြောင်းအလဲမြန်တတ်တယ်။ စိတ်ကူးယဉ်မှုများမယ်။ အချစ်ရေးမှာလည်း ဆန်းပြားတတ်တယ်။ အချစ်ဝတ္ထုရေးတဲ့ စာရေးဆရာတွေရဲ့ မျက်ခုံးမွေးအရောင်ဟာ ဆံပင်ထက်ပိုပြီး အရောင်ဖျော့တာကို တွေ့ရလိမ့်မယ်။ ခရီးသွားလာမှုကိုလည်း ခုံမင်တယ်။

**မျက်ခုံးမွေး**ဟာ နူးညံ့ပျော့ပြောင်းပြီး ဗျက်ကျယ်မယ်။ မထူလွန်း၊ မပါးလွန်းလည်း ဖြစ်မယ်ဆိုရင် လူချစ်လူခင်ပေါမယ်။ ပီယသိဒ္ဓိနဲ့ ပြည့်စုံနေတဲ့သူလို့တောင် ပြောလို့ရမယ်။ မှတ်ဉာဏ်ကောင်းမယ်။ ဘာသာစကားနဲ့ ဘာသာခြားစာပေတွေကို သင်ယူတတ်မြောက်နိုင်တဲ့ ပါရမီရှိတယ်။ စိတ်သဘောထားကောင်းမယ်။ အရာရာကိုစိတ်ရှည်ပြီး သည်းခံတတ်မယ်။

**မျက်ခုံးမွေး**က သန်မယ်။ ထူမယ်။ ပြီးတော့ . . နှာခေါင်းအရင်းနားလောက်မှာ ဆက်လုနီးပါးဖြစ်နေရင်တော့ ဒေါသကြီးမယ်။ ထင်တိုင်းကြဲတတ်တဲ့ စရိုက်လက္ခဏာမျိုးရှိတယ်။ ကမ္ဘာ့သမိုင်းမှာ အာဏာရှင်တွေအဖြစ်နဲ့ ကျော်ကြားထင်ရှားခဲ့တဲ့ စစ်သူကြီးတွေ၊ ဘုရင်တွေ၊ စစ်ဗိုလ်ချုပ်တွေ၊ နိုင်ငံရေးသမား တွေရဲ့ **မျက်ခုံးမွေး**တွေဟာ ထူထဲပြီး ဆက်လုနီးပါးဖြစ်နေတတ်တယ်။ ဒီလို **မျက်ခုံးမွေး**မျိုးက ယောကျ်ားတွေရဲ့ မျက်နှာပြင်ပေါ်မှာဘဲ



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတာများတယ်။ မိန်းမတွေရဲ့ မျက်နှာပြင်ပေါ်မှာတော့ တွေ့ရခဲပါတယ်။

မျက်ခုံးမွေးဟာ သေးသွယ်လွန်းပြီး အရောင်ဖျော့ရင်တော့ စဉ်းစားဆင်ခြင်တဲ့ ဉာဏ်နည်းမယ်။ အချစ်ရေးကိစ္စတွေမှာ ဉာဏ်ကျောက်နဲ့ မဆုံးဖြတ်ဘဲ၊ နှလုံးသားနဲ့ ဆုံးဖြတ်လိမ့်မယ်။ သတိဝီရိယလည်းအလွန်နည်းမယ်။ ကြွားဝါတတ်မယ်။ ဒီလို **မျက်ခုံးမွေး** ကတော့ မိန်းမတွေမှာဘဲရှိတတ်ပါတယ်။ ယောကျ်ားတွေမှာ မရှိပါဘူး။

ဒီလောက်ဆိုရင်တော့ . . မျက်လုံး၊ မျက်မှောင်၊ မျက်ခုံးမွေးအကြောင်းတွေအတွက် လုံလောက်တဲ့ မှတ်စုရပါပြီ။ လက္ခဏာရည် သောက်ပြီး ခဏနားကြမယ်။

☆ ☆ ☆




မျက်ခုံးမွေး အုပ်(1)





www.burmeseclassic.com

www.burmeseclassic.com

မျက်ခုံးမွှေး အပုံ (2)




မျက်ခုံးမွှေး အပုံ (3)



www.burmeseclassic.com

www.burmeseclassic.com







အစ်ကိုကြီး။ ။ ရှေးလူကြီးတွေကတော့ လူစိမ်းတစ်ယောက်ကို မြင်လျှင် မြင်ချင်းမှာ အဲ့ဒီလူစိမ်းရဲ့ အရည်အချင်း၊ အရည်အသွေးကို သိချင်တဲ့ အခါမှာ **'နဖူး'** ကိုကြည့်ပြီး အကဲခပ်ဆုံးဖြတ် ချက်ချကြတယ်။

ကျွန်ုပ်။ ။ **'နဖူးရေခွုးရေ'** ကြည့်တယ်ဆိုတဲ့ စကားတောင် ရှိသေးတာဘဲ . . ။

အစ်ကိုကြီး။ ။ တော်တော်များများမှားပြီး ပြောပြောနေကြတာက . . ဒီသူငယ် **'နဖူးရေခွုးရေ'** ကောင်းတယ်။ ဟိုသူငယ်က **'နဖူးရေခွုးရေ'** ညံ့တယ်။ ဒီလိုပြောကြတယ်မဟုတ်လား။ မှားတယ်။ **'နဖူးရေခွုးရေ'** မဟုတ်ပါဘူး။ **'နဖူးရေထူးရေ'** ပါ။ နဖူးရဲ့ ထူးထူးခြားခြားရှိမှုကို ပြောတာပါ။ ဗေဒင်ဆရာတစ်ယောက် ဖြစ်လာပြီဆိုရင် မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတွေ၊ မြန်မာစာ၊ မြန်မာစကားတွေကို ကျွမ်းကျွမ်းကျင်ကျင်၊ နှံ့နှံ့စပ်စပ်သိအောင် ဖတ်ထား၊ မှတ်ထား၊ လေ့လာထားရမယ်။ စာရေးဆရာတွေ၊ မြန်မာစာသင်တဲ့ ဆရာတွေထက်ပိုသိအောင်၊ ပိုတတ်အောင် လုပ်ထားရတယ်။

ကျွန်ုပ်။ ။ ဟုတ်ပါတယ် . . အစ်ကို။ ရှေးတုန်းက ဗေဒင်ဆရာကြီးတွေကတော့ မြန်မာရိုးရာထုံးတမ်းစဉ်လာတွေ။ မြန်မာစာပေ၊ မြန်မာစကားတွေကို ကျွမ်းကျင်ပိုင်နိုင်ကြတယ်လို့ ကျွန်တော်ကြားဘူးတယ်။

မရမ်းတလင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။ "**နဖူးရေထူးရေ**"ကို ကြည့်တဲ့အခါမှာ မျက်နှာရဲ့ ရှေ့တည့်တည့်ကကြည့်ပြီး သုံးမျိုးခွဲခြားထား တယ်။ '**နဖူး**' ပုံစံသုံးမျိုးပေါ့ကွာ။ မျက်နှာ ရှေ့ဘက်မှာရှိတဲ့ '**နဖူး**' ပုံစံသုံးမျိုးလို့ဘဲ မှတ် ထားပေါ့ကွာ။ ဟုတ်ပြီလား . . . ။

ပထမ '**နဖူး**' ပုံစံက သင့်တင့်ရုံမျှ ကျယ်ပြန့်ပြီး ဝိုင်းဝန်းတဲ့ '**နဖူး**' ပုံစံမျိုးဘဲ။ အဲ့ဒီလို '**နဖူး**'မျိုး ရှိတဲ့သူတွေဟာ ဉာဏ်ရည် ဉာဏ်သွေးကောင်းတယ်။ အရိပ်ပြတာနဲ့ အကောင်ထင်အောင်မြင် တတ်တယ်။ လိမ္မာပါးနပ်မှုရှိတယ်။ စိတ်ကူးယဉ်မှုမရှိဘူး။ လက် တွေ့ကျကျလုပ်ကိုင်တတ်တယ်။ များသောအားဖြင့် အင်ဂျင်နီယာ တွေမှာ ဒီလို '**နဖူး**' မျိုးရှိတတ်တယ်။ စီးပွားရေးလုပ်ငန်းတွေ အတွက် မဟာစီမံကိန်းကြီးတွေကိုလည်း ရေးဆွဲချမှတ်နိုင်တယ်။ ဘယ်အလုပ်မျိုးကိုဘဲလုပ်လုပ် စီမံကိန်းချပြီးလုပ်တတ်တယ်။ စည်း ကမ်းလည်းကြီးတယ်။ စံနစ်ကျတယ်။ လူမှုဆက်ဆံရေးကောင်း တယ်။ လူအများနဲ့ လူ့ပတ်ဝန်းကျင်ကို လေးစားတတ်တဲ့ စိတ်နေ သဘောထားရှိတယ်။ အောင်မြင်တဲ့ သံတမန်တွေနဲ့ နိုင်ငံရေး သမားတွေမှာလည်း ဒီလိုသင့်တင့်ရုံမျှကျယ်ပြန့်ပြီး ဝန်းဝိုင်းတဲ့ '**နဖူး**' မျိုးရှိတယ်။

'**နဖူး**' ကျဉ်းတဲ့သူတွေကတော့ . . . ဘဝတစ်လျှောက်လုံး အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ရုန်းကန်ပြီးမှ အောင်မြင်မှု ရရှိကြတယ်။ မိသားစုနဲ့အတူ သိုက်သိုက်ဝန်းဝန်း နေထိုင်နိုင်တဲ့ အခွင့်အရေးမရဘူး။ ပတ်ဝန်းကျင်မနာလိုမှု၊ အထင်မှားမှုတွေကို လည်း မကြာခဏခံရတတ်တယ်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းတော်တော်များများကို ခက်ခက်ခဲခဲကျော်ဖြတ်ပြီး လုပ်





ကိုင်ရတတ်တယ်။ ဘဝမျိုးစုံအောင် ကျင်လည်လှုပ်ရှားရတတ် တယ်။ အသက် ၁၅နှစ်နဲ့ အသက် ၃၀ကြားမှာ မိဘတွေနဲ့ ပတ် သက်ပြီး စိတ်သောကရောက်စရာ အဖြစ်မျိုးနဲ့ တစ်ကြိမ်ကြုံတွေ့ရ လိမ့်မယ်။

ကျယ်ပြန့်တဲ့ '**နဖူး**'တွေကို တွေ့ဖူးလား . . . ။ '**မဟာနဖူး**' တွေပေါ့ကွာ။ အဲ့ဒီ '**နဖူး**'မျိုးရှိတဲ့ သူတွေကတော့ စိတ်ကူးစိတ်သန်း အားကောင်းတယ်။ စိတ်ကူးယဉ်မှုများတယ်။ အောင်မြင်ကျော် ကြားတဲ့ ပန်းချီဆရာကြီးတွေ၊ ဗိသုကာပညာရှင်ကြီးတွေဟာ ဒီလို '**နဖူး**'မျိုးရှိကြတယ်။ လူမှုဆက်ဆံရေးမှာ အလေးသာတဲ့ အနေ အထားမျိုးမှာရှိတယ်။ လူအများရဲ့ လေးစားမှုကိုခံရတတ်တယ်။ အဲ့ဒီလို '**နဖူး**'ကျယ်တဲ့ လူတွေက အကောင်းကြိုက်တယ်။ ဟိတ်ဟန် နဲ့ နေတတ်တယ်။ ဘဝတစ်လျှောက်လုံးမှာ အခက်အခဲနဲ့ ရုန်းကန် လှုပ်ရှားမှုတွေကို များများမတွေ့ခဲ့ရဘူး။ ဆွေမျိုးအသိုက်အဝန်း လည်း တောင့်တင်းတယ်။

ကျွန်ုပ်။ ။ 'နဖူး' အမျိုးအစား သုံးမျိုးခွဲထားတာကိုတော့ သဘောပေါက်ပါပြီ။

အစ်ကိုကြီး။ ။ ဟုတ်တယ် . . လူတစ်ယောက်ရဲ့ မျက်နှာကို ရှေ့တည့်တည့်ကြည့်ပြီး 'နဖူး' အမျိုးအစား သုံးမျိုးခွဲထားတာရှိသလို၊ လူတစ်ယောက် မျက်နှာကို ဘေးကကြည့်ပြီး '**နဖူး**' အမျိုး အစားကို သုံးမျိုးခွဲထားတာလည်း ရှိသေး တယ်။

ပထမအမျိုးအစားက '**နဖူး**' တစ်ခုလုံးမှာ အပေါ်ပိုင်းမှာ မို့မောက်ပြီး အလယ်ပိုင်းနဲ့ အောက်ပိုင်းကနိမ့်တယ်။ ပြားတယ်ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ အဲဒီလို **'နဖူး'**မျိုးရှိတဲ့သူဟာ စိတ်ကူးယဉ်တာကို ဦးစားပေးတယ်။ လက်တွေ့လုပ်ကိုင်မှုမှာ အားနည်းတယ်။ အကြံအစည်ကောင်းတွေကို စိတ်ကူးနဲ့အကောင်အထည် ဖော်နိုင်ပေမယ့် . . လက်တွေ့အကောင်အထည်ဖော်နိုင်တဲ့ စွမ်းအားမရှိဘူး။

ဒုတိယအမျိုးအစားက **'နဖူး'** တစ်ခုလုံးမှာ အပေါ်ပိုင်းနဲ့ အောက်ပိုင်းက မို့မောက်ပြီး အလယ်ပိုင်းက ချိုင့်နေတယ်။ ပြားနေတယ်။ အဲဒီလို **'နဖူး'**မျိုးရှိတဲ့သူဟာ ပရဟိတလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းတွေကို ဦးစားပေးလုပ်ဆောင်တတ်တယ်။ ဘာသာတရား ကိုင်းရှိုင်းတတ်တယ်။ စေတနာသဒ္ဓါတရား ကောင်းတယ်။ မှတ်ဉာဏ်အားနည်းတယ်။ မေ့လျော့တတ်တယ်။

တတိယအမျိုးအစားကတော့ **'နဖူး'** အလယ်ပိုင်းက မို့မောက်နေပြီး အပေါ်ပိုင်းနဲ့ အောက်ပိုင်းကို ပြေဆင်းသွားတယ်။ လေးကိုင်းကို ဘေးကနေကြည့်သလိုဘဲပေါ့ကွာ။ အဲဒီလို . . **'နဖူး'** မျိုးရှိတဲ့သူက မှတ်ဉာဏ်အားသိပ်ကောင်းတယ်။ စကားပြောလည်းကောင်းတယ်။ စာပေကျမ်းဂန်တွေကို ပြုစုရေးသားတဲ့နေရာမှာ ကျော်ကြားထင်ရှားတတ်တယ်။ ဗဟုသုတနဲ့လည်း ပြည့်စုံတယ်။ ပါမောက္ခကြီးတွေနဲ့ စာတတ်ပေတတ်ပုဂ္ဂိုလ်ကြီးတွေမှာ ဒီလိုနဖူးမျိုးရှိတယ်။ လေးကိုင်းနဲ့တူတဲ့ **'နဖူး'** မျိုးပေါ့ကွာ။ ဟုတ်ပြီလား။

**'နဖူး'**နဲ့ တစ်ဆက်တည်းပြောရမှာက **'နားသယ်'**ဘဲ။ **'နဖူး'** ရဲ့ ဘေးနှစ်ဘက်ကို ပြောတာပါ။ လူတစ်ယောက်ရဲ့ မျက်နှာကို ဘေးတိုက်ကြည့်မှ **'နားသယ်'** ကို မြင်ရမှာပေါ့ကွာ။ **'နားသယ်'** ပြည့်နေတဲ့လူတွေဟာ ဂီတပညာနဲ့ ပန်းချီပညာမှာ ထူးချွန်ကြတယ်။ ဘယ်အလုပ်မျိုးကိုဘဲဖြစ်ဖြစ် . . စ၊ လယ်၊ ဆုံးကို စံနစ်ကျကျ သေသေသပ်သပ် ပြုလုပ်နိုင်စွမ်းရှိတယ်။ အလှတရားထက်





. . . သဘာဝတရားကို ပိုနှစ်သက်မြတ်နိုးတယ်။ အစွဲအလန်းကြီးတယ်။ လူမှုပတ်ဝန်းကျင်ကို သံယောဇဉ်ထားမှုက လေးနက်လွန်းတယ်။ စာရိတ္တလည်းကောင်းတယ်။

**'နားသယ်'**နဲ့ ပတ်သက်တာကတော့ ဒီလောက်ပါဘဲ။ ကဲ . . . ဒီတော့ . . . စီးကရက်တစ်လိပ်လောက် ဖွာလိုက်ပြီး ခဏနားလိုက်ကြရအောင် . . ။ ပြီးမှ **'နဖူး'** အပေါ်က **'ဆံပင်'** ဘက်ကို ဆက်ပြောမယ်။

☆ ☆ ☆




www.burmeseclassic.com

www.burmeseclassic.com

နဖူး အုပ်စု (2)





နဖူး အုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com

နဖူး အုပ်စု (3)



နဖူး အုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။**'ဆံပင်'**ကိုတော့ နူးညံ့မှုကြမ်းတမ်းမှုနဲ့ အရောင်အသွေးကိုဘဲ ကြည့်လို့ရတယ်။ ဆံပင်ပုံစံကတော့ နာရီပိုင်းအတွင်းမှာ အမျိုးမျိုးပြောင်းလဲ ပြုပြင်လို့ရတယ်လေ။ မျက်နှာပေါ်က၊ မေးစေ့၊ နှုတ်ခမ်းတွေကို ဒီနေ့ခေတ်မှာ ခေတ်မှီခွဲစိပ် ပြုပြင်ကြပေမယ့် . . အရေအတွက် အလွန်နည်းတယ်။ **'မျက်နှာကဲခပ်ဗေဒင်'**နဲ့ ကြည့်မယ်ဆိုရင်တော့ . . မူလမျက်နှာကိုဘဲ ဓါတ်ပုံထဲမှာ ပြန်ကြည့်ရမယ်။ ခွဲစိပ်ပြုပြင်ထားတဲ့အတိုင်းကို မကြည့်ရဘူး။ လူတစ်ယောက်ရဲ့ နှုတ်ခမ်းစုနေတယ်ဆိုပါတော့ကွာ . .။ အဲ့ဒီလူဟာဘဝကို ပေါ့ပေါ့တန်တန်သဘောထားတယ်။ ရည်မှန်းချက်ကြီးကြီးမားမား မထားတတ်ဘူး။ ဟုတ်ပြီ . . .။ အဲ့ဒီလူဟာ သူ့နှုတ်ခမ်းကို ခွဲစိပ်ကုသမှုခံယူပြီး နှုတ်ခမ်းမစုအောင် လုပ်လိုက်တယ်။ ဒါပေမယ့် . . သူ့ရဲ့ စရိုက်လက္ခဏာနဲ့ စိတ်နေစိတ်ထားကတော့ စောစောကပြောတဲ့အတိုင်းဘဲရှိမယ်။ မျက်နှာကို ခွဲစိပ်ကုသမှုခံထားတဲ့သူကိုတော့ ခွဲစိပ်ကုသမှုမပြုခင်က ရိုက်ကူးထားတဲ့ ဓါတ်ပုံကို ပြန်ကြည့်ပြီးမှ **'မျက်နှာကဲခပ်ဗေဒင်'** ပညာနဲ့ ဆုံးဖြတ်ရမယ်။ ဒါကတော့ . . . တော်တော်ဖြစ်ခဲ၊ တွေ့ခဲပါတယ်ကွာ။ ချွင်းချက်တွေပေါ့။





ကျွန်ုပ်။ ။ဒီခေတ်မှာ ဆံပင်ရဲ့ နူးညံ့မှု၊ ကြမ်းတမ်းမှုတွေကို ပြုပြင်ဖန်တီးနိုင်တဲ့ ဓါတ်ဆေးတွေ အမျိုးမျိုးရှိနေသလို၊ ဆံပင်ဆိုးဆေးတွေကို အသုံးပြုပြီး ဆံပင်အရောင်တွေ အမျိုးမျိုးပြောင်းလဲနေကြတော့ . . . လူတွေရဲ့ ဆံပင်ကိုကြည့်ပြီး **'မျက်နှာကဲခပ်ဗေဒင်'** ကြည့်ရတာ သိပ်မလွယ်ဘူးထင်တယ် . . အစ်ကို။

အစ်ကိုကြီး။ ။မှန်တယ် . . . သိပ်မှန်တယ်။ ဒါပေမယ့် . . . **'မျက်နှာကဲခပ်ဗေဒင်'**ကျမ်းတွေ၊ စာအုပ်တွေထဲမှာပါတဲ့အတိုင်း ငါပြောပြမယ် . .။ ဗဟုသုတအနေနဲ့ မှတ်ထားပေါ့ကွာ။ ဆံပင်ပြုပြင်မှု၊ ဆံပင်အရောင်ဆိုးမှုတွေကလည်း မြို့ကြီးတွေပေါ်က လူငယ်ပိုင်းတွေမှာဘဲ ရှိတာပါကွာ။ တောဘက်ပိုင်းတွေမှာ မရှိပါဘူး။

နူးညံ့တဲ့ **'ဆံပင်'** ရှိတဲ့သူတွေဟာ စကားပြောကောင်းတယ်။ တစ်ဖက်လူကို ဆွဲဆောင်နိုင်တဲ့ စကားပြောစွမ်းရည်ရှိတယ်။ လိမ္မာပါးနပ်မှုရှိတယ်။ ဘာကိုဘဲသင်သင် သိလွယ်၊ တတ်လွယ်တယ်။ စိတ်ခံစားမှုများတယ်။ စိတ်ထိခိုက်လွယ်တယ်။ အချစ်ကြီးတတ်တယ်။ အနုပညာရပ်တစ်ခုခုမှာ ပိုင်ပိုင်နိုင်နိုင်တတ်ကျွမ်းနားလည်လိမ့်မယ်။

ကြမ်းတမ်းပြီး ထူထဲတဲ့ **'ဆံပင်'** ရှိတဲ့သူတွေကတော့ . . . ကျန်းမာရေးကောင်းမယ်။ စိတ်ဓါတ်ကလည်း မာကျောမယ်။ သူရသတ္တိလည်းရှိတယ်။ ထင်မြင်ယူဆချက်တွေဟာ မှန်ကန်တိကျတယ်။ စကားပြောဆိုရာမှာ ပွင့်လင်းတယ်။ အသံကျယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်တဲ့အခါမှာ မဆုတ်မနစ်လုပ်တတ်တယ်။ ဝတ်ဆင်မှုမှာ သပ်သပ်ရပ်ရပ်မရှိဘူး။ စည်းကမ်းနဲ့သန့်ရှင်းမှုကိုတော့ကြောက်တတ်။ ပတ်ဝန်းကျင်ကို ဂရုမစိုက်တဲ့ဉာဉ်ရှိတယ်။ ဒါက ကြမ်းတမ်းပြီး ထူထဲတဲ့ **'ဆံပင်'** ရှိတဲ့ သူတွေရဲ့အမူအကျင့်နဲ့ စရိုက်လက္ခဏာဘဲ။ သေသေချာချာရေးမှတ်ထားလိုက်ပါ။

လှိုင်းတွန့် **'ဆံပင်'**ပိုင်ရှင်တွေကတော့ လက်တွေ့ထက်စိတ်ကူးယဉ်မှုကပိုများတယ်။ စိတ်ပျော့တယ်။ စိတ်ထိခိုက်လွယ်တယ်။ တစ်ခါတစ်ရံမှာ စိတ်ခံစားမှုက အစွန်းရောက်တတ်တယ်။ အချစ်ရေးမှာ စန်းပွင့်တယ်။ ချစ်သူရည်းစားများမယ်။ လိင်မတူသူများကို ညို့ငင်အားကောင်းတဲ့ ရုပ်ရည်ရူပကာရှိမယ်။ အမျိုးသမီးဆိုရင် အမျိုးသားတွေစုံမက်စေတဲ့ ရုပ်ရည်ရူပကာမျိုးပေါ့ကွာ။ အမျိုးသားဆိုရင် အမျိုးသမီးတွေ စုံမက်စေတဲ့ ရုပ်ရည်ရူပကာမျိုးကို ပြောတာပါ။ လူတွေကို အလျှော့ပေးပြီးပေါင်းတတ်တယ်။ စိတ်မဆိုးတတ်ဘူး။ အာဃာတတွေ၊ အညိုးတွေမရှိဘူး။ ရှင်းပြီနော်။ လှိုင်းတွန့် 'ဆံပင်'ပိုင်ရှင်တွေရဲ့ အမူအကျင့်နဲ့ စရိုက်လက္ခဏာတွေကိုလည်း မှတ်ထားပါ။ ဆံပင်တွေကိုပြုပြင်ပြီး ပုံပြောင်းလို့ရတယ်ဆိုပေမယ့် . . . ဗဟုသုတအနေနဲ့ မှတ်ထားပါ။

ခွေလိပ်တဲ့ **'ဆံပင်'**မျိုးရှိတဲ့ သူတွေကတော့ . . . အလှအပကို မက်မောတွယ်တာလွန်းတယ်။ တေးဂီတကို မြတ်နိုးတယ်။ ဝါသနာထုံတယ်။ တေးဂီတနယ်ပယ်မှာလည်း ထင်ရှားကျော်ကြားအောင်မြင်တတ်တယ်။ အဲ့ဒီလို . . . ခွေလိပ်တဲ့ ဆံပင်မျိုးရှိတဲ့သူတွေဟာ ဆတ်ဆတ်ထိမခံဘူး။ 'အထိမခံ၊ ရွှေပန်းကန်' တွေပေါ့ကွာ။ စိတ်ဆိုးလွယ်သလို . . . စိတ်ပြေလည်းလွယ်တယ်။





အမြော်ကြိုက်တယ်။ အချော့ကြိုက်တယ်။

**'ဆံပင်'**အရောင်က အညိုရောင်ဖျော့ဖျော့မဟုတ်ဘဲ၊ အညိုရောင်ရင့်ရင့်ဖြစ်သွားရင်တော့ မကောင်းဘူး။ ကော်ဖီမှုန့်ရောင်ပေါ့ကွာ။ ဒေါသကြီးတယ်။ စိတ်မြန်တယ်။ ရှုးရှုးဒိုင်းဒိုင်းသမားတွေပေါ့ကွာ။ လက်မှုအတတ်ပညာတွေမှာ ထူးချွန်တတ်တယ်။ လက်စားချေလိုစိတ်ပြင်းပြင်းပျပျရှိပေမယ့် . . . လက်တွေ့မှာတော့ လက်စားမချေကြပါဘူး။ စကားနည်းတယ်။ ဂတိတည်တယ်။ ဟုတ်ပြီလား . . ။ သိပ်အရေးမကြီးပါဘူး။ မလိုအပ်ပါဘူးဆိုပြီး ချန်မထားခဲ့နဲ့။ မှတ်စုမှတ်ရင် ပြည့်ပြည့်စုံစုံမှတ်ရတယ်။

ရွှေရောင် **'ဆံပင်'**ပိုင်ရှင်တွေ . . ရွှေအိုရောင် **'ဆံပင်'** ပိုင်ရှင်တွေကတော့ . . တို့မြန်မာလူမျိုးထဲမှာ မရှိပါဘူး။ ခုခေတ်ထဲမှာတော့ . . **'ဆံပင်'**ဆိုးဆေးတွေနဲ့ ရွှေရောင် **'ဆံပင်'**၊ ရွှေအိုရောင် **'ဆံပင်'**တွေဆိုးနေကြပါပြီ။ ကဲ . . . ရွှေရောင် **'ဆံပင်'**၊ ရွှေအိုရောင် **'ဆံပင်'**ပိုင်ရှင်တွေရဲ့ အမူအကျင့်နဲ့ စရိုက်လက္ခဏာတွေကို လိုက်မှတ်ထားပေတော့ . . ။ အချစ်ရေးမှာ နက်နက်ရှိုင်းရှိုင်းမရှိဘူး။ ထင်ပေါ်ကျော်ကြားလိုစိတ်များတယ်။ ဟိတ်ဟန်မလုပ်သင့်တဲ့ အသေးအဖွဲ့ကိစ္စလေးတွေမှာ ဟိတ်ဟန်လုပ်တတ်တယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ သနားကြင်နာတတ်တဲ့ စိတ်ရှိတယ်။ တိရစ္ဆာန်တွေကို ကြင်နာသနားတတ်တယ်။ ခုပြောနေတာတွေဟာ . . . ဆေးဆိုးထားတဲ့ ရွှေရောင်**'ဆံပင်'**၊ ရွှေအိုရောင် **'ဆံပင်'** တွေနဲ့ မဆိုင်ဘူးလို့ ရေးမှတ်ထားပါ။ မှတ်ထားပြီးရင် . . ခဏနားမယ်။ ပြီးတော့ . . ထမင်းစားကြမယ်။


☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

ဆံပင် အုပ်စု (1)




ဆံပင် အုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com

ဆံပင် အုပ်စု (3)



ဆံပင် အုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။လူတွေရဲ့ **'နှာတံ'**လို့ခေါ်တဲ့ **'နှာခေါင်း'**နဲ့ ပတ်သက်ပြီး အမူအကျင့်နဲ့ စရိုက်လက္ခဏာတွေ ခွဲခြားသတ်မှတ်တဲ့အခါမှာ ကွဲပြားခြားနားမှုတွေ တော်တော်များတယ်။ ကျမ်းတစ်ကျမ်းနဲ့ တစ်ကျမ်း၊ စာအုပ်တစ်အုပ်နဲ့တစ်အုပ် မတူကြဘူး။ ငါကတော့ . . ငါသဘောကျတဲ့ ကျမ်းတွေ၊ စာအုပ်တွေထဲက အချက်အလက်တွေကို ကောက်နှုတ်ပြီး ပြောတော့မယ်။ ဟုတ်ပြီလား။

ကျွန်ုပ်။ ။အစ်ကိုက . . . စာအုပ်စာတမ်းမရှိဘဲ လက်တန်းပြောနိုင်တာကိုဘဲ ကျွန်တော်တော်တော်အံ့သြနေပြီ။

အစ်ကိုကြီး။ ။ငါ . . ကျောင်းသားဘဝက မှတ်ဉာဏ်ကောင်းအောင် လေ့ကျင့်နည်းတွေအကြောင်းကို ရေးထားတဲ့ အင်္ဂလိပ်စာအုပ်တစ်အုပ်ကိုဖတ်ပြီး လေ့ကျင့်ခဲ့လို့ပေါ့ကွာ။ ငါအားတဲ့အခါမှာ အဲ့ဒီမှတ်ဉာဏ်ကောင်းအောင်လေ့ကျင့်နည်းစာအုပ်ကို ပြန်ရေးမယ်။ ငါ . . ခုထိ မှတ်မိနေတုန်းဘဲ။ ကဲ . . . ခုတော့ **'နှာတံ' (နှာခေါင်း)** အကြောင်းကို ဆက်ပြောမယ်။ ဒီလိုကွ . . **'ရှည်ခြင်းငါးဖြာ'** ထဲမှာ **နှာတံ(နှာခေါင်း)**ရဲ့ ရှည်ခြင်းလည်းပါတယ်။

ကျွန်ုပ်။ ။**'ရှည်ခြင်းငါးဖြာ'**ဆိုတာ ဘာတွေလဲအစ်ကို။

အစ်ကိုကြီး။ ။**'သာမုဒြိက'** ကျမ်းတွေထဲမှာပါတဲ့ ယောကျ်ားမြတ်တို့ ရှိသင့်ရှိထိုက်တဲ့ ရူပလက္ခဏာတွေက





**'ရှည်ခြင်းငါးဖြာ'**၊ **'တိုခြင်းလေးဖြာ'**၊ **'နိမ့်ခြင်းခုနစ်ဖြာ'** **'မြင့်ခြင်းခြောက်ဖြာ'**၊ **'နုးညံ့ခြင်းငါးဖြာ'**၊ **'နက်ခြင်းနှစ်ဖြာ'**၊ **'ကြီးခြင်းသုံးဖြာ'**ဆိုတာတွေရှိတယ်။ အဲ့ဒါတွေကို ဘာဖြစ်လို့ ပြောမပြတော့တာလည်းဆိုတော့ . . . ဒီနေ့ခေတ်နဲ့ မလျော်ညီတော့ဘူး။ သိထားစရာလည်း မလိုတော့ဘူး။ အဲ့ဒါတွေ . . . မှတ်ထားရင် ဥဏှောက်လေးရုံဘဲရှိမယ်။ ပြောလက်စနဲ့ **'ရှည်ခြင်းငါးဖြာ'**ကိုတော့ ပြောပြလိုက်မယ်။ **လက်မောင်းရှည်ခြင်း၊ မျက်လုံးမဝိုင်းဘဲရှည်ခြင်း၊ နှာတံရှည်ခြင်း၊ မေးသျောင်းရှည်ခြင်း၊ နို့သီးနှစ်ခုကြားရှည်ခြင်း၊** တွေကို **'ရှည်ခြင်းငါးဖြာ'**လို့ခေါ်တယ်။ နို့သီးနှစ်ခုကြားရှည်ခြင်းဆိုတာကတော့ . . . နို့သီးနှစ်ခုရဲ့ ကွာဝေးခြင်းကို ခေါ်တာပေါ့ကွာ။ ရင်ဘတ်ကျယ်မယ် . . ရင်အုပ်ကျယ်မယ် . . ဒါကိုပြောတာပါ။

**'နှာတံ(နှာခေါင်း)'** အကြောင်းကို ဆက်ပြောမယ်။ လူတစ်ယောက်ရဲ့ မျက်နှာပေါ်က **'နှာတံ(နှာခေါင်း)'**ဟာ အဲ့ဒီလူရဲ့ စိတ်ပိုင်းဆိုင်ရာပြဌာန်းမှု၊ အလုပ်အကိုင်အခြေအနေနဲ့ ငွေကြေးဓနကို ဖေါ်ပြလေ့ရှိတယ်လို့ **'မျက်နှာကဲခပ်ဗေဒင်'** ပညာရှိကြီးတွေက ပြောကြတယ်။

စံပြ သတ်မှတ်ထားတဲ့ **'နှာတံ(နှာခေါင်း)'** အမျိုးအစားကို မှတ်ထားပါ။ **'နှာတံ(နှာခေါင်း)'**က မြင့်ပြီးဖြောင့်ရမယ်။ ဖြောင့်စင်းနေရမယ်။ ပြည့်ဖြိုးတဲ့ **'နှာတံ(နှာခေါင်း)'**ထိပ်ဖျားလည်း ရှိရမယ်။ နှာတံ(နှာခေါင်း) ပြန့်ကားမှုက ညီညာရမယ်။ အဲ့ဒါ . . . စံပြသတ်မှတ်ထားတဲ့ **'နှာတံ (နှာခေါင်း)'** ပုံစံမျိုးဘဲ။ ဟုတ်ပြီလား။

**'နှာတံ(နှာခေါင်း)'**ကို ပုံစံငါးမျိုး ခွဲခြားသတ်မှတ်ထားတယ်။

နံပါတ်(တစ်) **မြင့်မားတဲ့ 'နှာတံ(နှာခေါင်း)'**

နံပါတ်(နှစ်) **ကြီးမားတဲ့ 'နှာတံ(နှာခေါင်း)'**



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်(သုံး) **သေးသွယ်တဲ့ 'နှာတံ(နှာခေါင်း)'**
နံပါတ်(လေး) **ပွယောင်းတဲ့ 'နှာတံ(နှာခေါင်း)'**
နံပါတ်(ငါး) **တိုတဲ့ 'နှာတံ(နှာခေါင်း)'**
နံပါတ်(ခြောက်) **ပိပြားတဲ့ 'နှာတံ(နှာခေါင်း)'**
နံပါတ်(ခုနစ်) **ဖြောင့်စင်းတဲ့ 'နှာတံ(နှာခေါင်း)'**
နံပါတ်(ရှစ်) **ရှည်လျားတဲ့ 'နှာတံ(နှာခေါင်း)'**
နံပါတ်(ကိုး) **ကောက်တဲ့ 'နှာတံ(နှာခေါင်း)'**

ဟုတ်ပြီနော် . . .။ **မြင့်မားတဲ့ 'နှာတံ(နှာခေါင်း)'**ရှိတဲ့သူတွေဟာ စွန့်ဦးတီထွင်တဲ့သူတွေ၊ သုတေသနပညာရှင်ကြီးတွေဖြစ်တတ်တယ်။ ဉာဏ်ကောင်းတယ်။ စိတ်ဓါတ်မြင့်မားတယ်။ အရာရာကို စူးစမ်းလိုစိတ်ရှိတယ်။ စကားနည်းတယ်။ အနေအထိုင်တည်ငြိမ်တယ်။ ပတ်ဝန်းကျင်ကို ဩဇာညောင်းတယ်။ ဘဝမှာ ကြံ့စည်ထားတဲ့ အကြံအစည်ကောင်းတွေကို မဆုတ်မနစ် အကောင်အထည်ဖော်တဲ့နေရာမှာ ဘယ်သူမှလိုက်မမှီဘူး။ မြင့်မားတဲ့ **'နှာတံ(နှာခေါင်း)'**ရှိတဲ့သူတွေဟာ လူနေမှု၊ ဘဝရပ်တည်မှုမှာ အောက်တန်းနောက်တန်းကျစရာ အကြောင်းမရှိဘူး။ ဟုတ်ပြီလား . . .။

နံပါတ်(နှစ်) အမျိုးအစားဖြစ်တဲ့ **'ကြီးမားတဲ့ နှာတံ(နှာခေါင်း)"** ပိုင်ရှိတဲ့သူတွေဟာ မာနကြီးတယ်။ အလုပ်ကို ကြိုးစားလုပ်တယ်။ အလုပ်ကိုဦးစားပေးလွန်းတယ်။ မိသားစုဘဝထက် အလုပ်ကိုပိုပြီး ဦးစားပေးလွန်းတယ်လို့ ဝေဖန်ခံရ၊ အပြောခံရတဲ့ လူမျိုးတွေပေါ့ကွာ။ ငွေကြေးနဲ့ပတ်သက်လာရင် ဘယ်တော့မှ အောက်မကျို့ဘူး။ အတင်စီးလည်းမခံဘူး။ ငွေကြေးဓနတွေကိုလည်း အထင်မကြီးဘူး။ မက်မက်မောမောမရှိဘူး။ ငွေကိုမမက်





ဘူး။ အလုပ်ကိုမက်တဲ့ လူမျိုးတွေပေါ့ကွာ။ ဘယ်အလုပ်ကိုဘဲလုပ် လုပ် အောက်ခြေကနေ ထိပ်ပိုင်းအထိ သိအောင်၊ တတ်အောင် လုပ်ထားနိုင်တယ်။ ကြီးမားတဲ့ ဟိုတယ်ကြီးတွေ၊ စက်ရုံကြီးတွေမှာ ကျွမ်းကျင်ပိုင်နိုင်စွာ အုပ်ချုပ်နိုင်တဲ့ မန်နေဂျာကောင်းတွေဟာ **'ကြီးမားတဲ့ နှာတံ(နှာခေါင်း)'** ပိုင်ရှင်တွေပေါ့ကွာ။ အဲ့ဒီ နှာတံ(နှာခေါင်း)ရှိတဲ့ သူမျိုးတွေဟာ အိမ်ထောင်ရေးညံ့တတ်တယ်။ ဒီလို **'နှာတံ(နှာခေါင်း)'**မျိုးကလည်း များသောအားဖြင့် အမျိုးသားတွေမှာဘဲ ရှိတတ်ပါတယ်။ အမျိုးသမီးတွေမှာလည်း ရှိတယ်။ ဒါပေမယ့် . . ရှားတယ်။ စွမ်းရည်ထက်မြက်တဲ့ အစ္စရေးလ်နိုင်ငံရဲ့ အမျိုးသမီး ဝန်ကြီးချုပ်ဟောင်း 'မစ္စဂိုဒါမေရာ'ဟာ အဲ့ဒီလို နှာတံ(နှာခေါင်း) မျိုးရှိတယ်။

နံပါတ်သုံးအမျိုးအစားဖြစ်တဲ့ **'သေးသွယ်တဲ့ နှာတံ(နှာခေါင်း)'**ရှိတဲ့သူတွေဟာ ဂေးဂီတကိုမြတ်နိုးလွန်းတယ်။ အထီးကျန်စွာနေတတ်ပြီး ဘဝကိုဂီတအနုပညာထဲမှာဘဲ နှစ်မြုပ်ထားတတ်ကြတယ်။ ဘီတဲ(လ်)တီးဝိုင်းက ကမ္ဘာကျော်'ဂျွန်လင်နွန်'ဟာ ဒီလို 'နှာတံ(နှာခေါင်း)'မျိုးပေါ့ကွာ။ အဲ့ဒီ**'နှာတံ(နှာခေါင်း)'** မျိုးရှိတဲ့ သူတွေဟာ ဇွဲကောင်းတယ်။ လျို့ဝှက်တတ်တယ်။ အနေအထိုင်နဲ့ အပြောအဆိုကို အမြဲတမ်းသတိထားပြီး နေထိုင်ပြောဆိုလေ့ ရှိကြတယ်။ အသေးအဖွဲကိစ္စလေးတွေကိုတော့ ရေးကြီးခွင်ကျယ်လုပ်လေ့ရှိတယ်။ ချစ်သူအပေါ်မှာ ယုံကြည်မှုပိုထားတယ်။ မိမိရဲ့ချမ်းသာကြွယ်ဝမှုကို လူမသိအောင် သိုသိုသိပ်သိပ်နေတတ်တယ်။ ဘဝမှာ ပြိုင်ဆိုင်မှုတွေ၊ ဖိအားပေးမှုတွေနဲ့ အမြဲတမ်းစိမ်ခေါ်နေရတတ်တယ်။ ဒါကြောင့်လည်း ဇွဲကောင်းတယ်လို့ ပြောရတာပေါ့ကွာ။



www.burmeseclassic.com

www.burmeseclassic.com



နံပါတ်လေးအမျိုးအစားဖြစ်တဲ့ **'ပွယောင်းတဲ့ နှာတံ (နှာခေါင်း)'**ရှိတဲ့သူတွေဟာ ပေါင်းသင်းဆက်ဆံရေးသိပ်ကောင်းတယ်။ မိတ္တဗလဋီကာစာအုပ်ကို အရည်ကျိုသောက်ထားတဲ့သူတွေ ပေါ့ကွာ။ ပွင့်လင်းမှုရှိတယ်။ ဟာသဉာဏ်ကောင်းတယ်။ နှမြောတွန့်တိုခြင်းမရှိဘူး။ ရက်ရောတယ်။ မိတ်ဆွေအပေါင်းသင်းကိုအဆင့်မခွဲဘူး။ အဆင့်တိုင်းနဲ့ . . လူအမျိုးမျိုးနဲ့အဆင်ပြေအောင် ပေါင်းသင်းတတ်တယ်။ ဒါပေမယ့် . . . အညှိုးကြီးတယ်။ မကောင်းတာကိုဘဲဖြစ်ဖြစ်၊ ကောင်းတာကိုဘဲဖြစ်ဖြစ် ကြိတ်ပြီးကြံတတ်တယ်။ အချစ်ရေးမှာလည်း တစ်ဖက်စောင်းနင်းနိုင်တယ်။ ချစ်သူ အပေါ် နားလည်မှုမပေးနိုင်ဘူး။ မိသားစုအတွင်းမှာတော့ . . သြဇာအာဏာကို ရအောင်ယူထားနိုင်တယ်။ အလုပ်လုပ်တဲ့နေရာမှာလည်း လျှို့ဝှက်လွန်းတယ်။ ငွေကြေးကိစ္စနဲ့ ပတ်သက်လာရင် သည်းခံမှုမရှိဘူး။ ဒါတွေက 'ပွယောင်းတဲ့နှာတံ(နှာခေါင်း)' ရှိတဲ့သူတွေရဲ့ အမူအကျင့်နဲ့ စရိုက်လက္ခဏာတွေဘဲ။ လိုက်ပြီးရေးမှတ်ထားပါ။

နံပါတ်ငါးအမျိုးအစားဖြစ်တဲ့ **'တိုတဲ့ နှာတံ(နှာခေါင်း)'** ရှိတဲ့သူတွေဟာ . . အလှအပထက် သဘာဝကိုဦးစားပေးတယ်။ ဘဝသမားတွေပေါ့ကွာ။ ဟိတ်ဟန်မထုတ်တတ်ဘူး။ ဟိတ်ဟန်ထုတ်တာမျိုးကိုလည်း ရွံမုန်းကြတယ်။ ငွေကြေးဥစ္စာမနကို မက်မက်မောမောမရှိဘူး။ စိတ်ညစ်ရတဲ့အလုပ်မျိုး၊ ခေါင်းခြောက်ရတဲ့အလုပ်မျိုးကို လက်ရှောင်တယ်။ အရှုပ်အရှင်းပြဿနာတွေကိုကြောက်တယ်။ ပါတီ၊ အသင်းအဖွဲ့အစည်းတွေမှာ ဝင်ပါလေ့မရှိဘူး။ စည်းကမ်းကိုကြောက်တယ်။ သိပ်စည်းကမ်းမရှိဘူးလို့ ပြောတာပေါ့ကွာ။ ပျော်ပျော်ရွှင်ရွှင်နေတတ်တယ်။ ပျော်ပျော်နေသေခဲ





တယ်ဆိုတဲ့စကားကို လက်ကိုင်ထားတဲ့သူတွေဟာ **'တိုတဲ့နှာတံ (နှာခေါင်း)'**ရှိတဲ့သူတွေဘဲ။ ဝတ်စားဆင်ယင်မှုမှာ သပ်သပ်ရပ်ရပ် မရှိသလို၊ အလုပ်အကိုင်လုပ်ရာမှာလည်း သေသေသပ်သပ်မရှိဘူး။

နံပါတ်ခြောက်အမျိုးအစားဖြစ်တဲ့ **'ဖိပြားနေတဲ့ နှာတံ (နှာခေါင်း)'**ရှိတဲ့သူတွေဟာ . . . လူနဲ့လူမှုပတ်ဝန်းကျင်ကို တွယ်တာခုံမင်လွန်းတယ်လို့ ပြောရမှာဘဲ။ လူချစ်လူခင်ပေါမယ်။ နှစ်လိုဖွယ်ရာ အပြုံးမျိုးကိုပြုံးတတ်တယ်။ ထင်ထင်ပေါ်ပေါ်ဖြစ်တဲ့ အနေအထားမျိုးကိုရှောင်တယ်။ လျှို့ဝှက်တတ်တယ်။ ပကာသနလုပ်မှုတွေနဲ့ ဘောင်ဝင်အောင်နေနိုင်ပေမယ့် . . . ပကာသနကိုတော့မုန်းတယ်။ သူတစ်ပါးရဲ့ ကျေးဇူးကို သိတတ်တယ်။ ပညာရပ်တစ်ခုကို နိုက်နိုက်ချွတ်ချွတ် လေ့လာတတ်တယ်။ အပြောနဲ့ အလုပ်ညီအောင်နေတယ်။ 'ဆိုခဲစေ . . မြဲစေ' ပေါ့ကွာ။ ချစ်သူအပေါ် သစ္စာရှိတယ်။ အချစ်ရေးမှာ နက်နက်ရှိုင်းရှိုင်းရှိတယ်။ ဒါပေမယ့် . . အချစ်ရေးမှာ ကံမကောင်းတတ်ဘူး။ လုပ်ငန်းကြီးတွေကို ဦးဆောင်လုပ်ကိုင်နိုင်တဲ့ စွမ်းရည်ရှိတယ်။ ဘဝရဲ့အောင်မြင်မှု၊ လုပ်ငန်းအောင်မြင်မှုတွေမှာ အထနှေးတတ်တယ်။ အစားကြူးတယ်။ အစားအသောက်ချက်ပြုတ်မှုကို ဝါသနာပါတယ်။ ဟင်းချက်ကောင်းတယ်။ တစ်ခါတစ်ရံမှာ ပြန်မပြော နားမထောင်တဲ့ ဉာဏ်မျိုးရှိတယ်။ ဟုတ်ပြီလား . . . လူတစ်ယောက်ရဲ့ **နှာတံ(နှာခေါင်း)** ကို မြင်လိုက်တာနဲ့ အဲ့ဒီလူရဲ့ စိတ်နေစိတ်ထားကို တန်းပြီးပြောနိုင်၊ ဟောနိုင်ရမယ်။

ကဲ . . . ခုပြောမှာက နံပါတ်ခုနစ်ဖြစ်တဲ့ **'ဖြောင့်စင်းတဲ့ နှာတံ(နှာခေါင်း)'**ရှိတဲ့သူရဲ့ စိတ်နေစိတ်ထားနဲ့ အမူအကျင့်တွေ။ စရိုက်လက္ခဏာတွေပေါ့ကွာ . . ။ **'နှာတံ(နှာခေါင်း)'** ဖြောင့်စင်းတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူဟာ စည်းကမ်းသိပ်ကြီးတယ်။ "စည်းကမ်းသည် လူ၏တန်ဖိုး" ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားတဲ့ လူမျိုးတွေပေါ့ကွာ။ တစ်ခုရှိတာက အဲ့ဒီလူမျိုးတွေဟာ ပတ်ဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် မနေတတ်ဘူး။ အဆင့်အတန်းလည်းခွဲတတ်တယ်။ သာမန်ပညာရေး အဆင့်အတန်းထက်ပိုတယ်။ ပါရဂူဘွဲ့၊ ဒေါက်တာဘွဲ့ရတဲ့ ပါမောက္ခကြီးတွေရဲ့ **နှာတံ(နှာခေါင်း)**ဟာ ဖြောင့်စင်းတယ်။ စိတ်နေစိတ်ထားလည်း ဖြောင့်မတ်တယ်။ ဘာသာတရားကိုးကွယ်ယုံကြည်မှုမှာ နက်ရှိုင်းတယ်။ ဘယ်လုပ်ငန်းကိုမဆို ပိပိရိရိနဲ့ စံနစ်တကျလုပ်တတ်တယ်။ အဲ့ဒီလို **'ဖြောင့်စင်းတဲ့ နှာတံ(နှာခေါင်း)'**ရှိတဲ့ သူတွေဟာ ကံတရားရဲ့ ကူဖေးမမှုကို အမြဲတမ်းခံရတတ်တယ်။

နံပါတ်ရှစ်ဖြစ်တဲ့ . . **'ရှည်လျားတဲ့ နှာတံ(နှာခေါင်း)'** ပိုင်ရှင်တွေဟာ ကျော်ကြားထင်ရှားအောင်မြင်တဲ့ အားကစားသမားတွေဖြစ်တတ်တယ်။ ပတ်ဝန်းကျင်နဲ့ မှန်တန်းဘဲဆက်ဆံတယ်။ ရည်မွန်တဲ့သွင်ပြင်ရှိတယ်။ လှပတဲ့ အဝတ်အထည်တွေနဲ့ လိုက်ဖက်တယ်။ အနိုင်မခံ၊ အရှုံးမပေးလိုတဲ့စိတ်ရှိပေမယ့် . . သနားတတ်တယ်။ ညှာတာတတ်တယ်။ စီးပွားလုပ်ငန်းတွေကို ဝါသနာမပါဘူး။ အချစ်ရေးနဲ့ အိမ်ထောင်ရေးမှာလည်း သူ့ဘက်၊ ကိုယ့်ဘက် မျှမျှတတ ရှိတယ်။ ဘယ်အလုပ်ကိုဘဲလုပ်လုပ် ဆန္ဒစောတတ်တယ်။ ခေတ်နောက်ပြန်ဆွဲတဲ့ အယူသည်းမှုတွေကို လုံးဝလုံးဝ လက်မခံဘူး။ ဘာသာရေးကိုလည်း အလျှော့အတင်းနဲ့ ယုံကြည်ကိုးကွယ်တဲ့သူ တွေဟာ . . . **'ရှည်လျားတဲ့ နှာတံ(နှာခေါင်း)'** ပိုင်ရှင်တွေဘဲ။

နံပါတ်ကိုးဖြစ်တဲ့ . . . **ကောက်တဲ့ နှာတံ(နှာခေါင်း)** ရှိတဲ့ သူတွေက ဘယ်လိုနေရာမျိုးမှာဘဲဖြစ်ဖြစ် ဦးစီးဦးဆောင်ပြုလုပ်ချင်တဲ့ စိတ်ဓါတ်ရှိတယ်။ အသင်းတွေ၊ အဖွဲ့အစည်းတွေမှာ ဥက္ကဋ္ဌ





နေရာ၊ အတွင်းရေးမှူးနေရာတွေကို ရအောင်ယူနိုင်၊ ရအောင်လုပ်နိုင်တဲ့ စွမ်းရည်ရှိကြတယ်။ ဘယ်လိုအလုပ်မျိုးကိုဘဲဖြစ်ဖြစ် မနားမနေကြိုးစားအားထုတ်လိုတဲ့ စိတ်ဓါတ်မျိုးရှိတယ်။ တက်ကြွမြန်ဆန်တဲ့ လှုပ်ရှားမှုတွေရှိတယ်။ မိမိရဲ့ ရည်မှန်းချက်ရှေ့မှာ ကိုးလို့ကန့်လန့်လုပ်နေတဲ့သူတွေကို အပြတ်တိုက်ခိုက်ရှင်းလင်းတဲ့နေရာမှာတော့ လက်သံပြောင်တယ်။ ရက်စက်တယ်။

**နှာတံ (နှာခေါင်း)**နဲ့ ပတ်သက်ပြီး . . . အဲ့ဒီ ကိုးမျိုးကိုဘဲ အပိုင်မှတ်ထားပါ။ နှာတံ(နှာခေါင်း)ပေါက်ကျယ်ရင် သတ္တိရှိတယ်။ စွန့်စားတဲ့ အလုပ်တွေကို လုပ်တတ်တယ်။ **နှာတံ(နှာခေါင်း)**ပေါက်ကျဉ်းရင် နိုးကြားတက်ကြွမှုရှိတယ်။ သတိဝီရိယကောင်းတယ်။ အဲ့ဒါကိုလည်း ထည့်မှတ်ထားလိုက်ပါ။ မှတ်ပြီး . . . ခဏနားမယ်။ 'နှုတ်ခမ်း' အကြောင်းဆက်ပြောမယ်။


☆☆☆




www.burmeseclassic.com


www.burmeseclassic.com

နှာခေါင်း ၊ နှာတံ အုပ်စု (1)



နှာခေါင်း ၊ နှာတံ အုပ်စု (2)







www.burmeseclassic.com


www.burmeseclassic.com


## နှာခေါင်း ၊ နှာတံ အုပ်စု (3)



## နှာခေါင်း ၊ နှာတံ အုပ်စု (4)







www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။**'နှုတ်ခမ်း'**အကြောင်းကို မပြောခင်မှာ အပေါ် 'နှုတ်ခမ်း' ရဲ့ အပေါ်တည့်တည့်နဲ့ **နှာတံ (နှာခေါင်း)** ပေါက်အောက် တည့်တည့်မှာရှိတဲ့ ချိုင့်ရှည်မျောမျောလေးကို အင်္ဂလိပ်လို ဘယ်လို ခေါ်သလဲ . . . မင်းသိလား။

ကျွန်ုပ်။ ။**'ဖီးလ်ထရမ်း' (Philtrum)** လို့ခေါ်တယ် . . အစ်ကို။

အစ်ကိုကြီး။ ။ဟုတ်တယ် . . . **'ဖီးလ်ထရမ်း' (Philtrum)** လို့ခေါ်တယ်။ မြန်မာလို အခေါ်တော့မရှိဘူး။ အဲ့ဒီ **'ဖီးလ်ထရမ်း' (Philtrum)** နက်နက်ရှိုင်းရှိုင်းလေး ရှိတဲ့သူတွေဟာ ကျန်းမာရေးကောင်းတယ်။ အသက်ရှည်တယ်။ သူတို့ရဲ့ လက်ဝါးပြင်ကိုကြည့်လိုက်ရင် အသက်လမ်းကြောင်းက နက်ရှိုင်းထင်ရှား ရှည်လျားနေမယ်။ အပြတ်အဖြတ်မရှိဘူး။ **'ဖီးလ်ထရမ်း' (Philtrum)** တိမ်နေရင် . . . ဘဝတစ်လျှောက်လုံးမှာ ကျန်းမာရေးချူချာတဲ့သူဖြစ်မယ်။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါတွေနဲ့ နပန်းလုံးနေတဲ့သူတွေပေါ့ကွာ။

ကျွန်ုပ်။ ။**'ဖီးလ်ထရမ်း' (Philtrum)** အကြောင်းကို ခုမှဘဲ သိတော့တယ်။

အစ်ကိုကြီး။ ။**'မျက်နှာကဲခပ်ဗေဒင်'** ပညာမှာ **'ပါးစပ်'** နဲ့ **'နှုတ်ခမ်း'** ကိုခွဲခြားပြီးမပြောဘူး။ ဒါပေမယ့် . . **'နှုတ်ခမ်း'**ကိုဘဲ အဓိကထားတယ်။ **'နှုတ်ခမ်း'**





နဲ့ပတ်သက်တဲ့ဟောချက်တွေကိုဘဲ ကျမ်းစာအုပ်တွေထဲမှာ အများဆုံးတွေ့ရတယ်။ ပြောစရာတစ်ခုရှိတာက **'နှုတ်ခမ်း'**နဲ့ ပတ်သက်တဲ့ ဟောချက်တွေကလည်း အမျိုးမျိုးကွဲပြားခြားနားမှုတွေရှိတယ်။ အရှေ့တိုင်း **'မျက်နှာကဲခပ်ဗေဒင်'** ပညာနဲ့ အနောက်တိုင်း **'မျက်နှာကဲခပ်ဗေဒင်'** ပညာတွေမှာလည်း လူတွေရဲ့ **'နှုတ်ခမ်း'**နဲ့ ပတ်သက်တဲ့ ပြဆိုချက်၊ ဟောချက်တွေက သိပ်မတူဘူး။ ဒါပေမယ့် . . . ငါကတော့ . . ခြုံပြီးလေ့လာထားတယ်။ နီးစပ်တဲ့ဟောချက်တွေကို စုစည်းပြီးမှတ်သားထားတယ်။

အပေါ်**'နှုတ်ခမ်း'**က အောက်**'နှုတ်ခမ်း'**ထက် ပါးလွှာတဲ့ သူတွေဟာ အတ္တကြီးတယ်။ အပေးအယူမရှိဘဲ ကိုယ်တွက်သမားတွေပေါ့ကွာ။ နှမြောတွန့်တိုတတ်တယ်။ အပေါ်**'နှုတ်ခမ်း'**က အောက်**'နှုတ်ခမ်း'**ထက် ထူထဲတဲ့လူတွေကတော့ လူမှုဆက်ဆံရေးတွေမှာ မျှတတယ်။ အဆင်ပြေချောမွေ့တယ်။ စေတနာကောင်းတယ်။ ရက်ရောတယ်။ ပရိဟိတလုပ်ငန်းတွေကို ဆောင်ရွက်တဲ့နေရာမှာ ကိုယ်ကျိုးလုံးဝမကြည့်တဲ့ သူတွေပေါ့ကွာ။ အပေါ်**'နှုတ်ခမ်း'**နဲ့ အောက်**'နှုတ်ခမ်း'**တူညီတဲ့ အတိုင်းအတာ အနေအထားမျိုးရှိတဲ့သူတွေက ပတ်ဝန်းကျင် လူမှုအဖွဲ့အစည်းနဲ့ လိုက်လျောညီထွေအောင် နေတတ်ကြတယ်။ စကားပြောကောင်းတယ်။ နှုတ်နဲ့စည်းရုံးနိုင်တဲ့ နေရာမှာတော့ ဘယ်သူမှလိုက်လို့မမှီဘူး။ ကျောက်ဆစ်ရုပ်ကို ခေါင်းညိတ်မှီအောင်ပြောနိုင်တဲ့ သူတွေပေါ့ကွာ။ စာအသင်အပြကောင်းတဲ့ ကျောင်းဆရာတွေ၊ အဟောအပြောကောင်းတဲ့ နိုင်ငံရေးသမားတွေရဲ့ အပေါ်**'နှုတ်ခမ်း'**နဲ့ အောက်**'နှုတ်ခမ်း'** အကြီးအသေးဟာ သိပ်ကွာခြားမှုမရှိဘူး။ ဟုတ်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



သေးငယ်ပါးလွှာတဲ့ **'နှုတ်ခမ်း'** ပိုင်ရှင်တွေဟာ ကိုယ့်အတွက်မကျန်တဲ့ အလုပ်ဆို ဘယ်အလုပ်မှမလုပ်ဘူး။ ကိုယ်ကျိုးစီးပွားကို သိပ်ကြည့်လွန်းတယ်။ သဘောထားကျဉ်းမြောင်းတယ်။ စိတ်ကောက်တတ်တယ်။ လူမှုဆက်ဆံရေးတွေမှာ ဖျံကျတတ်တယ်။

**'နှုတ်ခမ်း'** အစုံဟာ သေးငယ်ပြီး အောက်ဘက်ကိုကွေးညွတ်နေရင် အရာအားလုံးကို မကျေမနပ်ဖြစ်နေတတ်တယ်။ ခေါင်းမာတယ်။ မိမိရဲ့ပတ်ဝန်းကျင်ကို ယုံကြည်မှုတည်ဆောက်လို့မရတဲ့သူတွေလို့ သတ်မှတ်ရမှာဘဲ။ မည်သည့်အကြောင်းနဲ့ဘဲဖြစ်ဖြစ် သူတစ်ပါးကို ဆရာမတင်ချင်တဲ့သူတွေ၊ သူတစ်ပါးရဲ့ဩဇာကို မခံချင်တဲ့သူတွေရဲ့ **'နှုတ်ခမ်း'** အစုံဟာ သေးငယ်ပြီး အောက်ဘက်ကို ကွေးညွတ်နေတယ်။

**'နှုတ်ခမ်း'** အစုံဟာ သေးငယ်ပြီး အပေါ်ဘက်ကို ကွေးညွတ်နေရင် လူအများနဲ့ ရင်းရင်းနှီးနှီး ဖော်ဖော်ရွေရွေ ပေါင်းသင်းဆက်ဆံမှုမရှိဘူး။ စကားပြောတဲ့နေရာမှာလည်း ဘုဂလန့် ပြောတတ်တယ်။ **'နှုတ်ခမ်း'** အစုံဟာ သေးငယ်ပြီး အပေါ်ဘက်ကို ကွေးညွတ်နေတဲ့ **'နှုတ်ခမ်း'** ပိုင်ရှင်တွေဟာ အကောင်းမြင်ဝါဒ သမားတွေ မဟုတ်တာကတော့ ကြိမ်းသေတယ်။

ကြီးမားတဲ့ **'နှုတ်ခမ်း'** ရှိတဲ့သူတွေ . . **'နှုတ်ခမ်း'** ထူတဲ့သူတွေပေါ့ကွာ . .။ သူတို့ကတော့ အကောင်းကြိုက်သမားတွေလို့ ပြောရမှာဘဲ။ အစားအသောက်နဲ့ ပတ်သက်လာရင်လည်း ကောင်းပေ့ဆိုတဲ့ စားကောင်းသောက်ဖွယ်မှစားတယ်။ အဝတ်အထည်ဆိုရင်လည်း လှပေ့၊ တန်ဘိုးကြီးပေ့ဆိုတဲ့ အဝတ်အထည်တွေကိုမှဝတ်တယ်။ ပွင့်လင်းပြီး ရိုးသားမှုရှိတယ်။ သဒ္ဓါတရားအားကောင်းတယ်။ သူတစ်ပါးကို ပေးကမ်းတဲ့နေရာမှာ ရက်ရောတယ်။ မကျေ





နပ်ချက်တွေ၊ ခံစားချက်တွေကို ဖော်ထုတ်ပြောဆိုတဲ့အခါမှာ ပိုပိုသာသာပြောတတ်တယ်။ ချဲ့ကားတတ်တယ်။ ပတ်ဝန်းကျင်ကို မကျေနပ်တဲ့အခါမျိုးမှာ မြိုသိပ်မထားတတ်ဘဲ အမြဲတမ်းမြည်တွန်တောက်တီးနေတတ်တယ်။ ကြီးမားတဲ့ **'နှုတ်ခမ်း'** ရှိတဲ့သူတွေဟာ . . ပွင့်လင်းရိုးသားမှုကို ကြိုက်တဲ့သူတွေနဲ့ ပြောဆိုဆက်ဆံမိရင်တော့ . . အံဝင်ဂွင်ကျအလွန်ဖြစ်တာပေါ့ကွာ။

ပြည့်ဖြိုးဝိုင်းစက်တဲ့ **'နှုတ်ခမ်း'** ပိုင်ရှင်တွေကတော့ စိတ်ခံစားမှုပြင်းပျလွန်းတယ်။ အလွမ်းအဆွေးသမားတွေလို့ ပြောလို့ရတယ်။ သူတစ်ပါးအပေါ် သနားကြင်နာစိတ်ရှိတယ်။ အမျိုးသမီးတွေဆိုရင်တော့ . . . မျက်ရည်လွယ်တယ်။

အပေါ် **'နှုတ်ခမ်း'**က ကွပြီး အလယ်သွားကလေးတွေကို မြင်နေရမယ်ဆိုရင် . . အဲ့ဒီလို **'နှုတ်ခမ်း'** ပိုင်ရှင်တွေဟာ ငွေကို သိပ်ချစ်တယ်။ ငွေကို ရှေ့တန်းတင်မယ်။ ငွေစုဆောင်းမှုကို ဝါသနာထုံမယ်။ ငွေမက်မယ်။

အပေါ်**'နှုတ်ခမ်း'**က အောက်**'နှုတ်ခမ်း'**ထက်တိုပြီး ကုန်းကော့ကော့လေးဖြစ်နေရင် ဆွဲဆောင်မှုအားကောင်းတယ်။ အထူးသဖြင့် အမျိုးသမီးတွေမှာဘဲ ရှိတတ်တဲ့ **'နှုတ်ခမ်း'** မျိုးပါ။ လူချစ်လူခင်ပေါ်စေတဲ့ **'နှုတ်ခမ်း'**မျိုးပေါ့ကွာ။ အဲ့ဒီလို **'နှုတ်ခမ်း'**ပိုင်ရှင်တွေဟာ အမြောက်ကြိုက်တယ်။ ပါးပါးလျားလျား ကိုယ်နေဟန်ထားနဲ့ အလွန်လိုက်ဖက်ပြီး တစ်ဖက်သားကို ဆွဲငင်အားကောင်းတဲ့ **'နှုတ်ခမ်း'** တွေပေါ့ကွာ။

အထူးသဖြင့် အမျိုးသမီးတွေမှာ အဲ့ဒီလို **'နှုတ်ခမ်း'** မျိုးပါရင် လိင်မတူတဲ့ ပုရိသယောကျ်ားတွေကို ဆွဲဆောင်မှုကောင်းတယ်လို့ ဆိုရမှာဘဲ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်**'နှုတ်ခမ်း'**နဲ့ အောက်**'နှုတ်ခမ်း'**နှစ်ခုဟာ တင်းတင်းစေ့ပြီး အရွယ်အစား၊ အထူအပါး ကွာဟလွန်ခြင်းမရှိတဲ့ သူတွေဟာ စိတ်ဓါတ်ခိုင်မာတဲ့သူတွေ၊ စိတ်ဓါတ်အင်အားကောင်းတဲ့သူတွေလို့ တန်းပြီးပြောလို့ရတယ်။ တန်းပြီးဟောလို့ရတယ်။ ဖြောင့်မတ်တည်ကြည်မှုလည်းရှိတယ်။ ဆင်ခြင်တုံတရားကို လက်ကိုင်ထားတဲ့ သူတွေဟာ အဲ့ဒီလို **'နှုတ်ခမ်း'**မျိုးရှိကြတယ်။ မှန်တာပြော . . . မှန်တာလုပ်တဲ့ သူတွေပေါ့ကွာ။ စစ်ဘက်မှာ အမှုထမ်းရင် ရာထူးကြီးကြီးမားမားရတတ်တယ်။ ဂမ္ဘီရပညာကို လေ့လာလိုက်စားအားထုတ်ခဲ့ရင်လည်း အဲ့ဒီလို **'နှုတ်ခမ်း'** မျိုးရှိတဲ့ ပုဂ္ဂိုလ်တွေက ပိုပြီးပေါက်ရောက်ဖြစ်ထွန်းကြတယ်။

**'နှုတ်ခမ်း'**စူလွန်းတာမျိုးကိုလည်း တွေ့လိမ့်မယ်။ အရပ်အခေါ်မှာတော့ **'နှုတ်ခမ်း'**ချွန်တယ်ပေါ့ကွာ။ အဲ့ဒီလိုလူမျိုးဟာ ရည်ရွယ်ချက် ကြီးကြီးမားမားမထားကြဘူး။ ဖြစ်ချင်တာဖြစ်ကွာ ဆိုတဲ့ သူမျိုးတွေပေါ့ကွာ။ "ဒီကွေ့ဒီတက်နဲ့လှော်မယ်၊ ဟိုကွေ့ဟိုတက်နဲ့လှော်မယ်" ဆိုတဲ့ စိတ်ဓါတ်မျိုးတော့ရှိတယ်။ ဘာအလုပ်ကို လုပ်လုပ် ပေါ့ပေါ့ဆဆလုပ်တတ်တယ်။ ဘာကိုမှ အလေးအနက် မထားကြဘူး။

အပေါ်**'နှုတ်ခမ်း'** သိပ်တိုတဲ့ သူတွေကတော့ . . . ကိုယ့်ကိုကိုယ် ဟုတ်လှပြီလို့ထင်နေပြီး စိတ်ကြီးဝင်နေတဲ့ သူမျိုးတွေပေါ့ကွာ။ ဟန်ဆောင်ကောင်းတဲ့နေရာမှာတော့ . . . ရုပ်ရှင်သရုပ်ဆောင်တွေကို . . . စိမ်ခေါ်လို့ရတယ်။ မာယာပရိယာယ်ကလည်း ကြွယ်တယ်လို့ ပြောရမှာဘဲ။ အချော့အမြှောက်ကိုလည်း ကြိုက်တယ်။ လိုတာထက်ပိုပြီး ဟန်အမူအယာပိုတယ်။ စိတ်ပိုင်းဆိုင်ရာ စွမ်းအားနည်းတယ်လို့ ပြောရမှာဘဲ။





အောက်**'နှုတ်ခမ်း'**က အရှေ့ဘက်ကို လွန်ထွက်နေတဲ့ **'နှုတ်ခမ်း'**မျိုးပိုင်ရှင်က မိုက်ရူးရဲဆန်တယ်။ အတွေးအခေါ် အမြော်အမြင်အားနည်းတယ်။ အများနဲ့မတူတဲ့ ဆန့်ကျင်ဘက်အမြင်တွေ ရှိတတ်တယ်။ မကောင်းမြင်ဝါဒသမားတွေပေါ့ကွာ။ တစ်ယူသန်တွေလို့လည်း ပြောလို့ရတယ်။ အမျိုးသမီးသာ ဖြစ်လို့ကတော့ . . အတင်းအဖျင်းပြောတဲ့နေရာမှာ ချံပီယံဘွဲ့ရသင့်တယ်။

**'နှုတ်ခမ်း'**ကရှည်ပြီး ပါးမယ်။ ပြီးတော့ **'နှုတ်ခမ်း'**ကစေ့နေမယ်ဆိုရင် . . . အဲ့ဒီ**'နှုတ်ခမ်း'**ပိုင်ရှင်ဟာ သနားကြင်နာမှုရှိလိမ့်မယ်။ အမျိုးသမီးဆိုရင်တော့ . . . တော်ဝင်နန်းထိုက်တယ်လို့ ပြောရလိမ့်မယ်။ အမျိုးသမီးတွေမှာ အဲ့ဒီလို **'နှုတ်ခမ်း'**မျိုးကို ပိုအတွေ့များတယ်။ အချစ်ရေးမှာ ပိုပြီးနက်ရှိုင်းတယ်။ အသည်းထဲအူထဲကပါ လှိုက်လှိုက်လှဲလှဲ ချစ်တတ်တဲ့သူမျိုးလို့ ဟောကိန်းထုတ်လိုက်ရင် မမှားစေရဘူး။ စိတ်ကောက်တယ်။ ဒေါသလည်း ဖြစ်လွယ်တယ်။ စိတ်ခံစားမှုကတော့ ပြင်းပျလွန်းတယ်။ အဲ့ဒီလို . . . **'နှုတ်ခမ်း'**ပိုင်ရှင်လည်းဖြစ်၊ အမျိုးသမီးလည်းဖြစ်မယ်ဆိုရင်တော့ . . အချစ်ကြီးသလို၊ အမျက်လည်းကြီးလိမ့်မယ်။ သူမကိုသစ္စာဖောက်လိုက်တာနဲ့ နှစ်နှစ်ကာကာအချစ်ကနေ ပစ်ပစ်ခါခါ အမုန်းတရား ဖြစ်သွားလိမ့်မယ်။

**'နှုတ်ခမ်း'**က မထူလွန်း၊ မပါးလွန်းဘူး။ ပြီးတော့ **'နှုတ်ခမ်း'** အရှည်က အနေတော်ဖြစ်မယ်။ စေ့နေတဲ့နှုတ်ခမ်းလည်း ဖြစ်မယ်ဆိုရင် . . . အဲ့ဒီ**'နှုတ်ခမ်း'**ပိုင်ရှင်ဟာ စိတ်ထားကောင်းတယ်။ တစ်ဖက်သားကို ဆွဲဆောင်နိုင်တဲ့ စိတ်အင်အားကောင်းတယ်။ သံလိုက်ဓါတ်ကောင်းတယ်လို့ ခေါ်နိုင်တယ်။ ကြင်နာတတ်တဲ့ နှလုံးသားရှိတယ်။ စာပေဗဟုသုတနဲ့ ပြည့်စုံတယ်။ အလုပ်လုပ်ကိုင်ရာမှာ စေ့စပ်သေချာတယ်။ စကားပြောဆိုရာမှာလည်း တိကျပြတ်သား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မှန်မှန်ကန်ကန်ပြောပြီး မှန်မှန်ကန်ကန်လုပ်တဲ့ လူမျိုးတွေပေါ့ကွာ။ အဖွဲ့အစည်းတွေမှာ ခေါင်းဆောင်နိုင်တဲ့ စွမ်းရည်မျိုးလည်းရှိတယ်။ ဒါက မထူလွန်း၊ မပါးလွန်း **'နှုတ်ခမ်း'**ရှိပြီး **'နှုတ်ခမ်း'** အလျားအသင့်အတင့်ရှိရမယ်။ စေ့နေတဲ့ **'နှုတ်ခမ်း'**လည်း ဖြစ်ရမယ်။ အဲ့ဒီ **'နှုတ်ခမ်း'**မျိုး ပိုင်ရှင်တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းမှုကို ဖေါ်ပြတာပေါ့ကွာ။


**'နှုတ်ခမ်း'**ရဲ့ ထောင့်စွန်းနှစ်ခုဟာ အပေါ်ကိုကော့တက်နေမယ်ဆိုရင် . . အဲ့ဒီ **'နှုတ်ခမ်း'**ပိုင်ရှင်ဟာ ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်တတ်တယ်။ ပတ်ဝန်းကျင်ကိုလည်း ပျော်ရွှင်မှုပေးစွမ်းနိုင်စွမ်းရှိတယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ ပြောဆိုဆက်ဆံရေးမှာ ဖေါ်ရွေတယ်။ ဝါသနာစုံတယ်။ ဂီတလည်း ဝါသနာပါတယ်။ ပန်းချီ လည်း ဝါသနာပါတယ်။ စာရေးတာလည်း ဝါသနာပါတယ်။ အားကစားလည်း ဝါသနာပါတယ်။ အဲ့ဒီလိုဟာမျိုးကို ဝါသနာစုံတယ်လို့ ပြောတာပေါ့ကွာ။ ဟိုနည်းနည်း . . ဒီနည်းနည်းလည်း လေ့လာမှုရှိတယ်။

ဒီလောက်ဆိုရင် **'နှုတ်ခမ်း'**နဲ့ ပတ်သက်ပြီး တော်တော်လေးစုံသွားပြီပေါ့ကွာ။ ငါလည်း ငါဖတ်ထားတဲ့ စာအုပ်တွေထဲက မှတ်မိသလောက်ကို ပြန်ပြောနေရတာဆိုတော့ . . . အားနည်းချက်တွေရှိတယ်။ ဒါပေမယ့် . . . တော်တော်လေးပြည့်စုံပါတယ်။ လက်တွေ့အသုံးချလို့ရလိမ့်မယ်။ **'မျက်နှာကဲခပ်ဗေဒင်'** စာအုပ်တစ်အုပ်ဖြစ်လာအောင် ရေးဖို့ကတော့ မင်းတာဝန်ဘဲ . . ဟုတ်ပြီလား . . ။ ခု . . . ခဏနားပြီး ဆေးလိပ်သောက်မယ်။ ပြီးမှဆက်သင်တာပေါ့ကွာ။

☆ ☆ ☆








BURMESE CLASSIC .com

www.burmeseclassic.com


www.burmeseclassic.com

နှုတ်ခမ်း အုပ်စု (2)



BURMESE CLASSIC .com


နှုတ်ခမ်း အုပ်စု (3)



www.burmeseclassic.com

www.burmeseclassic.com







အစ်ကိုကြီး။ ။**'မျက်နှာကဲခပ်ဗေဒင်'**ပညာမှာ လူတွေရဲ့ **'သွား'** တွေပေါ့ကွာ။ အဲ့ဒီ **'သွား'**တွေရဲ့ အကြီး၊အသေးနဲ့ အကျဲ၊ အစိပ်တွေကို ကြည့်တဲ့အပိုင်းလည်း ပါတယ်။ **'သွား'**နဲ့ ပတ်သက်တာတွေကိုလည်း ပြောပြသွားမယ်။ လိုက်မှတ်ထားပါ။

ရှေ့**'သွား'**ကျဲတဲ့သူတွေဟာ အန္တရာယ်ကိုမကြောက်တတ်ဘူး။ စွန့်စားလုပ်ကိုင်ရတဲ့ လုပ်ငန်းများ လုပ်ကိုင်ရတာကို ဝါသနာပါတယ်။ ရည်ရွယ်ချက် ခိုင်ခိုင်မာမာတော့ မထားထတ်ကြဘူး။ အလုပ်တစ်ခုကို နှစ်အတော်အတန်ကြာအောင် စွဲစွဲမြဲမြဲမလုပ်ကြဘူး။ စိတ်မငြိမ်ဘူးပေါ့ကွာ။ ဒီလုပ်ငန်းလုပ်ရာကနေ ဟိုလုပ်ငန်းလုပ်ချင်၊ ဟိုလုပ်ငန်းလုပ်နေရာက ဒီလုပ်ငန်းလုပ်ချင်ဆိုတဲ့ လူမျိုးတွေဟာ ရှေ့**'သွား'**ကျဲတယ်။ ဟုတ်ပြီလား . . . ။

ကြီးမားတဲ့ ရှေ့**'သွား'**ရှိတဲ့သူတွေကတော့ ခေါင်းမာတယ်။ ဒါဆိုဒါပဲ။ 'ဘူးဆိုရင်၊ ဖရုံမသီး'တဲ့ လူမျိုးတွေပေါ့ကွာ။ ပတ်ဝန်းကျင်နဲ့ ဆက်ဆံရေး အဆင်မပြေတဲ့ လူမျိုးတွေရဲ့ ရှေ့**'သွား'**တွေဟာ ကြီးနေတတ်တယ်။ စိတ်ရှည်သည်းခံတတ်တဲ့ စိတ်မျိုးလည်းမရှိဘူး။ စကားပြောရင်လည်း ဘုဆတ်ဆတ်ပြောတတ်တယ်။

**'သွား'**တွေက တိတိရိရိရှိပြီး ညီညီညာညာဖြစ်နေရင် ပညာရေးမှာ ထူးချွန်မယ်။ ရာထူးရာခံကြီးကြီးမားမားရတတ်တယ်။


ရှေးတုန်းကတော့ . . . **'သွား'** ၃၂ ချောင်းပြည့်ရင် မင်းဖြစ်မယ်။ **'သွား'** ၃၀ချောင်းတိတိရှိရင် သူကြွယ်ဖြစ်မယ်။ **'သွား'** ၂၉ချောင်းဘဲရှိရင် သူဆင်းရဲဖြစ်မယ်လို့တော့ . . . ကျမ်းတွေထဲမှာ ရေးထားတယ်။ ဒါပေမယ့် . . အဲ့ဒါကိုတော့ မမှတ်ပါနဲ့ကွ။ ခေတ်နဲ့ မလျော်ညီတော့ပါဘူး။ **'သွား'**အကြောင်းနဲ့ ပတ်သက်လို့က ထွေထွေထူးထူးမရှိပါဘူး။ 'မေးစေ့' အကြောင်းကို ဆက်ကြရအောင်

မရမ်းတလင်းစာပေ


www.burmeseclassic.com

www.burmeseclassic.com

သွား အုပ်စု (1)




သွား အုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com

သွား အုပ်စု (3)



သွား အုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။**'မေးစေ့'** ကိုပြောရင် . . . **'မေးရိုး'** ကိုပါတွဲပြီး ပြောရတယ်။ **'မေးရိုး'**ဟာ လူတစ်ယောက်ရဲ့ ကျန်းမာသန့်စွမ်းမှု၊ သက်လုံကောင်းမှုကို ဖော်ပြတဲ့ ပြယုဂ်ဘဲလို့မှတ်ထားပါ။ **'မေးရိုး'**က ခိုင်မာသန့်စွမ်းလေလေ . . . သက်လုံနဲ့ ခံနိုင်စွမ်းရည်ရှိမှုက မြင့်မားလေလေဘဲကွ။ ဟုတ်ပြီ လား . . . ။ ခိုင်ဘတဲ့ **'မေးရိုး'**ရှိတဲ့သူတွေဟာ ခေါင်းမာတဲ့နေရာမှာ နှစ်ယောက်မရှိဘူး။ "ဒါဆို ဒါဘဲ"။ အလျှော့အတင်းမရှိဘူး။ လူမှုဆက်ဆံရေးမှာ လိုက်လျောညီထွေမရှိဘူးပေါ့ကွာ။

အဲ့ဒီခိုင်မာတဲ့ **'မေးရိုး'**က မျက်နှာပြင်ပေါ်မှာ ပေါ်ပေါ်လွင်လွင်နဲ့ ထည်ထည်ဝါဝါရှိနေရင်တော့ . . . မိမိရဲ့ ယုံကြည်ချက်အပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်တဲ့ လူစားမျိုးလို့ တန်းပြီးဗေဒင်ဟောလို့ရတယ်။ ဆုံးဖြတ်ချက်ပြတ်သားတယ်။ စည်းစံနစ်ကျကျနေထိုင်တတ်တယ်။ ခိုင်မာတဲ့ယုံကြည်ချက်၊ တိကျတဲ့ဆုံးဖြတ်ချက်တွေနဲ့ ကိုယ့်ဘဝကိုကောင်းစွာ တည်ဆောက်သွားနိုင်တဲ့သူလို့လည်း ပြောလို့ရတယ်။

**'မေးစေ့'** . . . **'မေးရိုး'** မဟုတ်ဘူး။ **'မေးစေ့'** ကိုပြောမယ်။ **'မေးစေ့'** နဲ့ **'မေးရိုး'**ကိုတော့ တွဲပြီးကြည့်သွားရမယ်။ ဟုတ်ပြီ . . . ။ **'မေးစေ့'**က ဝန်းဝိုင်းမယ်။ ဒါမှမဟုတ်ရင် ပြေပြစ်တဲ့လေးထောင့် **'မေးစေ့'**လေးပေါ့ကွာ။ အဲ့ဒီလို **'မေးစေ့'**မျိုးပိုင်ရှင်ဟာ အိုဇာတာအလွန်ကောင်းတယ်။ ဘဝနှောင်းပိုင်းနဲ့ အဆုံးပိုင်းကို အေးအေးလေးနဲ့ ငြိမ့်ငြိမ့်လေး ကျော်ဖြတ်သွားနိုင်တာပေါ့ကွာ။





ကျွန်ုပ်။ ။ဗေဒင်မေးတဲ့သူ တော်တော်များများ မေးတတ်တာက . . . အိုဇာတာကောင်းမကောင်း ဆိုတာဘဲ။

အစ်ကိုကြီး။ ။အိုဇာတာကောင်းမကောင်း . . ။ လူတစ်ယောက်ရဲ့ အိုဇာတာကို လက္ခဏာကြည့်ဖို့လည်း မလိုဘူး။ ဇာတာခွင်ချပြီး တွက်စရာလည်းမလိုဘူး။ **'မေးစေ့'** . . ။ အဲ့ဒီလူရဲ့ **'မေးစေ့'** ကိုကြည့်လိုက်။ **'မေးစေ့'**က ဝန်းဝိုင်းနေမယ်။ ဒါမှမဟုတ်ရင် ပြေပြစ်ပြီး လေးထောင့် **'မေးစေ့'** ဖြစ်နေရင် . . . အဲ့ဒီလူကို အိုဇာတာကောင်းတယ်လို့ တန်းပြီးဟောလိုက်ပါ။ ဟုတ်ပြီလား။ ဗေဒင်ဆရာတစ်ယောက်အတွက် **'မျက်နှာကဲခပ်ဗေဒင်'**ဟာ သိပ်အသုံးဝင်တယ်။ ဗေဒင်ဟောဖို့တင်မကသေးဘူး။ ချစ်သူရွေးမလား။ အိမ်ထောင်ဘက်ရွေးမလား . . ။ **'မျက်နှာကဲခပ်ဗေဒင်'**နဲ့ ရွေးရင် ပိုကောင်းတာပေါ့ကွာ။ ကိုယ့်ချစ်သူ၊ ကိုယ့်အိမ်ထောင်ဘက်ရဲ့ အမူအကျင့်၊ စရိုက်လက္ခဏာကို ကြိုတင်သိထားရင် . . ကြိုတင်ပြင်ဆင်မှုတွေ၊ ရှောင်ရန်ဆောင်ရန်တွေ လုပ်ထားနိုင်တာပေါ့ကွာ။ သားသမီးရှင် မိဘတွေအတွက်ဆိုရင်လည်း သမက်လောင်း၊ ချွေးမလောင်းတွေကို **'မျက်နှာကဲခပ်ဗေဒင်'**နဲ့ ရွေးချယ်ရင် . . အရွေးမမှားစေရဘူး။ ဟုတ်ပြီနော် . . ။ ဆိုကြပါစို့ . . လုပ်ငန်းရှင်တစ်ယောက်၊ ကုမ္ပဏီပိုင်ရှင်တစ်ယောက်၊ ကိုရဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ရှင်တစ်ယောက်က ဝန်ထမ်းကောင်းတွေရွေးမယ်၊ မန်နေဂျာကောင်းတွေရွေးမယ်ဆိုရင် **'မျက်နှာကဲ ခပ်ဗေဒင်'**ကို အထောက်အကူပြုပြီး ရွေးသင့်တယ်။ ဒါမှ လူတော်လူကောင်းကို ရွေးချယ်ဖြစ်မှာပေါ့ကွ။ ဘွဲ့ လက်မှတ်တွေ၊ အရည်အချင်းပြုစာရွက်စာတမ်းတွေကြည့်ပြီးရွေးရင် 'လူတော်'ဘဲရမယ်။ 'လူကောင်း' ဖြစ်ချင်မှဖြစ်မှာ . .။ ဟုတ်ပြီလား . .။ **'မျက်နှာကဲခပ်ဗေဒင်'**နဲ့ အထောက်အကူပြုပြီးရွေးမှ 'လူကောင်း'ကိုရမှာ။ 'လူတော်'ပြီး 'လူမကောင်း' ရင် အလကားဘဲ။ ဥပမာ . . ဆိုကြပါစို့ကွာ။ မင်းက ကုမ္ပဏီပိုင်ရှင် ကြီးပေါ့။ မင်းက မင်းကုမ္ပဏီအတွက် မန်နေဂျာကောင်းတစ်ယောက်ကို ရွေးမယ်ဆိုပါစို့။ အင်တာဗျူးမှာ . . မန်နေဂျာရာထူး လျှောက်တဲ့သူတွေရဲ့ အရည်အချင်းကို ဘွဲ့ လက်မှတ်တွေ၊ အရည်အချင်းပြု စာရွက်စာတမ်းတွေကိုကြည့်ပြီး သိနိုင်တယ်။ ဒါပေမယ့် . . သူတို့ရဲ့ အမူအကျင့်၊ စာရိတ္တ၊ စရိုက်လက္ခဏာတွေကိုတော့ **'မျက်နှာကဲခပ်ဗေဒင်'** ပညာကိုမတတ်ဘဲ . . . ဘယ်နည်းနဲ့မှ မင်းသိနိုင်မှာမဟုတ်ဘူး။ မင်းကုမ္ပဏီအတွက် မင်းရွေးချယ်လိုက်တဲ့ မန်နေဂျာဟာ အရည်အချင်းရှိတဲ့ 'လူတော်' တစ်ယောက်ဖြစ်ရုံနဲ့ အပြီးသေးဘူးလေကွာ။ သစ္စာရှိရမယ်။ လုံလဝီရိယရှိရမယ်။ ဇွဲကောင်းရမယ်။ စာရိတ္တကောင်းရမယ်။ ကိုယ်နှုတ်အမူအရာ စောင့်စည်းမှုရှိရမယ်။ လူမှုဆက်ဆံရေးတွေမှာ ကျွမ်းကျင်လိမ္မာဝင်ဆန့်ရမယ်။ ဟုတ်ပြီလား . . .။ ဒါမှ မန်နေဂျာကောင်းတစ်ယောက်လို့ ဆိုရမှာပေါ့ကွ။ ရာထူးကြီးကြီးမားမားရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း သူတို့အတွက် အကြံပေးတွေ၊ အတိုင်ပင်ခံတွေ၊ ကိုယ်ရေးအရာရှိတွေ ရွေးချယ်ခန့်အပ်တဲ့အခါမှာ **'မျက်နှာကဲခပ်ဗေဒင်'** ပညာကို အသုံးပြုသင့်တယ်။ **ကိုယ်ခန့်ထားတဲ့ အကြံပေးတွေ၊ အတိုင်ပင်ခံတွေ၊ ကိုယ်ရေးအရာရှိတွေဟာ ညံ့ဖျင်းတဲ့ကိုယ်နှုတ်**





**အမူအယာတွေ၊ အောက်တန်းကျတဲ့ စရိုက်လက္ခဏာတွေ၊ စုတ်ပြတ်ပဲ့ရွဲ့တဲ့ စာရိတ္တတွေရှိလို့ကတော့ ကိုယ်ပါသမိုင်းရဲ့တရားခံ၊ ပြည်သူ့ရှဉ်ဗတ်၊ နိုင်ငံတော်ရဲ့အောက်နလုံးနာဖြစ်မှာ မြေကြီးလက်ခတ်မလွဲဘဲ။**

ကျွန်ုပ်။ ။**'မျက်နှာကဲခပ်ဗေဒင်'** ပညာဟာ တော်တော်အသုံးဝင်မှန်း ခုမှဘဲ ကျွန်တော်သိတော့တယ်။ **ချစ်သူရွေးရင်ဘဲဖြစ်ဖြစ်၊ အိမ်ထောင်ဘက်ရွေးရင်ဘဲဖြစ်ဖြစ်၊ သမက်လောင်း၊ ချွေးမလောင်းရွေးရင်ဘဲဖြစ်ဖြစ်၊ လူယုံရွေးရင်ဘဲဖြစ်ဖြစ်၊ ကိုယ်ရေးအရာရှိရွေးရင်ဘဲဖြစ်ဖြစ်၊ အုပ်ချုပ်ရေးမှူးတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို** မဲပေးရင်ဘဲ**ဖြစ်ဖြစ်** . . . 'မျက်နှာကဲခပ်ဗေဒင်' ပညာကို **သိထား၊ တတ်ထားသင့်တာပေါ့။**

အစ်ကိုကြီး။ ။ဒါတင် . . ဘယ်ဟုတ်သေးမှာလဲ . .။ တရုတ်ရှေးဟောင်း ဆေးပညာရှင်ကြီးတွေဆိုရင် **'မျက်နှာကဲခပ်ဗေဒင်'**ပညာနဲ့ ဆေးဟောင်ကုသနိုင်သေးတယ်။

ကျွန်ုပ်။ ။**'မျက်နှာကဲခပ်ဗေဒင်'**ပညာနဲ့ ဆေးကုသနေတဲ့ တရုတ်တိုင်းရင်းဆေးဆရာကြီးတွေ ခုခေတ်မှာ ရှိသေးလား . . . အစ်ကို။

အစ်ကိုကြီး။ ။မြန်မာပြည်မှာတော့ ရှိတော့မယ်မထင်ပါဘူး။ တရုတ်ပြည်မှာတော့ ရှိဦးမယ်ထင်တယ်။ ငါ ဆန်စက်မှာ အလုပ်လုပ်တုန်းက 'ဘွန်ဟောင်း' ဆိုတဲ့ တရုတ်အဖိုးကြီးတစ်ယောက်နဲ့ သိကျွမ်းခင်မင်ခဲ့ဖူးတယ်။ မင်း သူ့ကိုမြင်ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။မြင်ဖူးတယ်။ လေးထောင့်ကန် . . ဆန်စက်မှာတုန်းက မဟုတ်လား။

အစ်ကိုကြီး။ ။ဟုတ်တယ် . . . အဲ့ဒီ ဦး'ဘွန်ဟောင်း'ကြီးက **'မျက်နှာကဲခပ်ဗေဒင်'**ပညာနဲ့ ဆက်စပ်နေတဲ့ ဆေးပညာကိုတတ်တယ်။ သူ့အပြောတော့ . . နည်းနည်းပါးပါးဘဲလို့ ပြောတာဘဲ။

ကျွန်ုပ်။ ။ပညာလျှို့ခြင်းလို့ထင်ပါတယ်။

အစ်ကိုကြီး။ ။မဟုတ်ပါဘူးကွာ။ သူငါ့ကိုသင်ပေးပါတယ်။ ငါက ဆေးပညာကို ဝါသနာမပါတော့ . . သိပ်ပြီး ခေါင်းထဲမှာ မှတ်မှတ်သားသားမလုပ်ခဲ့ဘူး။ စံနစ်တကျလိုက်ပြီး ရေးမှတ်ထားတာရှိတယ်။ နောက် . . . မင်းကို အဲ့ဒီစာအုပ်တွေကိုပေးမယ်။ မင်း . . . လေ့လာချင်ရင် လေ့လာပေါ့ကွာ။ သူပြောတဲ့ . . နည်းနည်းပါးပါးလေး သိထား၊ တတ်ထားတာတောင် တော်တော်လေးများပြီး ကျယ်ပြန့်နက်နဲတယ်။ ငါ့ကိုတော့ . . . ဆရာစားမချန်ဘဲ သူသိထားတတ်ထားသရွေ့တော့ အားလုံးသင်ပေးသွားတာပါဘဲ။ ငါကလိုက်ပြီးရေးမှတ်ထားပေမယ့် . . . ဝါသနာမပါတော့ ပြန်ဖတ်မကြည့်တော့ဘူးပေါ့ကွာ . . ။ အခြေခံကတော့ . . **'မျက်နှာကဲဗေဒင်'**ပညာပေါ့ကွာ။

ငါ . . မှတ်မိသလောက်ပြန်ပြောပြမယ်။ လူတစ်ယောက်ရဲ့ မျက်နှာပြင်ပေါ်မှာ ခန္ဓာကိုယ်အတွင်းက နှလုံး၊ ကျောက်ကပ်၊ သည်းခြေ၊ အသဲ၊ အဆုပ်စတဲ့ အင်္ဂါအစိပ်အပိုင်းတွေကို ကိုယ်စား





ပြုတဲ့ နေရာတွေကို သတ်မှတ်ထားတယ်။ 'ကျောက်ကပ်' ဆိုပါတော့ကွာ။ မျက်လုံးနှစ်လုံးရဲ့ အောက်ဘက်နှစ်ဘက်ဟာ 'ကျောက်ကပ်'ကို ကိုယ်စားပြုတဲ့နေရာဘဲ။ အဲ့ဒီနေရာဟာ အပြာရောင်သန်းပြီး အနည်းငယ်ရောင်နေရင် 'ကျောက်ကပ်'အားနည်းနေပြီ။ မျက်လုံးနှစ်လုံးရဲ့အောက် 'ကျောက်ကပ်'ကို ကိုယ်စားပြုတဲ့နေရာနဲ့ ကပ်လျက် အောက်ဘက်ဟာ 'အသည်း'ကို ကိုယ်စားပြုနဲ့နေရာဘဲ။ အဲ့ဒီနေရာဟာ အညိုရင့်ရောင်သန်းပြီး သွေးခြေဥတဲ့သဏ္ဍာန်ဖြစ်နေရင်တော့ . . . 'အသည်း'ရောဂါရနေပြီလို့ သတ်မှတ်ရမယ်။ ပါးပြင်ဘေးဘက် မေးရိုးအပေါ်ပိုင်းနေရာဟာ 'အစာအိမ်'ကို ကိုယ်စားပြုတဲ့နေရာဘဲ။ အဲ့ဒီနေရာမှာ အဖြူရောင်အစက်အပြောက်လေးတွေကို တွေ့ရရင် ခန္ဓာကိုယ်မှာ သကြားဓါတ်လွန်ကဲနေပြီလို့ သတ်မှတ်ရမယ်။ **'မေးစေ့'**ဟာ အနီရောင်သန်းပြီး ယောင်နေရင် 'အူသိမ်'တွေမှာ 'ကပ်ပါးမှို'တွေ ကပ်ညိပြီး အူယောင်ရောဂါရတော့မယ်လို့လည်းဆိုတယ်။ အပေါ် **'နှုတ်ခမ်း'**ကကွဲပြီး အနီရောင်သန်းနေရင် အစာအိမ်မှာ အချဉ်ဓါတ်များနေတယ်ပေါ့ကွာ။ **'နှုတ်ခမ်း'** တစ်ဝိုက်မှာ အဝါရောင်သန်းနေပြီး လျှာမှာအရောင်ဖျော့နေရင် အစာအိမ်ဟာ အစာချေဖျက်မှု အားနည်းနေတယ်လို့ယူဆတယ်။ 'နှာတံ'(နှာခေါင်း)ပေါက်တစ်ဝိုက်နဲ့ ပါးပြင်အောက်ပိုင်းမှာ အနီရောင်သန်းနေရင် အဆုပ်ရောင်၊ အဆုပ်ပွရောဂါရနေပြီပေါ့ကွာ။ ဒါတွေကတော့ . . . ငါမှတ်မိသလောက်ပြောရတာပါ။ ငါရေးမှတ်ထားတာ စာမျက်နှာ ၁၂၀၀လာစာအုပ်နဲ့ခြောက်အုပ်လောက်ရှိတယ်။

ကျွန်ုပ်။ ။ရှေးဟောင်းတရုတ်လူမျိုးတွေရဲ့ **'မျက်နှာကဲခပ်ဗေဒင်'**ဟာ တော်တော်နက်နဲတာဘဲ။

အစ်ကိုကြီး။ ။**'မေးရိုး'**နဲ့ **'မေးစေ့'** အကြောင်းကို ခွ[illegible]ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြောလက်စနဲ့ တရုတ်လူမျိုးတွေရဲ့ **'မျက်နှာကဲခပ်ဗေဒင်'** အကြောင်းကို ဆက်ပြောမယ်။ မင်း . . . ပြောသလို ရှေးဟောင်းတရုတ်လူမျိုးတွေရဲ့ **'မျက်နှာကဲခပ်ဗေဒင်'**ဟာ နက်နဲခက်ခဲတယ် ဆိုတာဟာ သိပ်မှန်တာပေါ့ကွာ။

တရုတ်ပြည်မှာ **Gui-Gu Tze** ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို **'မျက်နှာကဲခပ်ဗေဒင်'**ပညာရှင် ဖခင်ကြီးအဖြစ်နဲ့ သတ်မှတ်ထားကြတယ်။ သူရေးခဲ့တဲ့ **Wei Maing** ဆိုတဲ့ **'မျက်နှာကဲခပ်ဗေဒင်'**ကျမ်းဟာ တော်တော်ထင်ရှားတယ်။ အဲ့ဒီကျမ်းမှာက လူရဲ့မျက်နှာကို **'အခြေခံဓါတ်ကြီးငါးပါး'**နဲ့ **'ယင်'** **'ယန်'** သဘောတွေကိုပါပေါင်းစပ်ပြီး လေ့လာကြည့်ရှုတယ်။ ကျမ်းအဆိုကတော့ . . . **လူတစ်ယောက်ရဲ့ မျက်နှာဟာ အဲ့ဒီလူရဲ့ ဘဝကြေးမုံပြင်တစ်ချပ်လို့ ဆိုထားတယ်။ လူတစ်ဦးရဲ့ မျက်နှာဟာ ထိုလူရဲ့ ညဏ်စွမ်းရည်၊ ပါရမီဓါတ်ခံ၊ လူနေမှုအဆင့်အတန်းတွေရဲ့ မှတ်တမ်းစာအုပ်ဘဲလို့ တရုတ်လူမျိုး 'မျက်နှာကဲခပ်ဗေဒင်' ဆရာကြီးတွေက လက်ခံအတည်ပြုထားတယ်။** လူတစ်ယောက်ရဲ့မျက်နှာဟာ **'အခြေခံဓါတ်ကြီးငါးပါး'** နဲ့သာမက **'ယင်'** **'ယန်'** တွေနဲ့ပါ သဟဇာတဖြစ်ဖို့လိုတယ်လို့လည်း ဆိုကြတယ်။

**'မျက်နှာကဲခပ်ဗေဒင်'**ပညာဟာ တရုတ်ပြည်မှာ ဘီစီ ၆ ရာစုကစပြီး ပေါ်ပေါက်လာတာပါ။ 'ဇီချွမ်း'ပြည်နယ်က 'တာအိုဝါဒီ' တွေက စတင်လာတယ်လို့ ကျမ်းစာအုပ်တွေထဲမှာပါတယ်။

တရုတ်လူမျိုးတွေရဲ့ **'မျက်နှာကဲခပ်ဗေဒင်'**ပညာမှာ လူတစ်ယောက်ရဲ့ မျက်နှာကို အဆင့် ၃ ဆင့်ခွဲထားတယ်။ **'မိုးကောင်းကင်'**၊ **'လူ'**၊ **'မြေ'**ဆိုပြီး အဆင့် ၃ ဆင့်ခွဲထားတယ်။ ဂျပန်လူမျိုးတွေရဲ့ 'အီကေးဘာန'ဆိုတဲ့ ပန်းအလှစိုက်ပညာမှာ **'မိုးကောင်းကင်'**၊ **'လူ'**၊ **'မြေ'** ဆိုပြီး အဆင့်သုံးဆင့် ခွဲထားသလိုပေါ့ကွာ။





မျက်နှာတစ်ခုပေါ့ကွာ . .။ အဲ့ဒီမျက်နှာမှာ . . နဖူးပြင်အထက်ဆံစကနေ **'မျက်ခုံး'** အထိကို **'မိုးကောင်းကင်'**အဆင့်လို့ခေါ်တယ်။ သတ်မှတ်ထားတယ်။

**'မျက်ခုံး'**ကနေ **'နှာတံ(နှခေါင်း)'**ထိပ်၊ နှာခေါင်းပေါက်ဝအထိကို **'လူ'** အဆင့်။ ဟုတ်ပြီလား . . .။

**'နှာတံ(နှာခေါင်း)'**ထိပ်၊ နှာခေါင်းပေါက်ဝကနေ **'မေးဖျား'** အထိကို **'မြေ'** အဆင့်သတ်မှတ်တယ်။

**'မိုးကောင်းကင်'**အဆင့်ကို မွေးစကနေ လူငယ်အရွယ်ထိလို့ သတ်မှတ်တယ်။ ပထမအရွယ်ပေါ့ကွာ။ **'လူ'**အဆင့်ကို လူလတ်ပိုင်းအရွယ်။ ဒုတိယအရွယ်လို့ သတ်မှတ်တယ်။ **'မြေ'**အဆင့်ကို လူကြီးပိုင်းအရွယ်။ တတိယအရွယ်အဖြစ် သတ်မှတ်တယ်။ ဒီမှာ . . . အဆင့် ၃ ဆင့်ဟာ အကွာအဝေးညီမျှနေရမယ်။ အဲ့ဒါအရေးကြီးတယ်။ အဆင့်တစ်ဆင့်ဟာ မျက်နှာပြင်တစ်ခုလုံးရဲ့ သုံးပုံတစ်ပုံထက် လျော့နည်းနေမယ်ဆိုရင် . . အဲ့ဒီအဆင့်နဲ့ သက်ဆိုင်တဲ့ ဘဝအပိုင်းအခြားနှစ်တွေကို ဆင်းရဲပင်ပန်းစွာနဲ့ ဖြတ်သန်းကျော်ရလိမ့်မယ်။ ဆိုကြပါစို့ **'နဖူး'** ကျဉ်းတဲ့သူတွေဟာ ကလေးဘဝကို ဆင်းရဲပင်ပန်းစွာနဲ့ ဖြတ်သန်းခဲ့ရတဲ့ သူတွေပဲပေါ့ကွာ။ ဟုတ်ပြီလား . .။ ဒီလောက်ဆိုရင် . . တရုတ် **'မျက်နှာကဲခပ်ဗေဒင်'**ပညာမှာ မျက်နှာကို အဆင့် ၃ဆင့်ခွဲပြီး ဟောကိန်းထုတ်တာကို သဘောပေါက်လောက်ပါပြီ။

ကျွန်ုပ်။ ။ဟုတ်ကဲ့ . . . သဘောပေါက်ပါပြီ။

အစ်ကိုကြီး။ ။တရုတ် **'မျက်နှာကဲခပ်ဗေဒင်'**ပညာမှာ မျက်နှာမှာတံခါးပေါက်၄ပေါက်ဖောက်ထားတယ်။

ပထမတံခါးပေါက်က **'မျက်မှောင်'** နေရာ။ အသက်အပိုင်းအခြား အားဖြင့်ကတော့ အသက် ၄၀ ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



ကို ရည်ညွှန်းတယ်။ ဟုတ်ပြီလား . . ။ ဒုတိယတံခါးပေါက်က **'နွားတံ (နွားခေါင်း)'**ပေါက်ဝနေရာ။ အသက်အပိုင်းအခြားက အသက်၅၀ ဝန်းကျင်သက်မှတ်တယ်။ တတိယတံခါးပေါက်က တော့ အောက်**'နှုတ်ခမ်း'** အောက်နေရာ။ အသက် ၆၀ ဝန်းကျင် ပေါ့ကွာ။ စတုတ္ထ တံခါးပေါက်ကတော့ **'မေးစေ့'** အောက်နေရာဘဲ။ အသက်အပိုင်းအခြားကတော့ အသက် ၇၀ ဝန်းကျင် သတ်မှတ်တယ်။ အဲ့ဒီ တံခါးပေါက် ၄ ပေါက် နေရာတွေမှာ မကောင်းတဲ့ အသွင်လက္ခဏာ ကိုဆောင်တဲ့မှည့်တွေ၊ အရေးအကြောင်းတွေ၊ အမှတ်အသားတွေ ရှိနေရင် တံခါးပေါက်နေရာအလိုက် သက်ဆိုင်တဲ့ အသက်အပိုင်း အခြားတွေမှာ အခက်အခဲဒုက္ခတွေနဲ့ ရင်ဆိုင်ရတတ်တယ်လို့ ဟောကိန်းထုတ်ထားတယ်။

ကျွန်ုပ်။ ။တရုတ် **'မျက်နှာကဲခပ်ဗေဒင်'**ပညာမှာ လူတစ်ယောက်ရဲ့ မျက်နှာကို **'မိုးကောင်းကင်'**၊ **'မြေ'**၊ **'လူ'** ဆိုပြီး အဆင့် ၃ ဆင့်လည်း သတ်မှတ်တယ်။ တံခါးပေါက် ၄ ပေါက်နေရာတွေလည်း သတ်မှတ်တယ်။ ပြီးတော့ အဆင့် ၃ ဆင့်အလိုက် အသက်အရွယ်အပိုင်းအခြားနဲ့ တံခါးပေါက်နေရာတွေအလိုက် အသက်အပိုင်းအခြားတွေကို သတ်မှတ်ထားပုံက တော်တော်စိတ်ဝင်စားဖို့ကောင်းတယ် . . အစ်ကို။

အစ်ကိုကြီး။ ။ဒီလောက်နဲ့ ဘယ်လာပြီးဦးမှာလည်းကွာ . . ။ စောစောကမင်းကို ငါပြောခဲ့တဲ့ **'အခြေခံဓါတ်ကြီးငါးပါး'**နဲ့ လူ့မျက်နှာကို ပေါင်းစပ်ပြီး လေ့လာရမယ်ဆိုတာကို သတိထားမိလိုက်သလား။





ကျွန်ုပ်။ ။သတိထားမိလိုက်တယ်အစ်ကို။ ကျွန်တော်ရေးမှတ်ထားတာကို ပြန်ဖတ်ပြမယ်။ **Gui-Gu Tze** ဆိုတဲ့ **'မျက်နှာကဲခပ်ဗေဒင်'** ပညာရှိကြီး ရေးသွားတဲ့ **Xing Bian Wei Maing** ဆိုတဲ့ 'မျက်နှာကဲခပ်ဗေဒင်'ကျမ်းမှာ လူရဲ့မျက်နှာကို **'အခြေခံဓါတ်ကြီးငါးပါး'**နဲ့ **'ယင်'** **'ယန်'** သဘောတွေကိုပါ ပေါင်းစပ်ပြီး လေ့လာကြည့်ရှုရမယ်။

အစ်ကိုကြီး။ ။မင်းက တော်တော်များများအသုံးမကျညံ့ဖျင်းပေမယ့် တက္ကသိုလ်တက်ခဲ့လို့လားမသိဘူး။ 'လက်ချာ' လိုက်တာတော့ တော်တယ်။

ကျွန်ုပ်။ ။ကျွန်တော့်ဘဝတစ်လျှောက်မှာ တစ်စုံတစ်ယောက်က ကျွန်တော့်ကို ချီးကျူးပြောဆိုတဲ့ စကားသံကို ဒီတစ်ကြိမ်ပထမဦးဆုံး ကြားဘူးတာဘဲ။

အစ်ကိုကြီး။ ။လူညံ့လူဖျင်းတွေ့ရဲ့ နားနှစ်ဖက်မှာ ချီးကျူးပြောဆိုသံတွေနဲ့ ဆိတ်သုဉ်းနေတယ်လို့ဘဲ မှတ်ထားလိုက်ပေါ့ကွာ။ ကဲ **'အခြေခံဓါတ်ကြီးငါးပါး'** အကြောင်းကိုဆက်ပြောမယ်။ တရုတ်လူမျိုးတွေရဲ့ ရှေးရိုးရာအရ အခြေခံခွဲခြား သတ်မှတ်ထားတာက **'သစ်သား'**၊ **'မီး'**၊ **'မြေ'**၊ **'သတ္တု'**နဲ့ **'ရေ'**ဆိုပြီး ဓါတ်ကြီးငါးပါးသတ် မှတ်ထားတယ်။ တစ်နည်းပြောရရင်တော့ တရုတ်ရှေးဟောင်း အတွေးအခေါ်အရ **'သစ် သား'**၊ **'မီး'**၊ **'မြေ'**၊ **'သတ္တု'** နဲ့ **'ရေ'** ဆိုပြီး **'အခြေခံဓါတ်ကြီး ငါးပါး'** သတ်မှတ်ခဲ့တယ်။ ဟုတ်ပြီလား . . ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ **'အခြေခံဓါတ်ကြီးငါးပါး'** ထဲက တစ်ပါးပါးက လူရဲ့ မျက်နှာမှာ ပိုပြီးပေါ်လွင်တယ်။ **'အခြေခံဓါတ်ကြီးငါးပါး'** စလုံး ကတော့ လူရဲ့မျက်နှာမှာ ပါဝင်နေတယ်နော် . . ။ အချိုးညီ၊ ရာနှုန်းညီပါဝင်တာတော့ မဟုတ်ဘူး။

**'သစ်သားဓါတ်'** ပိုမိုပါဝင် ပေါ်လွင်တဲ့မျက်နှာကို **'သစ်သားမျက်နှာ'**။ **'မီးဓါတ်'** ပိုမိုပါဝင်ပေါ်လွင်တဲ့ မျက်နှာကို **'မီးမျက်နှာ'**။ **'မြေဓါတ်'** ပိုမိုပါဝင်ပေါ်လွင်တဲ့ မျက်နှာကို **'မြေမျက်နှာ'**။ **'သတ္တုဓါတ်'** ပိုမိုပါဝင်ပေါ်လွင်တဲ့ မျက်နှာကို **'သတ္တုမျက်နှာ'**။ **'ရေဓါတ်'** ပိုမိုပါဝင်ပေါ်လွင်တဲ့ မျက်နှာကို **'ရေမျက်နှာ'**။ ဒီလို **'အခြေခံဓါတ်ကြီးငါးပါး'**နဲ့ ခွဲခြားသတ်မှတ်ပြီး မျက်နှာပိုင်ရှင်ရဲ့ ဉာဏ်စွမ်းရည်၊ ပါရမီ၊ ဝါသနာထုံမှုနဲ့ ကျန်းမာရေးအခြေအနေတွေကို ဟောကိန်းထုတ်တယ်။

ကျွန်ုပ်။ ။**'သစ်သားမျက်နှာ'**၊ **'မီးမျက်နှာ'**၊ **'မြေမျက်နှာ'**၊ **'သတ္တုမျက်နှာ'**၊ **'ရေမျက်နှာ'** တွေကို ဘယ်လိုကြည့်ပြီး ခွဲသလဲ . . အစ်ကို။

အစ်ကိုကြီး။ ။ပြောမယ် . . ။ လိုက်မှတ်ထားဖို့ ပြင်ပေတော့။ ပထမဦးဆုံး **'သစ်သားမျက်နှာ'** အကြောင်း စပြောမယ်။

ရှည်သွယ်တဲ့ မျက်နှာနဲ့ လိုက်ဖက်တဲ့ **'နှာတံ(နှာခေါင်း)'** ရှိရမယ်။ **'နှာတံ(နှာခေါင်း)'**ကလည်း ဖြောင့်တန်းပြီး ရှည်ရမယ်ပေါ့ကွာ။ **'နဖူး'**ကကျယ်ပြီး မြင်သာထင်သာရှိရမယ်။ **'ဆံပင်'** နဲ့ **'မျက်ခုံးမွေး'**က သိပ်ထူထူထဲထဲကြီး မဖြစ်ရဘူး။ သိပ်လည်းမကျဲရဘူး။ **'သွား'**တွေက ညီညာရမယ်။ **'မျက်လုံး'**တွေက မေတ္တာရိပ်တွေ လွှမ်းနေရမယ်။ **'ပါးပြင်'**က ကျဉ်းမြောင်းရမယ်။ မျက်နှာက သွယ်





လျလျဆိုရင် **'ပါးပြင်'** ကလည်း ကျဉ်းမြောင်းတာပေါ့ကွာ။ အဲ့ဒါ . . . **'သစ်သားမျက်နှာ'** ဘဲ။

**'သစ်သားဓါတ်'**ရဲ့ စွမ်းရည်က ဖွံ့ဖြိုးတိုးတက်မှုဘဲ။ **'သစ်သားမျက်နှာ'**ပိုင်ရှင်တွေက ဘဝရည်မှန်းချက်ကို မြင့်မြင့်မားမားထားတတ်တယ်။ ပြဿနာတစ်ရပ်ကို ခြုံငုံသုံးသပ်နိုင်စွမ်းရှိတယ်။ အမြော်အမြင်ကြီးတယ်။ **'သစ်သားဓါတ်'**ရဲ့ စွမ်းရည်အတိုင်း ကိုယ့်လုပ်ငန်းကိုကိုယ် တိုးတက်ဖွံ့ဖြိုးအောင် အမြဲတမ်းကြံဆောင်အားထုတ်နေတတ်တယ်။ အသိပညာတိုးတက်ဖွံ့ဖြိုးမှုအတွက်လည်း ပညာရေးပိုင်းကို အမြဲတမ်းတိုးမြှင့်တယ်။ စာဖတ်ဝါသနာပါတယ်။ စာဖတ်အားကောင်းတယ်။ အသိပညာဗဟုသုတကြွယ်ဝတယ်။ ဘယ်အလုပ်ကိုဘဲလုပ်လုပ် . . စီမံကိန်းချပြီး လုပ်လေ့ရှိတယ်။ လုပ်တိုင်းလည်းအောင်မြင်တယ်။ ရာထူးကြီးကြီးမားမားကို ရယူနိုင်ပြီး ကောင်းမွန်စွာလုပ်နိုင်တဲ့ အရည်အချင်းရှိတယ်။ **'သစ်သားမျက်နှာ'** ပိုင်ရှင်တွေဟာ . . များသောအားဖြင့် စည်းရုံးရေးကောင်းသူတွေဖြစ်တယ်။ ပါတီ (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုကို ခေါင်းဆောင်နိုင်တဲ့ အရည်အချင်းရှိတယ်။ အနေအထိုင်ဆင်ခြင်မှုရှိတယ်။ အမြဲသတိဝီရိယနဲ့နေတယ်။ မိမိရဲ့ ဘဝလမ်းကြောင်းကို သေသေချာချာ စီမံကိန်းချပြီး တည်ဆောက်သွားနိုင်တဲ့ သူတွေဟာ **'သစ်သားမျက်နှာ'**ပိုင်ရှင်တွေပေါ့ကွာ။

**'သစ်သားမျက်နှာ'** ပိုင်ရှင်တွေဟာ ဒေါသကြီးတတ်တယ်။ ဒေါသကို ကောင်းစွာထိန်းသိမ်းနိုင်တဲ့ **'သစ်သားမျက်နှာ'** ပိုင်ရှင်တွေဟာ အောင်မြင်တာများတယ်။ ဒေါသကို ကောင်းမွန်စွာ မြဲသိပ်ထိန်းကျောင်းနိုင်တဲ့ **'သစ်သားမျက်နှာ'** ပိုင်ရှင် ဖြစ်ဖို့အရေးကြီးတယ်။

**'မီးမျက်နှာ'**အကြောင်းပြောမယ်။ **'မီးမျက်နှာ'**ကလည်း ရှည်



www.burmeseclassic.com

www.burmeseclassic.com



သွယ်တဲ့ မျက်နှာမျိုးပါဘဲ။ သွယ်လျတဲ့ မျက်နှာလို့ ပြောရမှာပေါ့ကွာ။ ပါးရိုးချိုင့်မယ်။ **'မေးစေ့'**က သိသိသာသာချွန်မယ်။ **'နဖူး'**က မောက်မယ်။ **'သစ်သားမျက်နှာ'**ထက်ပိုပြီး **'နဖူး'**မောက်တယ်။ စကားပြောမြန်တယ်။ အဲ့ဒါ **'မီးမျက်နှာ'** ဘဲ။

**'မီးဓါတ်'**ရဲ့ စွမ်းရည်က လှုပ်ရှားမှု၊ မြန်ဆန်မှုတွေဘဲ။ ဟုတ်ပြီလား။ **'မီးမျက်နှာ'** ပိုင်ရှင်တွေဟာ လူအများကို ဆွဲဆောင်နိုင်တဲ့ 'ညို့အား' တစ်ခုကို ပိုင်ဆိုင်ထားတယ်။ ကိုယ်ရည်ကိုယ်သွေးကောင်းတယ်။ အလုပ်လုပ်တဲ့အခါမှာ စိတ်ပါပြီး လှုပ်ရှားတက်ကြွမှုရှိတယ်။ လမ်းခရီးကို သဘောကျနှစ်မြို့က်ကြတယ်။ စွန့်စွန့်စားစားလုပ်ရတဲ့ လုပ်ငန်းတွေကို သဘောကျတယ်။ **'မီးမျက်နှာ'**ပိုင်ရှင်တွေဟာ မိမိရဲ့ရည်မှန်းချက်ကို မြန်မြန်ဆန်ဆန်အကောင်အထည်ဖေါ်နိုင်စွမ်းရှိတယ်။ အမြဲတမ်းရွှင်လန်းပြီး တက်ကြွတဲ့စိတ်ဓါတ်မျိုးရှိတယ်။ တစ်ခါတစ်ရံ စိတ်လှုပ်ရှားမှုလွန်ကဲတဲ့အတွက် အများတွေနဲ့ ရင်ဆိုင်ရတတ်တယ်။ ပြီးတော့ **'မီးမျက်နှာ'** ပိုင်ရှင်တွေဟာ ခန္ဓာကိုယ်မှာ **'မီးဓါတ်'** ယုတ်လျော့သွားတဲ့အခါမှာ စိတ်ဓါတ်ခွန်အားလျော့နည်းသွားတာမျိုးနဲ့ ကြုံရတတ်တယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့ လန်းဆန်းတက်ကြွတဲ့ စိတ်တွေပျောက်ဆုံးသွားတာကို တွေ့ရမယ်။ အဲ့ဒီအချိန်မှာ ဘာအလုပ်ကိုဘဲလုပ်လုပ် . . တက်ကြွလှုပ်ရှားတဲ့အားမပါတော့ဘူး။ နွေးကွေးတွန့်ဆုတ်လေးလံသွားလိမ့်မယ်။ **'မီးမျက်နှာ'** ပိုင်ရှင်တွေဟာ **'မီးဓါတ်'** တွေချို့ယွင်းနေရင် ဒီလိုဘဲဖြစ်တတ်တယ်။ ခပ်ကုတ်ကုတ် . . ခပ်မှိုင်မှိုင်နေထိုင်လာလိမ့်မယ်။ စိတ်ကျရောဂါရတဲ့ ပုံစံမျိုးဖြစ်တတ်တယ်။ မိမိတက်ကြွစွာလုပ်နေတဲ့အလုပ်ကို စိတ်မပါတော့ဘဲ စွန့်လွှတ်ချင်တဲ့ စိတ်ပေါ်လာတတ်တယ် **'မီးမျက်နှာ'** ပိုင်ရှင်တွေဟာ ခန္ဓာကိုယ်မှာ **'မီးဓါတ်'** ယုတ်လျော့မသွားအောင် စိတ်ညစ်စရာ၊ စိတ်ရှုပ်ထွေးစရာကိစ္စတွေကို





တတ်နိုင်သမျှ ရှောင်ကြဉ်ပြီး ပျော်ရွှင်မှုတွေနဲ့ အမြဲတမ်းထိတွေ့နေသင့်တယ်။

**'မြေမျက်နှာ'** အကြောင်းပြောမယ်။ **'မြေမျက်နှာ'** မျိုးကကြည့်ရတာလွယ်တယ်။ မေးရိုးကြီးပြီး လေးထောင့်မျက်နှာဆိုရင် **'မြေမျက်နှာ'** ဘဲ။ 'ပါးစပ်'လည်းကြီးတယ်။ အသံသြဇာကောင်းတယ်။ ခန္ဓာကိုယ် တုတ်ခိုင်တယ်။ **'မြေမျက်နှာ'** ပိုင်ရှင်တွေဟာ လက်တွေ့သမားတွေဘဲ။ ရုပ်ဝါဒီဆန်ဆန်နေထိုင်ကြတယ်။ ဇွဲသိပ်ကောင်းတယ်။ တည်တည်ငြိမ်ငြိမ် သွားလာနေထိုင်မှု ပုံစံမျိုးဖြစ်ပြီး ရင့်ကျက်တဲ့ အတွေးအခေါ်တွေ ရှိကြတယ်။ ဘဝအတွက် ပညာရေး၊ စီးပွားရေးစတဲ့ အခြေခံတည်ဆောက်မှုတွေကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်တဲ့ အစွမ်းရှိတယ်။ ငွေကြေးဥစ္စာဓနကို စံနစ်တကျရှာဖွေစုဆောင်းနိုင်ကြတယ်။ မယိမ်းမယိုင်တဲ့ တွေးခေါ်မှုတွေ၊ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေကို ပိုင်ဆိုင်ကြတယ်။ လေယူရာတိမ်း . . ယိမ်းတတ်တဲ့ ဝါးပင်လိုလူမျိုးတွေမဟုတ်ဘူးပေါ့ကွာ။ တစ်ခါတစ်ရံမှာ ရှေးဆန်းလွန်းတယ်။ ရှေးရိုးစွဲဝါဒီ ဖြစ်လွန်းတယ်လို့ ဝေဖန်ခံရတတ်တယ်။ ယဉ်ကျေးမှုနဲ့ ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတွေကို မြတ်နိုးတွယ်တာတတ်ကြတယ်။ **'မြေမျက်နှာ'** ပိုင်ရှင်တွေရှောင်ရမှာကတော့ . . . လေထဲတိုက်အိမ်ဆောက်တဲ့ စိတ်ကူးယဉ်မှုတွေနဲ့ လက်တွေ့မဆန်တဲ့ လုပ်ငန်းတွေကိုပါဘဲ။ ငွေကြေးသုံးစွဲမှုမှာ စည်းစံနစ်ကျမှုထက်ကျော်လွန်ပြီး စေးနဲခြင်း၊ သိပ်နှမြောတွန့်တိုခြင်းတွေကို ရှောင်ရမယ်ပေါ့ကွာ။ ဟုတ်ပြီလား . . ။ မျက်နှာဘယ်နှာမျိုး ကျန်သေးလဲ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။**‘သတ္တုမျက်နှာ’** နဲ့ **‘ရေမျက်နှာ’** နှစ်မျိုးဘဲ ကျန်တော့တယ်။

အစ်ကိုကြီး။ ။**‘သတ္တုမျက်နှာ’** ကလည်း ကြည့်ရတာ၊ အကဲဖြတ်ရတာလွယ်တယ်။ မျက်နှာကတော့ ဘဲဥပုံဘဲ။ ပါးရိုးက ဗွီပုံသဏ္ဍာန်ရှိတယ်။ **‘သတ္တုမျက်နှာ’**က ကြည့်လိုက်တာနဲ့ သိသာတယ်။ မျက်ခုံးမွေး အရောင်ကသိပ်မနက်ဘူး။ အရောင်ဖျော့တယ်။ ဆံပင်ဖြောင့်တယ်။ ‘မျက်လုံး’တွေက ကြည်လင်တောက်ပါတယ်။ အဲ့ဒီ **‘သတ္တုမျက်နှာ’** ပိုင်ရှင်တွေက စကားပြောကျွမ်းကျင်တယ်။ စကားကိုလှည့်ပတ်၊ ဖြတ်တောက်ပြီး လိုသလိုပြောတတ်တယ်။ အလုပ်ကို ကြိုးစားတဲ့နေရာမှာတော့ ထိပ်ဆုံးကဘဲ။ ကိုယ်လုပ်နေတဲ့ အလုပ်ကို ကိုယ်ချစ်တယ်။ စိတ်ဝင်စားတယ်။ ဂရုစိုက်တယ်ပေါ့ကွာ။ နေမှုထိုင်မှုမှာ သွက်လက်လျင်မြန်မှုရှိတယ်။ ဖြတ်ထိုးဉာဏ်၊ ဇဝနဉာဏ်တွေကောင်းတယ်။ **‘သတ္တုမျက်နှာ’** ပိုင်ရှင်တွေဟာ . . ရွှေနေဘဝ ဒါမှမဟုတ်ရင် နိုင်ငံရေးသမားဘဝကို ရွေးချယ်လျှောက်လှမ်းသင့်တယ်။ **‘သတ္တုမျက်နှာ’** ပိုင်ရှင်တွေဟာ စိတ်ဓါတ်ခွန်အား အလွန်ကောင်းတယ်။ မိမိပြဿနာကို မိမိကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အရည်အချင်းမျိုးရှိတယ်။ **‘သတ္တုမျက်နှာ’** ပိုင်ရှင်များ၏ အားနည်းချက်က တစ်ခါတစ်ရံ ကံတရားကို အလွန်အမင်းယုံကြည်ပြီး အ





ကောင်းအဆိုး၊ အကြောင်းအကျိုးတွေကို ဆင်ခြင်သုံးသပ်တဲ့နေရာမှာ လွဲချော်တာမျိုးတော့ ရှိတတ်တယ်။ အနုပညာ ဝါသနာထုံတတ်တယ်။ ဒါပေမယ့် . . . အနုပညာတစ်မျိုးတည်းကို ကျွမ်းကျင်အောင် ပြုလုပ်လိုတဲ့စိတ်မရှိဘူး။ စန္ဒယားလည်း နည်းနည်းတီးတတ်တယ်။ စောင်းလည်း နည်းနည်းတီးတတ်တယ်။ ပန်းချီရေးတော့လည်း သိပ်မဆိုးဘူး။ ဟိုနည်းနည်း . . ဒီနည်းနည်း အနုပညာရှင်ပေါ့ကွာ။ ဟုတ်ပြီလား။ **‘သတ္တုမျက်နှာ’**နဲ့ ပတ်သက်လို့ကတော့ . . . ဒီလောက်ဘဲ မှတ်ထားပါ။ **‘ရေမျက်နှာ’** အကြောင်းကို ဆက်ပြောမယ်။

**‘ရေမျက်နှာ’**ကို ကြည့်လိုက်တာနဲ့သိတယ်။ မျက်နှာပုံက ဝိုင်းဝိုင်းအိအိလေးဘဲ။ မျက်နှာအသားအရေက နူးညံ့တယ်။ မျက်နှာက ပုဝိုင်းဝိုင်းပုံစံပေါ့ကွာ။ ဒါပေမယ့် အရုပ်မဆိုးဘူး။ နှစ်လိုဖွယ်ကောင်းတဲ့ မျက်နှာမျိုးပါဘဲ။ ဆံပင်ကအရောင်ရင့်တယ်။ မျက်လုံးက ကြီးမားဝိုင်းဝန်းတယ်။ **‘ရေမျက်နှာ’** ပိုင်ရှင်များဟာ အေးဆေးငြိမ်သက်သူတွေ၊ နူးညံ့ပျော့ပြောင်းသူတွေ ဖြစ်သလို အာရုံခံစားမှုအားကြီးတယ်။ ထိလွယ်၊ ခိုက်လွယ်စိတ်ဓါတ်မျိုးကိုလည်း ပိုင်ဆိုင်ထားကြတယ်။ လူမှုဆက်ဆံရေးကောင်းသလို . . . စကားပြောလည်းကောင်းတယ်။ စာရေးဆရာလင်းကြောင်းကို ရွေးချယ်ဖို့ အကောင်းဆုံးပါဘဲလို့ ပြောချင်တယ်။ ပုံတိုပတ်စတွေကို စီကာပတ်ကုံးပြောတတ်သူများအဖြစ်နဲ့လည်း ပတ်ဝန်းကျင်မှာ ထင်ရှားတယ်။ **‘ရေမျက်နှာ’** ပိုင်ရှင်တွေက စိတ်သန့်တယ်။ စိတ်ဓါတ်ဖြူစင်တယ်။ ဒါ့ကြောင့်သူတို့မှာ ‘အေးမြတဲ့ ဆွဲငင်ဓါတ်’ ရှိတယ်။ **‘ရေမျက်နှာ’**ကို မြင်လိုက်တာနဲ့ အပြစ်ကင်းစင်နေတဲ့ မျက်နှာသွင်ပြင်မျိုးလို့ မှတ်ချက်ချလို့ရတယ်။ ဟုတ်ပြီလား . . ။ ထပ်မှတ် **‘မျက်နှာကဲခပ်ဗေဒင်’** ပညာနဲ့ခွဲထားတဲ့ **‘သစ်သားမျက်နှာ’**၊ **‘မီးမျက်နှာ’**၊



www.burmeseclassic.com

www.burmeseclassic.com



**'မြေမျက်နှာ'**၊ **'သတ္တုမျက်နှာ'**၊ **'ရေမျက်နှာ'** ငါးမျိုးကိုတော့ ဒီလိုဘဲ . . အကျဉ်းမှတ်ထားပါ။

ကျွန်ုပ်။ ။**'သစ်သားမျက်နှာ'** မှာလည်း **'မီးဓါတ်'**၊ **'မြေဓါတ်'**၊ **'သတ္တုဓါတ်'**၊ **'ရေဓါတ်'** တွေပါတာဘဲ . . . လား။

အစ်ကိုကြီး။ ။**'သစ်သားမျက်နှာ'**မှာ၊ **'မီးဓါတ်'**၊ **'မြေဓါတ်'**၊ **'သတ္တုမျက်နှာ'**၊ **'ရေဓါတ်'**တွေပါတယ်။ ဒါပေမယ့် ပါဝင်မှုအချိုးအစားနည်းတယ်။ ရာခိုင်နှုန်းနည်းတယ်ပေါ့ကွာ။ **'သစ်သားဓါတ်'** ပါဝင်မှုကအချိုးအစားများတယ်။ ရာနှုန်းများတယ်။ ဒါ့ကြောင့် **'သစ်သားမျက်နှာ'**လို့ သတ်မှတ်လိုက်တယ်။ ဒီလိုဘဲ **'မီးမျက်နှာ'**၊ **'မြေမျက်နှာ'**၊ **'သတ္တုမျက်နှာ'**၊ **'ရေမျက်နှာ'**စတဲ့ မျက်နှာအသီးသီးမှာလည်း ကျန်တဲ့ဓါတ်လေးမျိုးစီပါတယ်။ ဒါပေမယ့် ပါဝင်မှုအချိုးအစားနည်းတယ်။ ရာနှုန်းနည်းတယ်။ ပြီးတော့ ကျန်တဲ့ဓါတ်လေးမျိုးကလည်း ဓါတ်တစ်မျိုးနဲ့တစ်မျိုး အချိုးအစားညီ၊ ရာနှုန်းညီပါကြတာ မဟုတ်ဘူးဆိုတာကို သိထားရမယ်။ ရှင်းပြီလား။

ကျွန်ုပ်။ ။ရှင်ပါပြီ . . အစ်ကို။ မျက်နှာမှာ **'ယင်'**၊ **'ယန်'** ဓါတ်နှစ်မျိုးနဲ့ သဟဇာတဖြစ်ဖို့လိုတယ် . . ဆိုတဲ့ အချက်ကိုလည်း ရှင်းပြပါဦး . . . အစ်ကို။

အစ်ကိုကြီး။ ။**'ယင်၊ ယန်'** ဓါတ်နှစ်မျိုးအကြောင်းကို မင်းကို ရှင်းမပြတော့ဘူး . .။ မင်း . . အနည်းအကျဉ်းလောက် သိထားလိမ့်မယ်ထင်တယ်။





ကျွန်ုပ်။ ။ဟုတ်ပါတယ်။ **'ယင်၊ ယန်'** အကြောင်းကို အနည်းအကျဉ်းလောက် သိပါတယ်။

အစ်ကိုကြီး။ ။တရုတ်ပန်းချီပညာမှာ . . တရုတ်ပန်းချီဆရာတစ်ဦးရဲ့ ပန်းချီကားတစ်ချပ်မှာ **'ယင်၊ ယန်'** ဓါတ်နှစ်မျိုးရဲ့ 'ညီညွတ်မျှတခြင်း'နဲ့ 'အချိုးအစားကျခြင်း' ဆိုတာ အရေးအကြီးဆုံးဘဲ။ ပန်းချီကားမှာပါတဲ့ တောင်ကုန်း၊ တောင်တန်း၊ သစ်ပင်တွေဖြစ်တဲ့ **'ယန်'**နဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ရေတံခွန်တွေဖြစ်တဲ့ **'ယင်'**တို့ ညီညွတ်မျှတ၊ အချိုးကျမှ အဲ့ဒီပန်းချီကားဟာ လှပ်ရှားသက်ဝင်ရသမြောက်တဲ့ ပန်းချီကားတစ်ချပ်ဖြစ်လာတယ်။ ဟုတ်ပြီနော် . . .။

မျက်နှာ။ လူတစ်ယောက်ရဲ့ မျက်နှာမှာ အောက်ခံအရိုးက **'ယန်'**ဖြစ်ပြီး အပေါ်ပိုင်းအသားစိုင်၊ တစ်သျှုး၊ အရေပြားတွေက **'ယင်'** ဖြစ်တယ်။ လူတစ်ယောက်ရဲ့ မျက်နှာပေါ်မှာရှိတဲ့ **'ယင်'**နဲ့ **'ယန်'**ကို အဲ့ဒီလိုခွဲထားတယ်။ ရှင်းပြီနော်။ အဲ့ဒီတော့လူတစ်ယောက်ရဲ့ မျက်နှာမှာ **'ယင်'**နဲ့**'ယန်'**ဓါတ်နှစ်မျိုးက ညီညွတ်မျှတ၊ အချိုးကျရင် အဲ့ဒီမျက်နှာက ချောမောလှပတယ်။ ညီညွတ်မျှတမှုမရှိဘူး၊ အချိုးကျမှုမကောင်းဘူးဆိုရင် အဲ့ဒီမျက်နှာဟာ အကျည်းတန်ရုပ်ဆိုးမယ်။ **'ယင်'**နဲ့ **'ယန်'**ဓါတ်နှစ်မျိုးက သင့်တင့်ရုံမျှညီညွတ်မျှတအချိုးကျမယ်ဆိုရင် အဲ့ဒီမျက်နှာဟာ ကြည့်ပျော်ရှုပျော်ရှိမယ်။ ဒီလောက်ဆိုရင်တော့ ရှေးဟောင်းတရုတ် လူမျိုးတွေရဲ့ လျှို့ဝှက်နက်နဲလှတဲ့ **'မျက်နှာကဲခပ်ဗေဒင်'**အကြောင်းကို အရိပ်အမြွက်လောက် သိလောက်ပါပြီ။ **'မေးရိုး'**နဲ့**'မေးစေ့'** အကြောင်းကို ပြန်ပြီးဆက်ပြောမယ်။ ဒီတော့မင်းမှတ်ထားတဲ့ မှတ်စုကို ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြပါဦး။ ငါဆေးလိပ်သောက်ပြီး နားထောင်မယ်။

ကျွန်ုပ်။ ။ဝန်းဝိုင်းတဲ့ **'မေးစေ့'** . . ဒါမှမဟုတ်ရင် ပြေပြစ်တဲ့ လေးထောင့် **'မေးစေ့'** ပိုင်ရှင်တွေဟာ ဘဝရဲ့ နှောင်းပိုင်းအချိန်တွေမှာ အေးချမ်းမှုရှိတယ်။ အိုဇာတာကောင်းတယ် . . .။

အစ်ကိုကြီး။ ။ဟုတ်ပြီ . . ဟုတ်ပြီ။ ဒါဆိုငါဆက်ပြောမယ်။ လိုက်ပြီး မှတ်ထားပါ။ **'မေးရိုး'**ဟာ လူတစ်ယောက်ရဲ့ ကျန်းမာသန့်စွမ်းမှု၊ သက်လုံကောင်းမှုကိုဖော်ပြတဲ့ ပြယုဂ်ဖြစ်သလို၊ **'မေးစေ့'**ဟာ လူတစ်ယောက်ရဲ့ ဆန့်ကျင်ဘက်လိင်တွေအပေါ် ထားရှိတဲ့ ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတဖြစ်တယ်လို့ သိထားရမယ်။ ဟုတ်ပြီနော် . .။

ရှေ့ဘက်ကို ချွန်ထွက်နေတဲ့ **'မေးစေ့'** ပိုင်ရှင်တွေဟာ အမှီအခိုနဲ့ တိုးတက်ကြီးပွားလာသူတွေဖြစ်တယ်။ သူတို့ရဲ့ဘဝမှာ ကောင်းမွန်တဲ့ အမှီအခိုတွေကိုလည်း ရတတ်တယ်။ ရတဲ့အတိုင်းလည်း သူတို့ဟာ အမှီအခိုတွေကို အားကိုးအားထားပြုပြီး ဘဝရဲ့ တိုးတက်မှုကို ရှာပြီးအောင်မြင်မှုပန်းတိုင်ဆီကို တက်လှမ်းနိုင်ကြတယ်။ အဲ့ဒီလို 'မေးစေ့'ပိုင်ရှင်တွေဟာ . . အမှီအခိုမရှိဘဲလည်း မနေတတ်ကြဘူး။ အချစ်ရေးမှာလည်း စံပြုလောက်အောင် 'အချစ်ကြီး'တဲ့ သူတွေပေါ့ကွာ။ ချစ်သူကို စွဲစွဲမက်မက်နဲ့ စွဲစွဲမြဲမြဲချစ်တတ်တယ်။ ဒါပေမယ့် . . . သူတို့ရဲ့ ချစ်သူဖြစ်ဖို့ကလည်း လွယ်တော့မလွယ်ဘူး။ တစ်စုံတစ်ယောက်ကို အလွယ်တကူနဲ့ ချစ်တတ်တဲ့ သူတွေတော့ မဟုတ်ကြဘူး။ 'အချစ်ကြီး'သူတွေ၊ စွဲစွဲမက်မက်နဲ့ စွဲစွဲမြဲမြဲချစ်တတ်သူတွေဟာ . . . ရှေ့ဘက်ကို **'မေးစေ့'**ချွန်ထွက်နေတဲ့ သူတွေဘဲလို့ မှတ်ထားလိုက်ပါ။





ပေါ်လွင်မှုမရှိတဲ့ **'မေးစေ့'**မျိုးတွေကို မင်းတွေ့ဘူးလား . .။ 'မြုပ်'နေတဲ့ **'မေးစေ့'** တွေပေါ့ကွာ။ အဲ့ဒီ 'မေးစေ့'ပိုင်ရှင်တွေဟာ စိတ်ပျော့တယ်။ စိတ်ဓါတ်အင်အားနည်းတယ်။ "စစ်မရောက်ခင် . . မျှားကုန်တဲ့" စိတ်မျိုးတွေပေါ့ကွာ။ အရှုံးပေးလွယ်တဲ့ စိတ်မျိုးလို့လည်း ပြောလို့ရတယ်။

**'မေးရိုး'** အကြောင်းကို ပြန်ပြောဦးမယ်။ ဒေါင့်ကျပြီးကြီးတဲ့ **'မေးရိုး'** မျိုးရှိတယ်။ **'မေးရိုး'**က နားနှစ်ဘက်ရဲ့ အောက်ကိုကျော်ပြီး ဖြောင့်တန်းနေတယ်။ **'မေးရိုး'**လေးထောင့်ကိုလည်း ခေါ်တယ်။ ရန်သူကို အရှုံးမပေးဘဲ အမြဲတမ်းအနိုင်ယူခဲ့တဲ့ ကမ္ဘာသမိုင်းမှာပါခဲ့တဲ့ ကမ္ဘာကျော်စစ်သူကြီးတွေရဲ့ **'မေးရိုး'**လို့ တောင်ပြောလို့ရတယ်။ အဲ့ဒီလို **'မေးရိုး'** ပိုင်ရှင်တွေဟာ စစ်သေနင်္ဂဗျူဟာမှာလည်း ကျွမ်းကျင်တယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ ပြိုင်ပွဲတိုင်းကိုလည်း အနိုင်ရအောင် တိုက်စွမ်းနိုင်တယ်။ ပြိုင်ဘက်တွေကိုလည်း လှုပ်ရှားခွင့်လုံးဝ မပေးဘူး။

**'မေးရိုး'**က ထောင့်လည်းမရှိဘူး။ **'မေးရိုး'** အစောက်လည်းလုံးဝမရှိတဲ့ **'မေးရိုး'** မျိုးပိုင်ရှင်ဟာ စိတ်ခွန်အားမရှိဘူး။ ဇွဲမရှိဘူး။ လုံ့လဝီရိယအားနည်းတယ်။ ပေါ့ပေါ့တန်တန်ဘဲလုပ်တယ်။ အများရဲ့ အားကိုးအားထားပြုခြင်းကို မခံရဘူး။

ပြေပြစ်သေးငယ်တဲ့ **'မေးရိုး'**နဲ့ ချွန်ပြီးသေးငယ်တဲ့ **'မေးစေ့'** မျိုးရှိတဲ့သူတွေကတော့ . . စိတ်ထားနူးညံ့တယ်။ သနားကြင်နာတတ်တဲ့ စိတ်ရှိတယ်။ သက်ဆိုင်ရာမိမိရဲ့ ဘာသာတရားကို ကိုင်းရှိုင်းမှုရှိတယ်။ တစ်ခုမကောင်းတာက စိတ်ကူးယဉ်မှုများတယ်။ လက်တွေ့ကျကျမလုပ်တတ်ဘူး။ စိတ်ပျော့သလို . . ကျန်းမာသန့်စွမ်းမှု သိပ်မရှိဘူး။ ပြောဆိုနေထိုင်မှုက ယဉ်ကျေးသိမ်မွေ့တယ်။ **'မေးစေ့'** နှစ်ခွရှိတဲ့သူကို မြင်ဖူးလား။ **'မေးစေ့'** နှစ်ခုဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ခွဲထားတဲ့ ချိုင့်ငယ်လေးကြောင့်ပေါ့ကွာ။ **'မေးစေ့'** နှစ်ထပ်လို့လည်း ခေါ်နိုင်တယ်။ အဲဒီလို **'မေးစေ့'**မျိုးပိုင်ရှင်တွေဟာ ဇွဲသိပ်ကောင်းသလို . . ခေါင်းလည်းမာတယ်။ မနားမနေအလုပ်လုပ်နိုင်တဲ့ စွမ်းရည်ရှိတယ်။ အလုပ်ကိုမခိုမကပ်လုပ်တယ်။ နေ့မအိပ် ညမအိပ် အလုပ်လုပ်နိုင်တဲ့ လူတွေပေါ့ကွာ။ ဒါပေမယ့် ခေါင်းမာတဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး။

**'မေးစေ့'** အောက်ဘက်မှာ ချိုင့်ငယ်လေးပါတဲ့ **'မေးစေ့'** ပိုင်ရှင်မျိုးက အချစ်ကို ပေါ့ပေါ့တန်တန်ထားတဲ့ စိတ်ထားမျိုးရှိတယ်။ ချစ်သူများတယ်။ လိုက်လိုက်လဲ့လဲ့ မချစ်တတ်ဘူး။

**'မေးစေ့'**ကကျယ်ပြီး လေးထောင့်ပုံကျကျလေးဖြစ်နေတယ်။ **'မေးစေ့'** အပေါ်ဘက်၊ အောက်နှုတ်ခမ်းအောက်နားမှာ အကြောင်းလေးထစ်နေတယ်။ အိုင့်ကြောင်းလို့ ခေါ်မှာပေါ့။ အဲဒီလို **'မေးစေ့'**မျိုးပိုင်ရှင်တွေက အချစ်ရေးမှာ ဇွဲကောင်းတယ်။ အုံပုန်းချစ်သမားတွေဟာ အဲဒီလို **'မေးစေ့'**မျိုးပါတာပေါ့ကွာ။ အချစ်ရေးမှာ သစ္စာရှိတယ်။ အိမ်ထောင်ရေးမှာလည်း ကတိသစ္စာရှိတယ်။ စူးစူးနစ်နစ်ချစ်တတ်သလို . . . သဝန်ကြောင်၊ သဝန်တိုတတ်တယ်။ လူနဲ့လူပတ်ဝန်းကျင်ကို ခင်မင်တွယ်တာတဲ့ စိတ်ဓါတ်မျိုးရှိတယ်။

**'မေးစေ့'**က အနံ့တိုပြီး ဘေးပျက်ကျယ်ပြီး ဝိုင်းမယ်ဆိုရင် အဲဒီ **'မေးစေ့'**ပိုင်ရှင်တွေဟာ . . စိတ်သဘောထားဖြူစင်တယ်။ လောဘနည်းတယ်။ ဘဝမှာ အေးအေးဆေးဆေး လုပ်ကိုင်နေထိုင်စားသောက်တဲ့ လူမျိုးတွေပေါ့ကွာ။ ငွေများများရပေမယ့် . . . စိတ်ရှုပ်ရတဲ့ အလုပ်မျိုးဆိုရင် လှည့်တောင်မကြည့်တဲ့ လူစားမျိုးတွေပေါ့ကွာ။ ရိုးရိုးကျင့်ပေမယ့် . . မြင့်မြင့်တော့ မကြံပါဘူး။ လောဘနည်းသလို . . ဒေါသလည်းနည်းတယ်။ မချမ်းသာပေမယ့် . . .





အေးငြိမ့်သာယာတဲ့ မိသားစုဘဝကို တည်ဆောက်နိုင်ကြတယ်။ ကလေးချစ်တတ်တယ်။ သားသမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်တယ်။ ရပ်ရွာထဲမှာလည်း လူချစ်လူခင်ပေါများတယ်။

**'မေးစေ့'**ရှည်တယ် . . .။ ဒါပေမယ့် . . . ရှေ့ဘက်ကို ချွန်မထွက်ဘူး။ ငေါမထွက်ဘူး။ အောက်ဘက်တည့်တည့်ကို ရှည်ထွက်နေတယ်။ **'မေးစေ့'** ရှည်ပေါ့ကွာ . .။ **'မေးစေ့'**ရှည်တဲ့ သူတွေဟာ . . ဩဇာအာဏာရှိတတ်တယ်။ အုပ်ချုပ်ရေးလုပ်ငန်းတွေမှာ ကျွမ်းကျင်တယ်။ စည်းစံနစ်ကျတယ်။ စည်းကမ်းရှိတယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိတယ်။ ကိုယ့်အားကိုယ်ကိုးတယ်။ စိတ်တည်ငြိမ်တယ်။ စိတ်ဓါတ်အင်အားကောင်းတယ်။ အဲဒီ **'မေးစေ့'**မျိုးနဲ့ ပြောင်းပြန် **'မေးစေ့'**တိုနေရင်တော့ . . . စိတ်ဓါတ်အင်အားချိနဲ့တယ်။ စိတ်ပျော့တယ်။ ကိုယ့်ကိုကိုယ်ယုံကြည်မှုမရှိဘူး။ အုပ်ချုပ်ရေးပိုင်း၊ စီမံခန့်ခွဲမှုအပိုင်းမှာ အားနည်းတယ်။ ဘယ်အလုပ်ကိုဘဲဖြစ်ဖြစ် . . . ကိုယ်ကစပြီး ဦးမဆောင်နိုင်ဘူး။ ဦးမဆောင်ချင်ဘူး။ သူတစ်ပါးဦးဆောင်တာကိုဘဲ ခံချင်တယ်။ သူတစ်ပါးနောက်လိုက်ပဲ လုပ်ချင်တယ်။ ဟုတ်ပြီလား . . .။ **'မေးစေ့'**ရှည်ရဲ့ ပြောင်းပြန် . . **'မေးစေ့'** တိုကိုပြောနေတာနော် . . .။ သေသေချာချာရေးမှတ်ထားပါ။


**'မေးစေ့'**တစ်မျိုးကတော့ . . ထောင့်မကျဘူး။ စောက်မရှိဘူး။ တစ်နည်းပြောရရင်တော့ကွာ . . . နက်စောက်မှုမရှိ၊ ထောင့်မရှိ၊ ချိုင့်ငယ်တို့၊ အိုင်ကြောင်းတို့မရှိဘဲ လျှောကျနေတဲ့ **'မေးစေ့'** မျိုးပေါ့ကွာ။ အဲဒီ **'မေးစေ့'** ပိုင်ရှင်တွေဟာ စဉ်းစားဆင်ခြင်တဲ့ ဉာဏ်နည်းတယ်။ မခိုင်မာတဲ့ ဆုံးဖြတ်ချက်မျိုးကို ချတတ်တယ်။ ပြောရဆိုရခက်တယ်။ ပေကပ်ကပ်နိုင်တယ်။ မကောင်းတဲ့ ဉာဏ်နီး ဉာဏ်နက်များတယ်ပေါ့ကွာ။ ဟုတ်ပြီလား . . ဒီလောက်ဆိုရင် 'မေးရိုး'နဲ့ 'မေးစေ့'အကြောင်းကတော့ ပြည့်စုံပါပြီ။ ခဏနားမယ်။




www.burmeseclassic.com

www.burmeseclassic.com

မေးစေ့ အုပ်စု (1)




မေးစေ့ အုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com

မေးစေ့ အုပ်စု (3)



မေးစေ့ အုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။လူတစ်ယောက်ရဲ့ **'ပါးပြင်'**ဟာ . . . အဲ့ဒီလူရဲ့ ဩဇာအာဏာရှိမှုနဲ့ ဇွဲလုံ့လရှိမှုတွေကို ဖေါ်ပြနေတယ်။ **'ပါးပြင်'**ရဲ့အမြင့်နဲ့ **'နှာတံ(နှာခေါင်း)'**ရဲ့အမြင့်ဟာ သိပ်ခြားနားမှုမရှိဘဲ အရောင်အသွေး ထင်လင်းမှုရှိရမယ်။ ပါးဖောင်းတာမျိုး . . ဝလို့ ပါးဖောင်းတာမျိုး မဟုတ်ဘူးလို့သိထားရမယ်။ ပြည့်တင်းတဲ့ **'ပါးပြင်'** မျိုးကို ပြောတာ . . . ဟုတ်ပြီလား။ ထင်ရှားပေါ်လွင်ပြီး ပြည့်တင်းမို့မောက်တဲ့ **'ပါးပြင်'** မျိုးရှိတဲ့သူဟာ ကြီးမားတဲ့ရာထူးတွေကို ရတတ်တယ်။ ထင်ရှားတဲ့ နိုင်ငံရေးခေါင်းဆောင်ကြီးတွေဖြစ်တတ်တယ်။ လုပ်ငန်းကြီးတွေကို ကောင်းမွန်စွာအကောင်အထည်ဖေါ်နိုင်တယ်။ လူအများစုအပေါ်မှာ ဩဇာအာဏာသက်ရောက်မှုရှိတယ်။

အချစ်ရေးမှာ မိမိရဲ့ချစ်သူက မိမိထက်ပိုမို ပြီး ပါးပြင်က ပြည့်တင်းမို့မောက်နေရင် မိမိအပေါ် လွှမ်းမိုးမှုရှိလိမ့်မယ်။ ချုပ်ကိုင်မှုများလိမ့်မယ်။ အိမ်ထောင်ရေးမှာလည်း ဒီအတိုင်းပဲပေါ့ကွာ။ မိန်းမဖြစ်တဲ့သူက ယောက်ျားထက် **'ပါးပြင်'** က ပိုမိုပြည့်တင်းမို့မောက်ရင် အဲ့ဒီမိန်းမကယောက်ျားကို နိုင်မယ်။ ယောက်ျားဖြစ်တဲ့သူက မိန်းမထက် **'ပါးပြင်'**ပိုမိုပြည့်တင်းမို့မောက်ရင် အဲ့ဒီယောက်ျားက မိန်းမကိုနိုင်မယ်။ တစ်ဦးတစ်ယောက်နဲ့ . . လုပ်ငန်းစပ်တူ





ရှယ်ယာလုပ်မယ်ဆိုရင်လည်း မိမိထက်ပိုမိုပြီး ပြည့်တင်းမို့မောက်တဲ့ **'ပါးပြင်'**ရှိတဲ့သူနဲ့ တွဲလုပ်ရင် မိမိကိုလွှမ်းမိုးမှာပေါ့ကွာ . .။ ဟုတ်ပြီ လား . . .။

**'ပါးပြင်'**ကကျယ်ပြီး သိသာထင်ရှားပေါ်လွင်မှု ရှိပေမယ့် . . **'ပါးပြင်'**ရဲ့ အသားအရေက ပြည့် တင်းမို့မောက်ခြင်း မရှိတာကို တွေ့နိုင်သေးတယ်။ အဲ့ဒီလို **'ပါးပြင်'**မျိုးရှိတဲ့သူတွေဟာ ခြိုးခြံခြွေတာပြီး ကပ်စေးနဲတဲ့နေရာမှာတော့ နံပါတ်တစ်ပဲ။ အဲ့ဒီလူတွေကို ပတ်ဝန်းကျင်က "ကိုကပ်စေး . . မကပ်စေး . . ဦးကပ်စေး . . ဒေါ်ကပ်စေး" လို့ခေါ်နေကြတာပေါ့ကွာ။

**'ပါးပြင်'**ကသေးပေမယ့် . . . **'ပါးပြင်'** အသား အရေက ပြည့်တင်းမို့မောက်နေရင် . . အဲ့ဒီ**'ပါးပြင်'** ပိုင်ရှင်တွေဟာ အာဏာရှင်ဆန်တယ်။ အာဏာရှင်ဆန်တဲ့ စိတ်ဓါတ်အပြည့်အဝရှိတယ်။ အဲ့ဒီလို **'ပါးပြင်'**ပိုင်ရှင်တွေဟာ ရာထူးကြီးကြီးမားမားရနေတယ်ဆိုရင် အောက်လက်ငယ်သားတွေကို အာဏာရှင်ဆန်ဆန် နှိပ်ကွပ်မှာကတော့ ကြိမ်းသေတယ်။ ခေါင်းမာမယ်။ ဇွတ်တရွတ်နိုင်မယ်။ ဆုံးဖြတ်ချက်ကို ဘယ်သောအခါအမှမပြင်ဘူး။ အများနဲ့လိုက်လျောညီထွေ ဆက်ဆံလိုစိတ်မရှိကြဘူး။

**'ပါးပြင်'**က သေးပြီးပြားနေမယ် . . ဖွံ့ဖြိုးမှု၊ ပေါ်လွင်မှု၊ မရှိတဲ့ **'ပါးပြင်'**ပေါ့ကွာ။ အဲ့ဒီလို **'ပါးပြင်'**မျိုးရှိတဲ့သူတွေဟာ ရသမျှနဲ့ ရောင့်ရဲတတ်ကြတယ်။ အလုပ်လုပ်ရမှာ နှေးကွေးပြီးတက်ကြွမှုမရှိဘူး။ ပေါ်လာတဲ့ အခွင့်အရေးကောင်းတွေကို မိမိရရဆုပ်ကိုင်နိုင်ဖို့ မကြိုးစားကြဘူး။ အချောင်ခိုတဲ့အကျင့်ဆိုးက သူတို့ရဲ့ ဘဝကို မလှပစေဘူးပေါ့ကွာ။ **'ပါးပြင်'**နဲ့ ပတ်သက်လို့ကတော့ သိပ်များများမရှိပါဘူး။ ဒါပါဘဲ . . .။


☆ ☆ ☆




www.burmeseclassic.com

www.burmeseclassic.com

ပါးပြင် အုပ်စု (1)




ပါးပြင် အုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com

ပါးပြင် အုပ်စု (3)



ပါးပြင် အုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။

။**'မျက်နှာကဲခပ်ဗေဒင်'** မှာ 'နား'နဲ့ပတ်သက်ပြီး ဟောကိန်းအမျိုးမျိုးရှိပေမယ့် . . . **'နား'** ဟာ လူတစ်ယောက်ရဲ့ မျက်နှာမှာ **'နဖူး'၊ 'မျက်လုံး'၊ 'မျက်လုံး'၊ 'နှာတံ(နှာခေါင်း)'၊ 'နှုတ်ခမ်း'၊ 'မေးစေ့'** တွေလို ဂရုစိုက်အာရုံပြုခံရတဲ့ အင်္ဂါအစိတ်အပိုင်းမဟုတ်ဘူးဆိုတာကို သိထားသင့်တယ်။ နောက်တစ်ချက်သိရမှာက **'နား'**ရဲ့ အတိုအရှည်ကို **'နဖူး'**ဆံစပ်နေရာမှ **'မေးစေ့'**အောက်ဘက် နေရာအထိ အကွာအဝေးနဲ့ နှိုင်းယှဉ်ပြီး တိုင်း တာသတ်မှတ်ရတယ်။ ရှင်းအောင် . . ငါထပ်ပြောပြမယ်။ မင်းရဲ့ **'နဖူး'**ဆံစပ်နေရာက မင်းရဲ့ **'မေးစေ့'**အောက်ဘက်နေရာအထိ အကွာအဝေးမှာ မင်းရဲ့**'နား'**ဟာ သုံးခု၊ လေးခုစာရှိမယ်ဆိုရင် . . . မင်းရဲ့**'နား'**ဟာ ရှည်လျားတဲ့ အမျိုးအစားထဲမှာပါတယ်။ ဒါကတော့ . . မှန်ရှေ့မှာ မင်းမျက်နှာကိုမင်းကြည့်ပြီး မျက်မှန်း၊ စိတ်မှန်းနဲ့ တိုင်းရတာပေါ့ကွာ။ သဘောပေါက်ပြီလား။ ငါးခု၊ ခြောက်ခုရှိမယ်ဆိုရင် မင်းရဲ့**'နား'** ကို အလယ်အလတ်ရှည်တဲ့**'နား'**လို့ သတ်မှတ်ရမယ်။ ခုနှစ်ခု၊ ရှစ်ခုလောက်ရှိမယ်ဆိုရင်တော့ . . . မင်းရဲ့နားကို **'နားတို'** အမျိုးအစားထဲမှာ ထည့်ရမှာဘဲ။

**'နား'**အလျားရှည်ပါက အသံအာရုံကို သိရှိခံစားနိုင်တဲ့ ဓါတ်ခံအားပိုကောင်းတယ်။ မိမိရဲ့





သိစိတ်က ဂရုမထားမိပေမယ့် အသံအာရုံများကို အမိအရဖမ်းယူနိုင်တဲ့ စွမ်းအားရှိတယ်။ ဆိုလိုချင်တာကတော့ကွာ။ **'နား'**အလျားရှည်တဲ့သူ၊ **'နား'**ရှည်တဲ့သူဟာ သူဂရုတစိုက်နား ထောင်မှုမရှိတဲ့ အသံတွေကိုတောင် ရာနှုန်းပြည့် သိရှိခံစားနိုင်တယ်။ **'နား'**ရှည်တဲ့ သူတွေဟာ **'အိုင်ကျူ'**(IQ) ကောင်းတယ်။ ဗဟုသုတကြွယ်ဝတယ်။ ဘာသာခြားစကားများကို သင်ကြားရာမှာ အတတ်မြန်တယ်။ ဂီတနဲ့ ပတ်သက်တဲ့လုပ်ငန်း၊ အသံနဲ့ပတ်သက်တဲ့လုပ်ငန်းတွေမှာ အောင်မြင်မှုတွေရကြတယ်။ **'နား'**ရှည်တဲ့သူတွေဟာ သူတစ်ပါးပြောသမျှ၊ ဆိုသမျှကို စိတ်ပါဝင်စားစွာနားထောင်တတ်ကြတယ်။

**'နား'**တိုတဲ့သူတွေကတော့ **'နား'**ထောင်တဲ့နေရာမှာ သိပ်စိတ်မရှည်ကြဘူး။ သူတစ်ပါးပြောသမျှကို လိုအပ်တဲ့အပိုင်းလောက်ဘဲ နားထောင်တယ်။ မလိုအပ်တဲ့အပိုင်းကို လုံးလုံးနားမထောင်ဘူး။ ဒါပေမယ့် . . နားတိုတဲ့သူတွေက သိပ်အကင်းပါးတယ်။ 'ချက်'ဆိုနားခွက်က မီးတောက်တဲ့သူတွေပေါ့ကွာ။ သူတစ်ပါးပါးစပ်ဟလိုက်တာနဲ့ ဘာပြောမယ်ဆိုတာကို သိနေတဲ့သူမျိုးတွေလို့ ပြောရမှာဘဲ။ တစ်ဖက်လူရဲ့ ဆိုလိုချက်ကို အလျင်အမြန်နားထဲ ဝင်အောင်သွင်းနိုင်တဲ့ စွမ်းရည်ရှိတာပေါ့ကွာ။

မတိုမရှည်အလယ်အလတ် **'နား'** အလျားရှိတဲ့သူတွေကတော့ . . . နားထောင်တဲ့နေရာမှာ တစ်ခါတစ်ရံစိတ်ပါလက်ပါ နားထောင်ပြီး၊ တစ်ခါတစ်ရံမှာတော့ ဂရုတစိုက်နားမထောင်ဘူး။ အဲဒီလိုလူမျိုးတွေပေါ့ကွာ . . . တစ်ခါတစ်ရံမှာ အစည်းအဝေးပွဲတွေမှာ စိတ်ပါလက်ပါ တက်ကြွစွာနဲ့နားထောင်နေကြပြီး . . တစ်ခါတစ်ရံမှာ ငိုက်မျည်းနေတဲ့သူတွေပေါ့ကွာ။ ဟုတ်ပြီလား . . .



www.burmeseclassic.com

www.burmeseclassic.com



နောက် . . . သိထားရမှာက '**နား**'ရဲ့ တည်နေရာဘဲ။ '**နား**'ရဲ့တည်နေရာကို သုံးမျိုးခွဲထားတယ်။ '**မြင့်တဲ့တည်နေရာ**'၊ '**အလယ်အလတ်တည်နေရာ**'နဲ့ '**နိမ့်တဲ့တည်နေရာ**' ဆိုပြီး သုံးမျိုး ခွဲထားတယ်။ မှတ်ထားပါ။

'**နား**' နှစ်ဖက်ရဲ့ အပေါ်ဘက်အစွန်ဖျားဟာ မျက်ခုံးမွေးနဲ့ တစ်တန်းတည်းရှိပြီး အောက်ဖက်အစွန်ဖျားဟာ '**နားတံ(နားခေါင်း)**' ထိပ်ဝအထိမရောက်တဲ့ '**နား**'တွေကို '**မြင့်တဲ့တည်နေရာရှိတဲ့နား**' လို့ ခေါ်တယ်။ အဲဒီလို '**မြင့်တဲ့နား**' ရှိတဲ့သူတွေဟာ ဗဟုသုတကြွယ် ဝတယ်။ စာပေကိုချစ်မြတ်နိုးတယ်။ အရာရာကိုနားစွင့်ထားတယ်။ စပ်စုတာမျိုးမဟုတ်ဘူးနော်။ အမူမဲ့ အမှတ်မဲ့ နေတာမျိုးမဟုတ်ဘူး ဆိုတာကို ပြောတာပါ။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ သူတစ်ပါး ပြောသမျှကို ချင့်ချိန်ပြီးမှယုံတတ်တယ်။ လူကြီးလူကောင်းပီသစွာ နေတတ်တယ်။ ဂတိတည်တယ်။

'**နား**'နှစ်ဖက်ရဲ့ အပေါ်ဘက်အစွန်အဖျားနဲ့ အောက်ဖက် အစွန်ဖျားဟာ မျက်ခုံးမွေးရဲ့ အောက်စွန်းနေရာနဲ့ '**နားတံ(နားခေါင်း)**' ကြားမှာ တည်ရှိတဲ့'**နား**'ကို '**အလယ်အလတ်တည်နေရာရှိတဲ့နား**' လို့ခေါ်တယ်။ သတ်မှတ်တယ်။ အဲဒီ '**အလယ်အလတ်နား**' ရှိတဲ့ သူတွေဟာ ပြောတတ်ဆိုတတ် နာယူတတ်တဲ့နေရာမှာ စံပြပုဂ္ဂိုလ် တွေဘဲ။ တွေးခေါ်မျှော်မြင်မှုကောင်းတယ်။ လူမှုဆက်ဆံရေးတွေ မှာ ပြေပြစ်တယ်။ ဂီတကိုမြတ်နိုးတယ်။ ဘာသာစကားများသင် ကြားရာမှာ တတ်လွယ်ကြတယ်။ သံတမန်လုပ်ငန်းတွေနဲ့ ထောက် လှမ်းရေးလုပ်ငန်းတွေမှာ ကျွမ်းကျင်တယ်။

'**နား**'နှစ်ဖက်ရဲ့ အပေါ်ဖက်စွန်းအဖျားဟာ မျက်ခုံးမွေး အထိမရောက်ဘဲ အောက်ဖက်စွန်းအဖျားဟာ '**နားတံ(နားခေါင်း)**'





ဝကိုကျော်ပြီး ရှိနေတဲ့'**နား**'ကို '**နိမ့်တဲ့တည်နေရာမှာရှိတဲ့နား**' လို့ခေါ် တယ်။ အဲဒီ . . '**နိမ့်တဲ့နား**' ရှိတဲ့သူတွေဟာ အရာရာကိုအမူမဲ့ အမှတ်မဲ့နေတတ်ကြတယ်။ သူတစ်ပါးပြောသမျှကို ယုံလွယ်တယ်။ ဂီတပညာနဲ့အလှမ်းဝေးတယ်။ ဂီတပညာကိုလည်း ချစ်မြတ်နိုးမှု မရှိဘူး။ ဆက်ဆံရေးညံ့တယ်။ အကောင်းပြောလည်း အကောင်း မထင်ကြတဲ့ လူမျိုးတွေပေါ့ကွာ။ အလုပ်တစ်ခုလုပ်တဲ့နေရာမှာ လည်း စံနစ်မကျဘူး။ ဟုတ်ပြီလား . . .။ ဒီတော့ . . '**မြင့်သောနား**'၊ '**အလယ်အလတ်ရှိသောနား**'၊ '**နိမ့်သောနား**' သုံးမျိုးနဲ့ '**ရှည်သောနား**'၊ '**အလယ်အလတ်ရှိသောနား**'၊ '**တိုသောနား**' သုံးမျိုး . . စုစုပေါင်း နား ၆ မျိုးကို ရှင်းပြပြီးပြီ။ သေသေချာချာမှတ်စုပြန်ထုတ်ပါ။ ဟုတ်ပြီလား . . .။

ဆက်ပြောမယ် . . .။ ဦးခေါင်းနဲ့ကပ်နေတဲ့ '**နား**'မျိုးရှိတဲ့ သူတွေဟာ ဘယ်အလုပ်ကိုဘဲလုပ်လုပ် စီမံကိန်းချမှတ်ပြီး အစီ အစဉ်နဲ့ စနစ်တကျလုပ်ကိုင်တတ်တဲ့ လူမျိုးတွေဘဲပေါ့ကွာ။ စီမံ ကိန်း၊ အစီအစဉ်တွေဆွဲတဲ့နေရာမှာ ကျွမ်းကျင်တယ်။ လျှို့ဝှက် စွာနေထိုင်တတ်တယ်။ ကြွားဝါမှုကို မုန်းတီးတယ်။ ဆူညံသံတွေ၊ အပြင်းစားဂီတတွေကိုကြောက်တယ်။ အေးအေးဆေးဆေးအတွေး နဲ့ နေတတ်တယ်။ သဘာဝတရားကို မြတ်နိုးတယ်။ ဟုတ်ပြီ . . .။ ကံအားကိုးနဲ့အလုပ်မလုပ်ဘူး။ ထီထိုးတာဝါသနာမပါဘူး။ ကံ ကောင်းရင်တော့ အလုပ်ဖြစ်မှာဘဲဆိုတဲ့ စိတ်ဓါတ်ကိုဘယ်တော့မှ မမွေးဘူး။ အလုပ်ကောင်းမှ ကံကောင်းမယ်ဆိုတာကို လက်ခံပြီး အလုပ်လုပ်တဲ့ သူမျိုးတွေပေါ့ကွာ။

'**နား**'ကားပြီး ပေါ်လွင်ထင်ရှားမယ်ဆိုရင်တော့ . . အဲဒီ '**နား**'ပိုင်ရှင်တွေဟာ တစ်ကိုယ်တည်းနေတတ်တယ်။ အထီးကျန် တယ်။ စဉ်းစားဆင်ခြင်ဉာဏ်ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



‘**နား**’ကြီးရင် ဉာဏ်ကောင်းတယ်။ ပညာသင်ကြားရလွယ်ကူတယ်။ သိပ္ပံပညာရပ်တွေမှာ ထူးချွန်တက်မြောက်တတ်တယ်။

‘**နား**’သေးရင်တော့ . . အကင်းပါးတယ်။ အလိုလိုကြိုပြီးသိနေတတ်တဲ့ သိစိတ်တွေရှိတယ်။ တစ်ခုခုဖြစ်တော့မယ်ဆိုရင် ကြိုပြီးသိနေတဲ့ စိတ်ကိုပြောတာပေါ့ကွာ။ ရှေးတုန်းက စာဆိုအရ ပြောရရင်တော့ . . .

> **“နားကြီးလျှင် ငြူစူတတ်၏။ ငယ်လျှင်ဝန်တို**
> **ကောက်ကျစ်၏။ ဝန်းလျှင်ကာယသတ္တိ၊ ဉာဏ**
> **သတိနှင့် ပြည့်စုံ၏။ ချွန်လျှင်မင်းစိုးရာဇာအကြီး**
> **အကဲဖြစ်တတ်၏။ နားတွင်းကျယ်လျှင် ကျော်**
> **ကြားတတ်၏။ နားတွင်းကျဉ်းလျှင် လူဖျင်းတတ်**
> **၏။ နားမွေးများလျှင် လူချစ်လူခင်ပေါများပြီး**
> **ဥစ္စာခနကြွယ်ဝ၏”**

လို့ ငါမှတ်သားဖူးတယ်။ ‘**နား**’အကြောင်းကို ပြောလက်စနဲ့ ဆက်ပြောမယ်။ ‘**နား**’ပေါက်ဖေါက်တဲ့နေရာကို ‘**နားသံ**’လို့ခေါ်တယ်။ ‘**နားသံသီး**’ဆိုတာကြားဖူးမှာပေါ့။ အဲ့ဒီ . . ‘နားသံ’ထူရင် စိတ်ဓါတ်ခွန်အားကောင်းတယ်။ ရုပ်ပိုင်း၊ စိတ်ပိုင်းနှစ်မျိုးစလုံး ခံနိုင်ရည်ရှိမှုမြင့်မားတယ်။ ဇွဲကောင်းတယ်။ အမှတ်သညာကောင်းတယ်။ လျော့ကျနိမ့်ကျသွားတဲ့ ရာထူးတွေ၊ ဩဇာအာဏာတွေကို မလျော့တဲ့ လုံလနဲ့ ပြန်လည်ရယူနိုင်တဲ့သူတွေဟာ ‘**နားသံ**’ထူတယ်။

‘**နားသံ**’ပါးလွန်းရင်တော့ . . . အာရုံကြောအားနည်းတဲ့ ရောဂါရတတ်တယ်။ ဟန်မူယာပိုလွန်း၊ ကန့်ကလန့်နိုင်လွန်းတယ်။ စိတ်ဓါတ်ခွန်အားကြုံလှီတယ်။ စိတ်ပျော့တယ်ပေါ့ကွာ။ နားနဲ့ ပတ်သက်လို့ကတော့ . . ဒီလောက်သိထားရင် လုံလောက်ပါပြီ။





ခဏနားပြီး ဆေးလိပ်သောက်မယ်။ ပြီးတော့မှ . . **မှည့်** အကြောင်းကို ဆက်ပြောမယ်။ ‘**မှည့်**’ အကြောင်းကတော့ သိပ်ကျယ်ကျယ်ပြန့်ပြန့်မရှိပါဘူး။ မျက်နှာပေါ်မှာရှိတဲ့ ‘**မှည့်**’ ကိုဘဲ အဓိကထား ပြောရမှာမဟုတ်လား။


☆ ☆ ☆




www.burmeseclassic.com

www.burmeseclassic.com

နား အုပ်စု (1)



နား အုပ်စု (2)




www.burmeseclassic.com

www.burmeseclassic.com





နား အုပ်စု (4)



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး။ ။မျက်နှာပေါ်က **'မှည့်'**တွေအကြောင်းကိုလည်း သိထားသင့်တယ်။ **'မျက်နှာကဲခပ်ဗေဒင်'** မှာ မျက်နှာပေါ်က **'မှည့်'** အကြောင်းတွေနဲ့ ပတ်သက်လို့ကတော့ . . ပြောပြစရာများများစားစား မရှိဘူး။ ဒါပေမယ့် . . . သိထားသင့်တယ်။ **'မှည့်'**အဟောစာအုပ်တွေထဲမှာပါတဲ့ အဟောတွေနဲ့တော့ ကွဲလွဲချက်ရှိတယ်။ **'မျက်နှာကဲခပ်ဗေဒင်'**မှာ ပြဆိုထားတဲ့ **'မှည့်'**အဟောက ပိုပြီး မှန်လိမ့်မယ်ထင်တယ်။

ကျွန်ုပ်။ ။**'မှည့်'**အဟောစာအုပ်တွေကလည်း တစ်အုပ်နဲ့ တစ်အုပ်မတူပါလား . . . အစ်ကို။

အစ်ကိုကြီး။ ။ဟုတ်တယ် . . မတူဘူး။ ဒါ့ကြောင့် . . အခု ငါပြောပြမယ့် **'မှည့်'**အဟောကို မှတ်ထားပါ။

ကျွန်ုပ် ။ ။ဟုတ်ကဲ့ . . ။ ကျွန်တော်မှတ်ထားပါမယ်။

အစ်ကိုကြီး။ ။**'နှာတံ(နှာခေါင်း)'**ဝမှာမှည့်ရှိရင် ငွေကြေးချမ်းသာမယ်။ ဒါပေမယ့် . . . ငွေကြေးချမ်းသာမှု အပေါ် စိုးရိမ်ထိတ်လန့်မှုက အမြဲရှိနေမယ်။ ငါ့ရဲ့ပိုင်ဆိုင်မှုတွေ ရေရှည်ခံပါ့မလား . . ။ ရန်သူငါးပါးထဲက တစ်ပါးပါးဖျက်ဆီးရင်တော့ သေပြီဆရာ . . . ဆိုပြီး စိုးရိမ်ထိတ်လန့်နေတဲ့ သူတွေပေါ့ကွာ။ ဥစ္စာခြောက်တယ်လို့ ပြောရမှာဘဲ။

**'နှားသယ်စပ်'** မှာ **'မှည့်'** ပါရင် ချမ်းသာတယ်။ **'ညာဘက်နှားသယ်စပ်'**မှာ မှည့်ပါရင်တော့ ကြိုးစားအားထုတ်မှုကြောင့် ချမ်း





သာကြွယ်ဝလာတာ ဖြစ်တယ်လို့ ဟောကိန်းထုတ်လိုက်ပါ။ **'ဘယ်ဘက်နှားသယ်စပ်'**မှာ **'မှည့်'**ပါရင်တော့ . . ကံတရားဖေးမကူညီမှုကြောင့် ချမ်းသာကြွယ်ဝလာတာလို့ ဟောကိန်းထုတ်လိုက်ပါ။

**'မျက်ခုံးမွေး'**နှစ်ခုရဲ့အလယ်မှာ **'မှည့်'**ရှိရင် ပညာအလွန်ထူးချွန်မယ်။ ဉာဏ်ပညာကြီးမားခြင်းကို ဖော်ပြတယ်လို့ဘဲ မှတ်ထားလိုက်ပါ။

**'နဖူး'**အလယ်မှာ . . **'နှာတံ(နှာခေါင်း)'**နဲ့ တည့်တည့်မှာ မှည့်ရှိရင် သမာဓိအားကောင်းတယ်။ မုသာဝါဒကံကို တော်တော်ထိန်းသိမ်းတဲ့သူတွေရဲ့ နဖူးအလယ်မှာ **'မှည့်'**ပါတယ်။

**'နှာတံ(နှာခေါင်း)'**ပေါ်မှာ မှည့်ပါတဲ့သူတွေကတော့ မာနကြီးတယ်။ သွေးကြီးတယ်။ ဂုဏ်တည်တယ်။

**'ပါးပြင်'**ပေါ်မှာ မှည့်ပါရင် အနုပညာကိုမြတ်နိုးတွယ်တာတတ်တယ်။ အနုပညာနဲ့လည်း အောင်မြင်ကျော်ကြားတတ်တယ်။ ညာဘက် **'ပါးပြင်'**မှာ မှည့်ပါရင်တော့ . . . အနုပညာခရီးလမ်းမှာ ကျားကုပ်ကျားခဲ ကြိုးစားပမ်းစားနဲ့တက်လှမ်းပြီးမှ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်သူတွေဖြစ်တယ်။ ဘယ်ဘက် **'ပါးပြင်'** မှာ မှည့်ပါရင်တော့ အနုပညာခရီးကို တက်လှမ်းတဲ့အခါမှာ ပန်းခင်းလမ်းကို လျှောက်လှမ်းရသလို ကြိုးပမ်းအားထုတ်စရာသိပ်မလိုဘဲ အောင်မြင်မှုတွေကို ဆွတ်ခူးပန်ဆင်နိုင်ကြတယ်။ ဟုတ်ပြီးလား။ **'ပါးပြင်'**မှာမှည့်ပါရင် အနုပညာနဲ့အောင်မြင်မှုရမယ်။ အောင်မြင်တဲ့ အနုပညာရှင်တစ်ဦးဖြစ်မယ်လို့ ဟောကိန်းထုတ်နိုင်တယ်။ လွယ်လွယ်နဲ့လား။ ခက်ခက်ခဲခဲလား ဆိုတာကိုတော့ . . ဘယ်ဘက် ပါးပြင်ပေါ်မှာ **'မှည့်'**ပါသလား . . ။ ညာဘက် **'ပါးပြင်'**ပေါ်မှာ **'မှည့်'**ပါသလားဆိုတာကို ကြည့်ရမယ်။ ရှင်းပြီနော် . . ။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်နှုတ်ခမ်းပေါ်မှာ **'မှည့်'**ပါတဲ့ အဟောမှာလည်း . . **'ညာ'**ဘက် နှုတ်ခမ်းပေါ်မှာ **'မှည့်'** ပါတာက ဟောကိန်းတစ်မျိုး။ **'ဘယ်'**ဘက်နှုတ်ခမ်းပေါ်မှာ **'မှည့်'** ပါတာက ဟောကိန်းတစ်မျိုး မတူဘူး။ ညာဘက် **'နှုတ်ခမ်း'** ပေါ်မှာ **'မှည့်'**ပါရင် နှုတ်မှု၊ ပြောဆိုမှုတွေမှာ ကျွမ်းကျင်တယ်။ စည်းရုံးရေးကောင်းတယ်။ အချစ်ရေး အိမ်ထောင်ရေးမှာ ကံညံ့တယ်။ ဘယ်ဘက်**'နှုတ်ခမ်း'**ပေါ်မှာ **'မှည့်'**ပါရင် အချစ်ရေးမှာ ကံကောင်းတယ်။ အမျိုးသမီးတွေဆိုရင်တော့ . . . မင်းကတော်၊ စိုးကတော်ဖြစ်တာပေါ့ကွာ။ အိမ်ထောင်ရေးကံကောင်းတယ်ပေါ့ကွာ။

**'မေးစေ့'** တည့်တည့်မှာ **'မှည့်'**ပါရင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေအမျိုးမျိုး ပြောင်းလဲလုပ်ကိုင်ရတတ်တယ်။ ချစ်သူအပေါ်သဝန်တိုတဲ့နေရာမှာ ထိပ်ဆုံးကပေါ့ကွာ။ အိမ်ထောင်ရေးမှာလည်း ဒီအတိုင်းပေါ့ကွာ။ အမျိုးသမီးရဲ့ **'မေးစေ့'**မှာ **'မှည့်'** ပါရင် လင်ယောကျ်ားရဲ့အပေါ်မှာ အမြဲတမ်းသဝန်တိုမယ်။ အမျိုးသားရဲ့ **'မေးစေ့'**မှာ **'မှည့်'**ပါရင် ဇနီးမယားအပေါ်မှာ သဝန်တိုမယ်။ ဒီလိုမှတ်ထားပါ။ **'မှည့်'**အကြောင်း . . မျက်နှာပေါ်မှာရှိတဲ့ **'မှည့်'** အကြောင်းကတော့ ဒီလောက်ပါဘဲ။ ကဲ . . . လွှတ်ရှည်သောက်ကြရအောင် . . ပြီးတော့မှဘဲ . . . 'မျက်နှာပုံစံ' အကြောင်းပြောမယ်။ မျက်နှာရဲ့ 'ဖရိန်' (FRAME) ပေါ်ကွာ။ ဟုတ်ပြီလား . . . ။

☆ ☆ ☆





အစ်ကိုကြီး။

။**'မျက်နှာကဲခပ်ဗေဒင်'**ပညာမှာ **'မျက်နှာပုံစံ'** ကို လေးမျိုးခွဲထားတယ်။ လိုက်ရေးထားပါ။

**(တစ်)** ရှည်သွယ်တဲ့မျက်နှာ
**(နှစ်)** ဝန်းဝိုင်းတဲ့မျက်နှာ
**(သုံး)** စတုရန်းပုံကျတဲ့မျက်နှာ
**(လေး)** တြိဂံပုံရှိတဲ့မျက်နှာ

အဲ့ဒီလို လေးမျိုးခွဲထားတယ်။ အမှန်တော့ကွာ . . လူတွေရဲ့ **'မျက်နှာပုံစံ'** တွေဟာ ပိုက်လုံးလိုရှည်သွယ်သွယ်ကြီး။ လည်းဘီးလို ဝိုင်းဝိုင်းကြီး။ ဆယ်ပြားစေ့လို လေးထောင့်စပ်စတုရန်းပုံကြီး။ သုံးမြောင့်ဖန်တုံးလို . . လည်းတောက်လို တြိဂံပုံကြီးတော့ ဘယ်ဟုတ်ပါ့မလဲကွာ။ အများဆုံးလွှမ်းမိုးမှုကိုဘဲယူရမှာပေါ့။ ရှင်းပြီနော် . . ။ ဒါဆိုဆက်ပြောမယ်။ **'ရှည်သွယ်တဲ့မျက်နှာ'** အကြောင်းကို ဆက်ပြောမယ်။

**'ရှည်သွယ်တဲ့မျက်နှာ'** ဟုတ်ပြီနော် . . ။ **'ပိုက်လုံးမျက်နှာ'** တွေပေါ့ကွာ။ အဲ့ဒီ **'ပိုက်လုံးမျက်နှာ'** ပိုင်ရှင်တွေဟာ သဘောကောင်းတယ်။ စိတ်ဓါတ်မာတယ်။ တန်ခိုးသြဇာအာဏာကို မက်မောလွန်းတယ်။ စိတ်ခံစားမှုပြင်းထန်တယ်။ လွတ်လပ်စွာနေထိုင်သွားလာတတ်တယ်။ မာနကြီးတယ်။ လိမ္မာပါးနပ်မှုရှိပြီး၊ တက်ကြွတဲ့လှုပ်ရှားမှု၊ စွန့်စားသွားလာမှုတွေကို ခုံမင်တယ်။ စစ်ဘက်အကြီးအကဲ၊ နိုင်ငံအကြီးအကဲတွေရဲ့မျက်နှာပုံစံဟာ များသောအားဖြင့် **'ရှည်သွယ်တဲ့မျက်နှာပုံစံ'**တွေလို့ မှတ်ထားကွာ။ ကိုယ့်ဆုံးဖြတ်ချက်မှ ကိုယ်မှန်တယ်လို့ ထင်နေတဲ့အတွက်လည်း အာဏာရှင်ဆန်တယ်လို့ ဝေဖန်ခံရတဲ့ အဖြစ်မျိုးကြုံရတတ်တယ်။ အမှန်တရားနဲ့ အကြင်နာတရားမှာ အမှန်တရားကို ဦးစားပေးလွန်းတဲ့အတွက် ရက်စက်တယ်လို့လည်း ဝေဖန်ခံရတတ်တယ်။ ဆုံးဖြတ်ချက်ချတဲ့နေရာမှာလည်းတုံ့ဆိုင်းမနေဘူး။ လျင်မြန်တယ်။ ဘာဘဲဖြစ်ဖြစ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စိတ်ဓါတ်ရှိတယ်။ အလုပ်ကိုလည်းချစ်တယ်။ အလုပ်ကို အလွန်အကျွံလုပ်တယ်။ ငွေကြေးနေရာဖွေတဲ့ နေရာမှာလည်း လောဘကြီးတယ်လို့ ဆိုရမှာဘဲ။ ရည်ရွယ်ချက်ကြီးမားတယ်။ ကိုယ့်ရဲ့အောင်မြင်မှုလမ်းကြောင်းမှာ ပိတ်ဆို့နေတဲ့ သူတွေကိုလည်း တိုက်ခိုက်ဖယ်ရှားဖို့ ဝန်မလေးဘူး။ **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်တွေဟာ အရပ်လည်းရှည်ပြီး ခန္ဓာကိုယ်သွယ်လျတယ်။ ရုပ်ရှင်၊ ပြဇာတ်နဲ့ တေးဂီတလောကမှာလည်း အောင်မြင်တတ်တယ်။ အလှအပကိုလည်းခုံမင်တယ်။ အထူးသဖြင့် **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီးတွေဟာ အလှအပကို ခုံမင်တွယ်တာလွန်းတယ်လို့ဆိုရမှာဘဲ။ ဟုတ်ပြီ . . .။ သေသေချာချာမှတ်ထား၊ ရေးထားပါ။ နောင်တစ်ချိန်မှာ မင်းက **'မျက်နှာကဲခပ်ဗေဒင်'** စာအုပ်ပြန်ရေးတဲ့အခါမှာ သိပ်အသုံးဝင်လိမ့်မယ်။ ရေးဖြစ်အောင်ရေးပါ။ ငါအခုသင်ပြတာထက်ပိုပြီး စုံလင်အောင် စာအုပ်တွေထပ်ဖတ်ပါ။ ထပ်လေ့လာပါ။

ကျွန်ုပ်။ ။ **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်တွေ . . တစ်နည်းပြောရရင်တော့ကွာ 'လုံးဘီးမျက်နှာ' တွေပေါ့။ အဲ့ဒီ **'လုံးဘီးမျက်နှာ'** ပိုင်ရှင်တွေဟာ ဘဝရဲ့ အေးချမ်းတည်ငြိမ်မှုနဲ့ လုံခြုံစိတ်ချရမှုကို အမြဲတမ်း . . လိုလားတောင့်တဆန္ဒရှိနေတဲ့ သူတွေလို့ပြောရင် မမှားဘူး။ အိမ်တွင်းမှုလုပ်ငန်းတွေကိုလည်း ကောင်းမွန်စွာဆောင်ရွက်နိုင်တယ်။ ရောင်းပန်းလှ၊ ဈေးခေါ်ကောင်းတဲ့ သူတွေ၊ အရောင်းသမားတွေဟာ **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်တွေဘဲ ဖြစ်တယ်ပေါ့ကွာ။ အဲ့ဒီလိုဘဲမှတ်ထားပါ။





ကုမ္ပဏီအတွက် အရောင်းစာရေးတွေ ခန့်မယ်ဆိုရင်တော့ **'ဝန်းဝိုင်းတဲ့မျက်နှာ'**ရှိတဲ့ ယောက်ျားလေး၊ မိန်းကလေးတွေကို ခန့်သင့်တာပေါ့ကွာ။ ဈေးရောင်းတဲ့အခါမှာလည်း စိတ်ရှည်ပြီး ရည်မွန်စွာပြောလေ့ရှိတယ်။ ဝယ်သူတွေကို ဆွဲဆောင်နိုင်တဲ့ ကိုယ်ရည်ကိုယ်သွေးရှိတယ်။ အဲ့ဒီလို **'ဝန်းဝိုင်းတဲ့မျက်နှာပိုင်ရှင်'** တွေဟာ ဘဏ်ဒါရိုက်တာကြီးတွေ၊ ဘဏ်လုပ်ငန်းရှင်ကြီးတွေ၊ အိမ်ခြံမြေအရောင်းအဝယ်ဆောင်ရွက်ပေးတဲ့ ကုမ္ပဏီပိုင်ရှင်ကြီးတွေ ဖြစ်လေ့ရှိတယ်။ **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်တွေဟာ မိမိရဲ့မိသားစုကိုတွယ်တာလွန်းပြီး မိမိရဲ့မိသားစုဘဝကိုဘဲ အရေးပေးလွန်းတဲ့အတွက် ပတ်ဝန်းကျင်လူမှုရေးကိစ္စတွေ၊ ဆွေမျိုးတွေရဲ့ သာရေး၊ နာရေးကိစ္စတွေမှာ လစ်ဟင်းတဲ့အတွက် အများရဲ့အတင်းပြော၊ မေးငေါ့တာကို ခံရတတ်တယ်။ အဲ့ဒါကို . . သတိထားရမယ်။ အမှန်တော့ . . အတ္တဆန်လွန်းတာမဟုတ်ပါဘူးကွာ။ မိသားစုဘဝကိုရှေ့တန်းတင်တာ များတယ်လို့ဘဲ ပြောရမှာပေါ့ . .။ မဟုတ်ဘူးလား . .။

**'ဝန်းဝိုင်းတဲ့မျက်နှာ'**ပိုင်ရှင်တွေဟာ စိတ်ခံစားမှုကဲလွန်းတယ်။ ဆိုလိုတာကတော့ကွာ . . . မကြောက်သင့်တာကို ကြောက်တယ်။ နည်းနည်းကြောက်သင့်တာကို များများကြောက်တယ်။ ဒါကိုပြောတာပါ။ စိတ်လှုပ်ရှားလွန်းတယ်။ ဥပဒေကိုလေးစားတယ်။ ဥပဒေကိုကြောက်တယ်။ ဒါကြောင့် . . . **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်တွေဟာ ဥပဒေနဲ့မကင်းတဲ့ ဒုစရိုက်လုပ်ငန်းတွေကို မလုပ်ကြဘူး။ အချစ်ရေးမှာလည်း နက်ရှိုင်းတယ်။ တစ်ယောက်ဆိုတစ်ယောက် စွဲစွဲမြဲမြဲချစ်တတ်တာကို ပြောတာပါဘဲ။ စိတ်ပူပန်တဲ့နေရာမှာလည်း ထိပ်ဆုံးကဘဲ။ **'ဝန်းဝိုင်းတဲ့မျက်နှာ'**ပိုင်ရှင်တွေဟာ ကျပြန့်တဲ့ ရင်အုပ်ရှိတယ်။ ဆံပင်ကောင်းပြီး ဝဖိုင့်တဲ့ကိုယ်ခန္ဓာမျိုးကို



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆိုင်တယ်။ လုပ်ငန်းမှာ ခံနိုင်ရည်ရှိမှုနဲ့ ဇွဲရှိမှုကြောင့် လူလတ်ပိုင်းမှာဘဲ အောင်မြင်မှုတွေကို ရရှိတတ်တယ်။ ဟုတ်ပြီနော် . . .။

ကျွန်ုပ်။ ။မှန်လိုက်တာဗျာ။ ကျွန်တော့်သူငယ်ချင်းတွေထဲမှာ **'ဝန်းဝိုင်းတဲ့မျက်နှာ'**ရှိတဲ့သူတွေရှိ တယ်။ ဒီအတိုင်းဘဲ။ သူတို့မျက်နှာတွေကလည်း **'လှည်းဘီး'**အတိုင်းဘဲ . . ဝန်းဝိုင်းနေတယ်။

အစ်ကိုကြီး။ ။**'စတုရန်းပုံမျက်နှာ'** အကြောင်းဆက်ပြောမယ်။

**'ဆယ်ပြားစေ့မျက်နှာ'**ပေါ့ကွာ။ အဲ့ဒီ **'စတုရန်းပုံကျတဲ့မျက်နှာ'** ပိုင်ရှင်တွေဟာ သန်မာတဲ့ကြွက်သားတွေနဲ့ ဖွဲ့စည်းထားတဲ့ တုတ်ခိုင်တဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်ကြတဲ့သူတွေပေါ့ကွာ။ ဟုတ်ပြီလား။ ကိုယ်ခန္ဓာနဲ့ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေကို ကောင်းစွာလုပ်နိုင်တယ်။ ထူးချွန်ကျော်ကြားတဲ့ အားကစားသမားတွေဟာ **'စတုရန်းပုံကျတဲ့မျက်နှာ'**ပိုင်ရှင်တွေဘဲ ဖြစ်တာများတယ်။ ဟုတ်ပြီလား။ ရန်လိုတတ်တဲ့စိတ်ရှိတယ်။ ဗလအားကိုးနဲ့ ဗိုလ်ကျချင်တဲ့ စိတ်ရှိတာပေါ့ကွာ။ လိုချင်တဲ့ဆန္ဒကလည်းကြီးတယ်။ ဇွတ်တရွတ်သမားတွေလို့ပြောလို့ရတယ်။ ဒေါသဖြစ်လွယ် ဒေါသပျက်လွယ်တယ်။ သူတစ်ပါးအပေါ် အကောက်ကြံတဲ့ စိတ်ဓါတ်မျိုးမရှိဘူး။ သူတစ်ပါးနောက်ကျောကို ဘယ်တော့မှဓားနဲ့မထိုးဘူး။ ရှင်းရှင်းနဲ့ဘွင်းဘွင်းသမားတွေပေါ့ကွာ။ သူ့ဒေါသကို အားလုံးကကြောက်ကြတယ်။

**'စတုရန်းပုံကျတဲ့မျက်နှာ'**ပိုင်ရှင်တွေဟာ ဉာဏ်ကောင်းပြီး ခွဲခြမ်းစိပ်ဖြာတတ်တဲ့ စိတ်ဓါတ်ရှိတဲ့အတွက် လက်တွေ့ဆန်တဲ့အလုပ်တွေကို လုပ်လေ့ရှိတယ်။ သိပ္ပံပညာရှင်တွေ၊ အင်ဂျင်နီယာတွေရဲ့ မျက်နှာပုံစံဟာ များသောအားဖြင့် **'စတုရန်းပုံကျတဲ့မျက်နှာ'**တွေပေါ့ကွာ။ လက်မှုပညာတွေမှာလည်း ထူးချွန်တက်မြောက်ကြတယ်။ ဘယ်အရာမဆို စူးစူးစမ်းစမ်းလေ့လာပြီး ထိုးဖောက်မြင်တဲ့





အတွက် သုတေသနလုပ်ငန်းတွေမှာလည်း အောင်မြင်မှုရကြတယ်။ မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေကိုလည်း ချနိုင်တယ်။

**'စတုရန်းပုံကျတဲ့မျက်နှာ'** ပိုင်ရှင်တွေဖြစ်တတ်တဲ့ ရောဂါကတော့ . . ကြွက်သားနာတဲ့ရောဂါ၊ ကြွက်သားပွန်းပဲ့ရောဂါတွေရတတ်တယ်။ အစားအသောက်ကို မက်မောလွန်းတယ်လို့ ပြောလို့မရပေမယ့် . . များများစားနိုင်တယ်။ အစာချေဖျက်မှုအားကောင်းတယ်။

မိမိရဲ့ချစ်သူအပေါ်မှာ နားလည်မှုအများဆုံးပေးနိုင်တာကတော့ **'စတုရန်းပုံကျတဲ့မျက်နှာ'** ပိုင်ရှင်တွေလို့ ပြောနိုင်တယ်။ မိမိရဲ့အချစ်၊ မိမိရဲ့မေတ္တာတရားကို ဖေါ်ကျူးတဲ့နေရာမှာလည်း ဂန္ထဝင်မြောက်တယ်လို့ အဆိုရှိတယ်။

ကဲ . . . ဒါတွေကတော့ **'စတုရန်းပုံကျတဲ့မျက်နှာ'** ပိုင်ရှင်တွေရဲ့ အကြောင်းဘဲ။ ဘာမေးစရာရှိသေးလဲ . .။

ကျွန်ုပ်။ ။မရှိပါဘူး . . . အစ်ကို။

အစ်ကိုကြီး။ ။**'တြိဂံပုံရှိတဲ့မျက်နှာ'** အကြောင်းကို ပြောပြမယ်။ လိုက်ပြီးရေးမှတ်ထားပါ။ သေသေချာချာမှတ်ပါ။ **'မျက်နှာကဲခပ်ဗေဒင်'**စာအုပ်ကို မင်းရေးရမှာငါရေးမှာမဟုတ်ဘူး။ ခုငါသင်ပေးတာလောက်နဲ့ မလုံလောက်သေးဘူး။ ဆက်ပြီးလေ့လာပါ။ တရုတ်လူမျိုးတွေရဲ့ **'မျက်နှာကဲခပ်ဗေဒင်'**စာအုပ်တွေကိုရှာဖတ်ပါ။ တရုတ်ဘာသာနဲ့ ရေးထားတာတွေရှိရင်ဝယ်ပါ။ တရုတ်စာကျွမ်းကျင်တဲ့ဘာသာပြန်ဆရာတွေရဲ့ အကူအညီကိုယူပါ။ ဗေဒင်ဆရာတစ်ယောက်အဖြစ်နဲ့ အသက်မွေးဝမ်းကျောင်းပြုတော့မယ်ဆိုရင် **'မျက်နှာကဲခပ်ဗေဒင်'**ပညာကို မတတ်လို့မဖြစ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။ဟုတ်ပါတယ်အစ်ကို။ **'မျက်နှာကဲခပ်ဗေဒင်'** ပညာကိုတတ်ရင် ဗေဒင်မေးတဲ့သူရဲ့ မွေးနေ့သက္ကရာဇ်ကိုမေးပြီး ဗေဒင်တွက်စရာမလိုဘဲ အဲ့ဒီလူရဲ့မျက်နှာကိုကြည့်လိုက်ရုံ မြင်လိုက်ရုံနဲ့ အဲ့ဒီလူရဲ့အလုပ်အကိုင်နဲ့ စီးပွားရေးအခြေအနေ၊ လူနေမှုအဆင့်အတန်း၊ ပြီးတော့ အမူအကျင့်၊ စရိုက်လက္ခဏာတွေ သိနေရပြီဆိုတော့ သိပ်ဟန်ကျတာပေါ့။

အစ်ကိုကြီး။ ။ကဲ . . . အချိန်သိပ်မရှိဘူး။ **'တြိဂံပုံရှိတဲ့မျက်နှာ'** အကြောင်းကိုဆက်ပြောမယ်။ **'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်တွေဟာ ခန္ဓာကိုယ်သွယ်လျတယ်။ ပိန်တယ်ပေါ့ကွာ။ မျက်နှာပုံစံနဲ့ခန္ဓာကိုယ်အချိုးအစားက လိုက်လျောညီထွေရှိပြီး . . သူတစ်ပါးမှတ်မိလွယ်တယ်လို့ ပြောနိုင်တယ်။

**'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်တွေဟာ ဆင်ခြင်တုံတရားရှိတယ်။ သူတို့ရဲ့သူတစ်ပါးအပေါ် ထားတဲ့ သံသယစိတ်၊ မယုံကြည်တဲ့စိတ်တွေက လူမှုဆက်ဆံရေးမှာ အပြစ်တင်စရာအဖြစ် ထင်ရှားတယ်။ အလုပ်ကိုကြိုးစားတယ်။ အလုပ်ကို မနားမနေလုပ်နိုင်တဲ့စွမ်းရည်လည်းရှိတယ်။ လှုပ်ရှားဆောင်ရွက်မှုက သွက်လက်သလို စကားပြောဆိုတဲ့အခါမှာလည်း သွက်လက်တယ်။ စကားများတယ်။ စကားသံကစူးရှပြီး အသံမြင့်တယ်။ ခေတ်ပေါ်တေးဂီတတွေကို သီဆိုရင် အဆိုတော်ကောင်းတစ်ယောက် ဖြစ်နိုင်တယ်။ ပါးရည်နပ်ရည်ရှိတယ်။ အရိပ်သုံးပါးနားလည်တယ်။ အရိပ်ပြရင်အကောင်ထင်တယ်။ တစ်ထွာပြရင်၊ တစ်လံမြင်တယ်။ ဟုတ်ပြီနော်။ သိချင်တတ်ချင်တဲ့စိတ်ရှိတယ်။ ပညာရပ်တစ်ခုကို လေ့လာတဲ့အခါမှာ





စံနစ်ကျကျလေ့လာတယ်။ အနုပညာဖန်တီးမှုတွေမှာလည်း အားကောင်းတယ်။ ဗိသုကာပညာရှင်ကြီးတွေရဲ့မျက်နှာနဲ့ ဖက်ရှင်ဒီဇိုင်နာတွေရဲ့မျက်နှာက **'တြိဂံပုံရှိတဲ့မျက်နှာ'** တွေလို့ဘဲမှတ်ထားပါ။


ဟုတ်ပြီ။ ခဏနားမယ်။ အညောင်းပြေ နည်းနည်းပါးပါး လမ်းလျှောက်ပြီးမှ ချစ်သူ စုံတွဲ၊ ဇနီးမောင်နှံတွေရဲ့ မျက်နှာပုံစံတွေကို နှိုင်းယှဉ်လေ့လာတဲ့ အပိုင်းကိုပြောမယ်။

အစ်ကိုကြီး။ ။ဟောဒီ . . ပို့က်ဘုတ်မှာ **'မျက်နှာပုံစံ'** လေးမျိုးကို ငါရေးပြမယ် . . . လိုက်ပြီးကူးရေးထားပါ။

**ရှည်သွယ်တဲ့မျက်နှာ**



**ဝန်းဝိုင်းတဲ့မျက်နှာ**





www.burmeseclassic.com

www.burmeseclassic.com

**စတုရန်းပုံကျတဲ့မျက်နှာ**



**တြိဂံပုံရှိတဲ့မျက်နှာ**



ကျွန်ုပ်။ ။'မျက်နှာပုံစံ' လေးမျိုးကို ကူးရေးပြီးပြီ . . အစ်ကို။

အစ်ကိုကြီး။ ။ဟုတ်ပြီ . . . ဒီတော့ . . မထမဦးဆုံး **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီးနဲ့ **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသားတို့ရဲ့အကြောင်းကိုပြောမယ်။ လိုက်မှတ်ထားပါ။





၁။ **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီး — **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသား






ဒီဇနီးမောင်နှံမှာ ခင်ပွန်းဖြစ်သူဟာ အလုပ်ကိစ္စများကိုသာ ဦးစားပေးတတ်ပြီး ဇနီးကိုကြင်နာယုယမှု ပေးဆပ်ရမှာကို ပျက်ကွက်တတ်ပါတယ်။ စီးပွားရှာရာမှာတော့ ဒိုးတူပေါင်ဖက်ရှာနိုင်ကြတယ်။ ဇနီးက အိမ်မှုကိစ္စကို နိုင်နင်းအောင်လုပ်နိုင်တယ်။ နှစ်ယောက်စလုံးကတော့ ကိုယ်မှန်တယ်ထင်ရင် နောက်မဆုတ်ဘူး။ အဲ့ဒီအချက်ကို ပြင်သင့်တယ်။

၂။ **ရှည်သွယ်တဲ့မျက်နှာ** ပိုင်ရှင်အမျိုးသမီး — **ဝန်းဝိုင်းတဲ့မျက်နှာ** ပိုင်ရှင်အမျိုးသား





ဒီဇနီးမောင်နှံမှာ ဇနီးဖြစ်သူဟာ တယူသန်ဆန်လွန်းလို့အတွက် အိမ်ထောင်ရေးဟာ ရင်လေးစရာ ဖြစ်ရတတ်တယ်။ ဒါပေမယ့် . . ခင်ပွန်းသည်ဖြစ်သူရဲ့ စံထားလောက်တဲ့အိမ်ထောင်




www.burmeseclassic.com

www.burmeseclassic.com



စုအပေါ်တွယ်တာတဲ့စိတ်ဓါတ်ဟာ အိမ်ထောင်ရေးကို ရိုးမြေကျ ခိုင်မြဲစေတယ်။ စီးပွားဖက်လို့လည်း ပြောလို့ရတယ်။

၃။ **ရှည်သွယ်တဲ့မျက်နှာ** ပိုင်ရှင်အမျိုးသမီး — **စတုရန်းပုံကျတဲ့မျက်နှာ** ပိုင်ရှင်အမျိုးသား




ဒီဇနီးမောင်နှံမှာ အမျိုးသမီးကအိမ်ထောင်မှုကို နိုင်နင်းအောင်ထိန်းသိမ်းနိုင်တယ်။ ခင်ပွန်းသည်ကိုလည်း သြဇာသက်ရောက်မှုရှိတယ်။ 'ခင်ပွန်း' ဖြစ်သူကတော့ အိမ်ထောင်ရေးတင်းကြပ်မှုကို မကြိုက်ဘူး။ လွတ်လပ်တဲ့ လူမှုဆက်ဆံရေးဘဝကို ပိုမက်မောတယ်။ အသွင်မတူတဲ့ အိမ်ထောင်ရေးလို့လည်း ဆိုနိုင်တယ်။

ခု . . . ပြောသွားတာက **'ရှည်သွယ်တဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီးနဲ့ **'ရှည်သွယ်တဲ့မျက်နှာ'**၊ **'ဝန်းဝိုင်းတဲ့မျက်နှာ'**၊ **'စတုရန်းပုံကျတဲ့မျက်နှာ'**၊ **'တြိဂံပုံရှိတဲ့မျက်နှာ'** အမျိုးသားတွေနဲ့ တွေ့ဖက်တဲ့ ဇနီးမောင်နှံအကြောင်းတွေကို ပြောသွားတာ . . မဟုတ်လား။ ဟုတ်ပြီနော် . .။ **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီးနဲ့ **'ရှည်သွယ်တဲ့မျက်နှာ'**၊ **'ဝန်းဝိုင်းတဲ့မျက်နှာ'**၊ **'စတုရန်းပုံကျတဲ့မျက်နှာ'**၊ **'တြိဂံပုံကျတဲ့မျက်နှာ'** အမျိုးသားတွေနဲ့ တွဲဖက်တဲ့ ဇနီးမောင်နှံတွေအကြောင်းကိုပြောမယ်။ ရှင်းအောင်နားထောင်ပါ။






၅။ **ဝန်းဝိုင်းတဲ့မျက်နှာ** ပိုင်ရှင်အမျိုးသမီး — **ရှည်သွယ်တဲ့မျက်နှာ** ပိုင်ရှင်အမျိုးသား



ဒီဇနီးမောင်နှံမှာ ခင်ပွန်းက ဇနီးအပေါ်ဆက်ဆံရေးကခက်ထန်ပေမယ့် . . . ဇနီးကတော့ ခင်ပွန်းသည်အပေါ် သည်းခံခွင့်လွှတ်ပါတယ်။ သားသမီးများမယ်။ အိမ်နေရာထိုင်ခင်းကောင်းကောင်းနဲ့ မိသားစုသိုက်သိုက်ဝန်းဝန်းနေရတတ်ပါတယ်။ ဇနီးဖြစ်သူရဲ့ အိမ်ထောင်ထိန်းသိမ်းမှုဟာ စံပြုလောက်ပါတယ်။

၆။ **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီး — **'ဝန်းဝိုင်းတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသား



ဒီဇနီးမောင်နှံဟာ ငွေကြေးဓနရှာဖွေစုဆောင်းတဲ့နေရာမှာ တက်ညီလက်ညီရှိတယ်လို့ ပြောဆိုရမှာဘဲ။ ဇနီးမောင်နှံနှစ်ဦးစလုံးဟာ အိမ်ထောင်စုဘဝလုံခြုံစိတ်ချပြီး သာယာအေးချမ်းရအောင်လည်း အမြဲတမ်းကြိုးပမ်းအားထုတ်မှုပြုတယ်။ [illegible] တွဲလို့မြဲတယ်ပေါ့ကွာ။




www.burmeseclassic.com

www.burmeseclassic.com



၇။ **ဝန်းဝိုင်းတဲ့မျက်နှာ** — ပိုင်ရှင်အမျိုးသမီး

**စတုရန်းပုံကျတဲ့မျက်နှာ** — ပိုင်ရှင်အမျိုးသား





ဒီဇနီးမောင်နှံမှာ ခင်ပွန်းဖြစ်သူက လုပ်ငန်းများအကြောင်းနဲ့ လုပ်ငန်းများနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်များကို ဇနီးဖြစ်သူကို အသိပေးအကြံဉာဏ်ယူတတ်တယ်။ ခင်ပွန်းဖြစ်သူက မိမိသာလျှင် ကောင်းမွန်တဲ့အိမ်ထောင်ရေးကြီးကို တည်ဆောက်နိုင်သူတစ်ယောက်အဖြစ် ဂုဏ်ယူနေသလို ဇနီးဖြစ်သူကလည်း ခင်ပွန်းဖြစ်သူအား ကောင်းစွာအထောက်အပံ့ပေးနိုင်တယ်လို့ ဂုဏ်ယူနေတယ်။

၈။ **ဝန်းဝိုင်းတဲ့မျက်နှာ** — ပိုင်ရှင်အမျိုးသမီး

**တြိဂံပုံရှိတဲ့မျက်နှာ** — ပိုင်ရှင်အမျိုးသား





ဒီဇနီးမောင်နှံမှာ ဇနီးဖြစ်သူက မိမိရဲ့စိတ်ခံစားမှု၊ လွတ်လပ်ပျော်ရွှင်မှုကို ဦးစားမပေးဘဲ မိသားစုဘဝ၊ မိသားစုကိစ္စများကို






အလေးပေးဆောင်ရွက်ပါမှ ခိုင်မြဲတဲ့အိမ်ထောင်ရေးဖြစ်လိမ့်မယ်။ ခင်ပွန်းဖြစ်သူကလည်း တင်းတိမ်ရောင့်ရဲလွန်းတဲ့အတွက် ဇနီးဖြစ်သူရဲ့ အလိုမကျမှုကိုခံရတတ်တယ်။

**'စတုရန်းပုံကျတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီးနဲ့ **'ရှည်သွယ်တဲ့မျက်နှာ'**၊ **'ဝန်းဝိုင်းတဲ့မျက်နှာ'**၊ **'စတုရန်းပုံကျတဲ့မျက်နှာ'**၊ **'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသားတွေနဲ့ တွဲဖက်တဲ့ ဇနီးမောင်နှံတွေအကြောင်းကိုပြောမယ်။

၉။ **'စတုရန်းပုံကျတဲ့မျက်နှာ'** — ပိုင်ရှင်အမျိုးသမီး

**'ရှည်သွယ်တဲ့မျက်နှာ'** — ပိုင်ရှင်အမျိုးသား





အဲ့ဒီဇနီးမောင်နှံရဲ့ အိမ်ထောင်မှုဘဝအစပိုင်းမှာ လုပ်ငန်းသဘာဝကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ . . . ခွဲခွာနေရသည့် အချိန်များရှိတတ်ပါတယ်။ ဇနီးမောင်နှံနှစ်ဦးစလုံးက လက်တွေ့ဆန်တဲ့အိမ်ထောင်ရေးဘဝကို တည်ဆောက်နိုင်ကြတယ်။ အိမ်ထောင်ရေးဘဝ သာယာစိုပြေမှုထက် ဥစ္စာနေကြွယ်ဝမှုကို ဦးစားပေးလွန်းတဲ့အမှားတစ်ခုကို ဇနီးမောင်နှံနှစ်ဦးစလုံး ကျူးလွန်ကြရတယ်လို့ ဆိုနိုင်တယ်။




www.burmeseclassic.com

www.burmeseclassic.com




၁၀။ **'စတုရန်းပုံကျတဲ့မျက်နှာ'** **'ဝန်းဝိုင်းတဲ့မျက်နှာ'**
ပိုင်ရှင်အမျိုးသမီး ပိုင်ရှင်အမျိုးသား



အဲ့ဒီဇနီးမောင်နှံမှာ ခင်ပွန်းဖြစ်သူဟာ အလုပ်ကြိုးစားသူဖြစ်ပြီး ဇနီးဖြစ်သူဟာ အိမ်ထောင်မရေးနဲ့ အိမ်ထောင်မှုကိစ္စတွေကို နိုင်နိုင်နင်းနင်းဆောင်ရွက်နိုင်တယ်။ သူတို့ဇနီးမောင်နှံရဲ့ အားနည်းချက်ကတော့ နှစ်ဘက်ဆွေမျိုးများရဲ့ အားပြိုင်မှု၊ ဖိအားပေးခြင်းတွေကို အလူးအလဲခံရတဲ့အဖြစ်ပါဘဲ။

၁၁။ **စတုရန်းပုံကျတဲ့မျက်နှာ** **စတုရန်းပုံကျတဲ့မျက်နှာ**
ပိုင်ရှင်အမျိုးသမီး ပိုင်ရှင်အမျိုးသား




အဲ့ဒီဇနီးမောင်နှံရဲ့ ချစ်ခြင်းမေတ္တာတရားက စံတင်လောက်သလို . . သံယောဇဉ်ကလည်း ပြိုင်စံရှားလှပါတယ်လို့ ပြောရင်မမှားပါဘူး။ သားသမီးရတနာများမယ်။ သားသမီးအကျိုးပေး





ကံကောင်းတယ်။ သက်ဆိုင်ရာဘာသာရေးမှာ ကိုင်းရှိုင်းယုံကြည်ကိုးကွယ်မှုကလည်း တူညီကြတယ်။ ပတ်ဝန်းကျင်က စံပြုလောက်တဲ့ အိမ်ထောင်ရေးကိုတည်ဆောက်နိုင်တယ်လို့ ဆိုရမှာပေါ့ကွာ။

၁၂။ **'စတုရန်းပုံကျတဲ့မျက်နှာ'** **'တြိဂံပုံရှိတဲ့မျက်နှာ'**
ပိုင်ရှင်အမျိုးသမီး ပိုင်ရှင်အမျိုးသား



အဲ့ဒီဇနီးမောင်နှံနှစ်ဦးစလုံး ပျော်ရွှင်ချမ်းမြေ့စွာနေထိုင်တတ်ခြင်းမှာ ထင်ရှားတဲ့အိမ်ထောင်ရေးအမှတ်လက္ခဏာ ဖြစ်တယ်လို့ ဆိုရမှာဘဲ။ မရှိအတူ . . . ရှိအတူ၊ အေးအတူ . . ပူအမျှ စိတ်ဓါတ်နဲ့ အိမ်ထောင်ရေးဘဝကို တည်ဆောက်တဲ့နေရာမှာတော့ စံပြုဇနီးမောင်နှံပါဘဲ။ ခင်ပွန်းဖြစ်သူရဲ့ သဘောထားကို ဇနီးဖြစ်သူက နားလည်သလို . . ဇနီးဖြစ်သူရဲ့ သဘောထားကိုလည်း ခင်ပွန်းဖြစ်သူက နားလည်တယ်။ ရှေ့သွားနောက်လိုက်ညီတဲ့ ဇနီးမောင်နှံပေါ့ကွာ။ ဟုတ်ပြီလား . . .။

**'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီးနဲ့ **'ရှည်သွယ်တဲ့မျက်နှာ'၊ 'ဝန်းဝိုင်းတဲ့မျက်နှာ'၊ 'စတုရန်းပုံကျတဲ့မျက်နှာ'၊ 'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသားတွေနဲ့ တွဲဖက်တဲ့ဇနီးမောင်နှံတွေအကြောင်းကို ပြောပြမယ်။ လိုက်မှတ်ထားပါ။




www.burmeseclassic.com

www.burmeseclassic.com




၁၃. 'ကြိုက်ပုံရှိတဲ့မျက်နှာ' 'ရှည်သွယ်တဲ့မျက်နှာ'
ပိုင်ရှင်အမျိုးသမီး ပိုင်ရှင်အမျိုးသား



ဒီဇနီးမောင်နှံမှာ ဇနီးဖြစ်သူက လွတ်လပ်ပျော်ရွှင်မှုနဲ့ ပွဲလမ်းသဘင်ကို နှစ်သက်သလို ခင်ပွန်းဖြစ်သူကလည်း ဇနီးမယား အလိုကျဖြစ်စေရမယ်ဆိုတဲ့ လူစားမျိုးဖြစ်နေလို့ အိမ်ထောင်ရေးမှာ အဖုအထစ်မရှိပါဘူး။ ဇနီးဖြစ်သူရဲ့ အိမ်မှုကိစ္စအဝဝကို နိုင်နင်းမှု မရှိတဲ့အတွက်တော့ တစ်ခါတစ်ရံမှာ ခင်ပွန်းဖြစ်သူရဲ့ ငြိုငြင်ခြင်း ကိုခံရတတ်တယ်။ ဟုတ်ပြီနော် . . . ။

၁၄. 'ကြိုက်ပုံရှိတဲ့မျက်နှာ' 'ဝန်းဝိုင်းတဲ့မျက်နှာ'
ပိုင်ရှင်အမျိုးသမီး ပိုင်ရှင်အမျိုးသား




ဒီဇနီးမောင်နှံမှာ ခင်ပွန်းဖြစ်သူက လူအေးတစ်ယောက် ဖြစ်ပြီး သွားလာနေထိုင်မှုက ငြိမ်ငြိမ်သက်သက် အေးအေးဆေး





ဆေးဘဲ။ စကားပြောဆိုရာမှာလည်း နူးညံ့သိမ်မွေ့တယ်။ လောဘ စိတ်နည်းတယ်။ ထမင်းပူ၊ ဟင်းပူကိုမစားချင်တဲ့လူမျိုးပေါ့ကွာ။ ဇနီးဖြစ်သူကတော့ ခင်ပွန်းကိုဩဇာပေးပြီး ပူပူဆူဆူလုပ်တယ်။ လောဘလည်းကြီးတယ်။ အသွင်မတူတဲ့အိမ်ထောင်ရေးဆိုတော့ အိမ်ထောင်သက်မရှည်ဘူး။ အိမ်ထောင်မမြဲဘူးလို့ ဆိုရမှာဘဲ။

၁၅။ 'ကြိုက်ပုံရှိတဲ့မျက်နှာ' 'စတုရန်းပုံကျတဲ့မျက်နှာ'
ပိုင်ရှင်အမျိုးသမီး ပိုင်ရှင်အမျိုးသား



ဒီဇနီးမောင်နှံကတော့ တစ်ဦးနဲ့တစ်ဦး သံလိုက်လိုဆွဲ ဆောင် ချည်နှောင်ရစ်ပတ်နေကြတယ်လို့ ပြောနိုင်တယ်။ တစ်ခါ တစ်ရံမှာတော့ မတူညီတဲ့စိတ်ခံစားမှုတွေ ဖြစ်ပေါ်လာတတ်ပါ တယ်၊ စီးပွားရေးအပိုင်းမှာလည်း မတူညီတဲ့ရည်ရွယ်ချက်တွေ ရှိ ကြပေမယ့် . . ဘယ်သူခွဲခွဲ သူတို့မကွဲကြပါဘူး။ ဥစ္စာနေကြွယ်ဝ ချမ်းသာတဲ့ မိသားစုကြီးတစ်ခုအဖြစ် တည်ဆောက်နိုင်ကြတယ်။ မနာလိုသူပေါ်တဲ့ ဇနီးမောင်နှံလို့လည်း ဆိုနိုင်တယ်။ ဇနီးသည် ဖြစ်သူက လူလတ်ပိုင်းရွယ်မှာ ကျန်းမာရေးချူချာတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၆။ **'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသမီး



**'တြိဂံပုံရှိတဲ့မျက်နှာ'** ပိုင်ရှင်အမျိုးသား



ဒီဇနီးမောင်နှံကတော့ . . တစ်ဦးအပေါ်တစ်ဦး နားလည်မှုပေးနိုင်ကြတယ်။ လိုက်ဖက်ညီတဲ့ ဇနီးမောင်နှံလို့လည်း ပြောလို့ရတယ်။ ဝါသနာချင်းတူသလို . . ရည်မှန်းချက်ချင်းလည်းတူတယ်။ အနုပညာကို နှစ်ဦးစလုံး ဝါသနာထုံတယ်။ သွားအတူ . . လာအတူ ပူးတွဲလွန်းတဲ့ ဇနီးမောင်နှံပေါ့ကွာ။ ခရီးသွားတာကိုလည်း နှစ်သက်တယ်။ နှစ်ဦးစလုံးက တင်းကျပ်တဲ့အိမ်ထောင်ရေးဘဝကို ရွံမုန်းကြတယ်။ တစ်ခါတစ်ရံမှာတော့ . . တစ်ဦးနဲ့တစ်ဦး အခိုက်မသင့်ဖြစ်ရင်တော့ ကြီးကြီးမားမားပေါက်ကွဲတတ်တယ်။ ဒါမျိုးကလည်း ဖြစ်ခဲ့ပါတယ်။

ကဲ . . . ဒီလောက်မှတ်စုထုတ်ထားနိုင်ရင်တော့ **'မျက်နှာကဲခပ်ဗေဒင်'** ပညာနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ဖြစ်အောင် မင်းရေးနိုင်ပါလိမ့်မယ်။

ကျွန်ုပ်။ ။ကျွန်တော် . . ကြိုးစားပါ့မယ်အစ်ကို . . ။

အစ်ကိုကြီး။ ။မင်း . . တရုတ်လူမျိုးတွေရဲ့ **'ယီချင်း'** အကြောင်းကိုသိလား . . ။

ကျွန်ုပ်။ ။သိပါတယ် . . ။ 'ယီချင်း'နဲ့ ပတ်သက်ပြီး တော်တော်လေ့လာထားပါတယ်။





အစ်ကိုကြီး။ ။ဒါဆိုရင် . . ဟော့ဒီဗိုက်ဘုတ်မှာ 'ထရိုင်ဂရမ်' (Trigrams) ရှစ်မျိုးကိုရေးပြစမ်း။

**မျဉ်းသုံးကြောင်းပုံ (Trigrams) သင်္ကေတ**

၁။  ကောင်းကင် (CHIEN)

၂။  မြေကြီး (KUN)


၃။  မိုးကြိုး (CHEW)

၄။  ရေ (KAN)

၅။  တောင် (KEN)

၆။  လေ (SUN)

၇။  မီး (LI)

၈။  ရေကန် (TUI)

အစ်ကိုကြီး။ ။အေး . . . မှန်တယ်။ အဲ့ဒီ 'ထရိုင်ဂရမ်' (Trigrams) ရှစ်မျိုးဟာ မျက်နှာပြင်ပေါ်မှာရှိတယ်။ ရှေးတုန်းက တရုတ်ပြည်က ပညာရှိကြီးတွေဟာ 'ယီချင်း'နဲ့ 'မျက်နှာကဲခပ်ဗေဒင်'ကို ရောသမမွှေပြီးတော့ . . ဆေးပညာရပ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ခါတ်အပ်စိုက်ကုထုံးနည်း တွေမှာသုံးတယ်။ အဲ့ဒါကို ဗဟုသုတအဖြစ်နဲ့ မှတ်ထားဖို့ပြောတာပါ။ ဟုတ်ပြီလား . . . ။

ကျွန်ုပ်။ ။အစ်ကို . . သင်ပြပေးတဲ့ 'မျက်နှာကဲခပ်ဗေဒင်'ကို ကျွန်တော် . . စာအုပ်တစ်အုပ်ဖြစ်လာအောင် ကြိုးစားပြီးရေးပါမယ်။

အစ်ကိုကြီး။ ။ကဲ . . ပြန်တော့ . . ပြန်တော့။ အချိန်တော်တော်ကြာသွားပြီ။ မင်းက 'ယိချင်း'ပညာကိုလေ့လာထားတယ်ဆိုလို့ ပြောရဦးမယ်။ ငါ့ကိုထောက်လှမ်းရေးတွေ ပိုက်စိပ်တိုက်ပြီးရှာနေတာကို ဖမ်းမမိအောင် . . ငါ'ယိချင်း'ပညာနဲ့ရှောင်တိမ်းနေတာဆိုတာကို မင်းသဘောပေါက်ရဲ့လား . . ။

ကျွန်ုပ်။ ။သဘောပေါက်ပါတယ်။ အစ်ကိုက 'ငြိမ်သက်ခြင်း' (Tai) ကျတဲ့နေရာတွေကို ရွေးပြီးပုန်းနေတယ်ဆိုတာ ကျွန်တော်သိပါတယ်။

အစ်ကိုကြီး။ ။ ဟုတ်တယ်ကွ . . ။ မင်း . . တယ်ဟုတ်နေပါလား . . ။မင်း . . အများကြီးညံ့နေတာကနေပြီး . . . နည်းနည်းလေးဘဲ ညံ့တော့တယ်။ ဒါပေမယ့် . . . လူတော်တစ်ယောက်ဖြစ်ဖို့တော့ အများကြီးလိုသေးတယ်။ စာများများဖတ်ပါ။ မင်းက . . စာဖတ်သိပ်နည်းတယ်။ မင်းရဲ့ဗဟုသုတက သုံညအဆင့်ပဲရှိတယ်။


ဝင်းဖော် (သစ်တာ)

## ဝင်းဖော် (သစ်တော) ရေးသားပြီးစာအုပ်များ


၁ ဝင်းဖော်(သစ်တော) နှလုံးသားလမ်းကြောင်းမှာကျွန်းခံသူများအကြောင်း
၂ ဝင်းဖော်(သစ်တော) လက္ခဏာအဟော (ပညာရေး၊ကျန်းမာရေး)
၃ ဝင်းဖော်(သစ်တော) စီးပွားရေးတားရော့ (ရောင်စုံကဒ်များဖြင့်)
၄ ဝင်းဖော်(သစ်တော) အချစ်ရေးတားရော့ (ရောင်စုံကဒ်များဖြင့်)
၅ ဝင်းဖော်(သစ်တော) လက်ထောက်တားရော့ဟောကိန်း
၆ ဝင်းဖော်(သစ်တော) မနောမယတားရော့ဟောကိန်း
(major+minor ရောင်စုံကဒ်အထုပ်)
၇ ဝင်းဖော်(သစ်တော) အတိတ်နိမိတ်သိမြင် ယိချင်းဗေဒင်+(ရောင်စုံကဒ်များဖြင့်)
၈ ဝင်းဖော်(သစ်တော) ဇော်သဗေဒစ်လေ့လာအသုံးပြုနည်း (ရောင်စုံကဒ်များဖြင့်)
၉ ဝင်းဖော်(သစ်တော) သာသနာ့အလုပ်
၁၀ ဝင်းဖော်(သစ်တော) မီးသီးယားတုတ်ကြီး
၁၁ ဝင်းဖော်(သစ်တော) မြန်မာတို့ရဲ့ပုန်းရွှေ
၁၂ ဝင်းဖော်(သစ်တော) သင့်အတွက် ဘဝတစ်သက်တာဟောစာတမ်း
၁၃ ဝင်းဖော်(သစ်တော) ကောင်းကျိုးပေးစေသော နာမည် မှည့်ခေါ်နည်းများ
၁၄ ဝင်းဖော်(သစ်တော) စပွန်ဆာရှင်းတမ်းနှင့်နှလုံးသားကြေငြာစာတမ်း (ဝတ္ထု)
၁၅ ဝင်းဖော်(သစ်တော) ထီထိုးနည်း
၁၆ ဝင်းဖော်(သစ်တော) မင်္ဂလာရက်မြတ်လက်ထပ်တော့မည်ဆိုလျှင်
၁၇ ဝင်းဖော်(သစ်တော) ဗေဒင်မမေးနဲ့ဆန်ကုန်မယ်


www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

**ဆရာကြီး မင်းသိင်္ခ ၏**

လျှို့ဝှက်နက်နဲသော

# မျက်နှာကဲခပ်ဗေဒင်

"ဝင်းဇော် . . . မင်းတစ်ယောက်တည်းကိုပဲ၊ ငါသင်ပေးခဲ့တဲ့

'မျက်နှာကဲခပ် ဗေဒင်' ပညာကို ငါမရှိတော့တဲ့နောက်ပိုင်း၊

ငါ့သားတပည့်၊ မြေးတပည့်တွေကို လက်ဆင့်ကမ်းလိုက်ပါကွာ"

---

ရှာဖွေစုဆောင်းတင်ပြသူ

**ဝင်းဇော် (သစ်တော)**

www.burmeseclassic.com